www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ယဉ်မိုးပိုင်
(ဆောင်းညပြာသို စာပေ)
အမှတ် - ၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်နီနီနိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - သီရိမေ

ကွန်ပျူတာစာစီ - မေသန့်စင်

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ
(ပထမအကြိမ်)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၀၀ ကျပ်

၈၉၅.၈၃

ဟော့လိုင်း

Feb 14 အချစ်ရေကြီးခြင်းသတိပေးချက်/ ဟော့လိုင်း–ရန်ကုန်
ဆောင်းညပြာသိုစာပေ၊ ၂၀၁၃၊ ဖေဖော်ဝါရီလ
၁၆၆ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ
(၁) Feb 14 အချစ်ရေကြီးခြင်းသတိပေးချက်


*ရှေ့ရုပ်လွှာ ....တဲ့*

*နုသမည်လေး ကကမျှ ဆန်းသလို မင်းရဲ့အပြုံးလေးတွေကလည်း မဟာဆန်ပါတယ် မိန်းကလေး ရယ်.. ဘယ်အချိန်ကြည့်ကြည့် လူကို မရိုး မရှုပြစ်စေတဲ့ မင်းရဲ့ရင်အစုံနှစ်မွှာနဲ့ တင်ပဆုံလွှာဟာ ရင်ခုန်စရာအချက်တွေထဲက တစ်ခုပေါ့... ကုဋေတစ်သန်းရဲ့ ခြေလှမ်းလိုက်ရင် ရေအဖျန်းမှာ ကပ်သွားတဲ့ Body-structure ကလည်း ငါ့အတွက်တော့ စိတ်ကြွရူး သွပ်ဆေး ပြားတစ်ပြားပါပဲ.. တော်ဝင်နန်း မထိုက်ပေမယ့် ပျော်ရင် နှုတ်ခမ်းကိုက်တတ်တဲ့ အမူအကျင့်လေးတွေဟာ ကျော်စင်သန်းထိုက်ဆိုတဲ့ ကိုယ့်ကိုမြူဆွယ်နေရော့ သလား.. ပန်းမပန်ပေမယ့် နန်းဆန်နေတဲ့ ချစ်သူလေးကို ရိုးရိုးလေးပဲ ပြောချင်တယ်...*

*ရူး ရတော့မယ် ရုပ်လွှာ ရယ်*

တကယ်တော့ အချစ်ဆိုတာ ဘာမှန်းမသိ။ အချစ်နဲ့တွေ့ရင် လူတိုင်းဟာ ကဗျာဆရာဖြစ်သွားတတ်သည်တဲ့။ ဒီလိုဆို ကျော်စင်သန်းထိုက်ဆိုသော ကျွန်တော်လည်း ကဗျာဆရာတစ်ယောက် ဖြစ်နေပြီပေါ့။ သူများတွေက အချစ်ဆိုတာကို လွယ်လွယ်လေး အဓိပ္ပာယ်ဖွင့်ဆိုတတ်ကြပေမယ့် ကျွန်တော့်အတွက်တော့ ကျားမြီးဆွဲပြီး မျှားသုတ်ရသလို

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com



ခက်သည်။ ဘာလို့လဲဆိုတော့ ရွှေရုပ်လွှာရဲ့ အချစ်ကိုရဖို့ သုံးနှစ်သုံးမိုး ကြိုးစားခဲ့ရသည်ကိုး။ အခုထိလည်း မရသေး။ ဒီနေ့ခေတ်ကြီးမှာ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ ခြောက်လထက်ကြိုးစားသူမရှိ။ မရမှန်းသိလျှင် တခြားတစ်ယောက်ပြောင်းပြီး ပစ်မှတ်ရှာသည်။ ကျွန်တော်ကတော့ ဒီလိုမဟုတ်။ အစွဲအလမ်းကြီးတယ်ပဲဆိုဆို၊ တဇောကြီးတယ်ပဲ ပြောပြော သူမှသူ။ သူ့ကိုမှ မရလျှင် ဘယ်မင်းသမီးမှ မယူ။ စားလည်းသူ၊ သွားလည်းသူ၊ အိပ်လည်းသူ၊ အိမ်သာတက်လည်း သူ၊ နောက်ဆုံး အဘွားရဲ့ အသုဘလိုက်ပို့တာတောင် ပိုဖို့မေ့ပြီး အခေါင်းမှာ သူ့မျက်နှာလေး မြင်နေမိသည်။

အဲဒီလောက်တောင် ကျွန်တော့်စိတ်ကို အပိုင်စီးထားသည့် မိန်းကလေး ဘာတွေများ ထူးခြားသလဲဟု မမေးပါနှင့်။ ကိုင်ထင် ကုတင် ရွှေနန်းဆိုသလို ရင်ညွှန့်မှာ မှဲ့လေးပါတာက အစ၊ ပေါင်မှာ အမာရွတ်ကလေး ရှိတာအဆုံး မျက်လုံးထဲမှာ ဖျောက်မရသော စွဲလမ်းမှုလေးတွေ ဖြစ်သည်။ဒါတင်မကသေး။ သူ့ရဲ့စိတ်နဲ့ ညကြီးသန်းခေါင် ထပြီးယောင် သြော်. . . ငါအမြီးထောင်နေပါလားဆိုပြီး စမ်းကြည့်မှ ဟင်ငါ့မှာ အမြီးမှ မရှိဘဲ။ ဒါဖြင့်ရင် ထောင်နေတာဘာလဲ၊ သြော်. . . ဒူးခေါင်းနှစ်လုံးကိုး. . . သူ့အကြောင်းကို အိပ်ရာထဲမှာ ဒူးထောင်ပြီး စဉ်းစားမိတာ လန့်နိုးတော့မှ သတိရတယ်ဟု သက်ပြင်းချရတာလည်း ညစဉ်။

အဲဒီလောက်တောင် ကျွန်တော့်ကို ညို့ချက်ပြင်းပြင်းနှင့် ရူးသွပ်စေတဲ့ ရွှေရုပ်လွှာ။

သူနဲ့စတွေ့တာ ဒီလို ဖြစ်သည်။



## အခန်း (၁)

ဒီနေ့က ပထမဆုံး အလုပ်စဆင်းတဲ့ရက်ဆိုတော့ တက်ကြွနေတာ အမှန်ပင်။ ပြီးတော့ သူ့အလုပ်က မပင်ပန်း။ ပန်းဥယျာဉ်တစ်ခုလုံးကို ခြေအေးဝမ်းရောင် လျှောက်သွားပြီး ဖြစ်ပျက်သမျှ ကိစ္စအဝဝကို အစီရင်ခံစာ ရေးရန်ဖြစ်သည်။ နဂိုတည်းကမှ စာရေးဝါသနာပါသူဖြစ်သောကြောင့် ပင်ပင်ပန်းပန်း မလုပ်ချင်သော ကျော်ဇင်သန့်ထိုက်အတွက် ဒီအလုပ်က အံကိုက်။

မနက် ခုနစ်နာရီထိုးလို့ မန်နေဂျာရုံးခန်းထဲ ဝင်လိုက်တယ် ဆိုရင်ပဲ မန်နေဂျာမမကြီး မှုံနံ့သာက သူ့ကို စာရွက်တစ်ရွက် ထုတ်ပြသည်။

“ထိုင်. . . . မောင်ကျော်ဇင်. . . . . မင်းလုပ်ရမယ့်အလုပ် အတွက် နမူနာ မက ပြတာ၊ ဒီစာရွက်ဟာ အရင်က မင်းနေရာမှာ လုပ်သွားတဲ့ အစ်ကိုကြီးတစ်ယောက်ရဲ့ နေ့အလိုက် Report စာရွက်ပေါ့ ဖတ်ကြည့်၊ မင်းလည်း တစ်နေ့ တစ်ရွက် အဲဒီလိုပုံစံ ရေးရမယ်”

ကျော်ဇင်သန့်ထိုက် မန်နေဂျာမမကြီး ပေးသော လက်ထဲမှ စာရွက်တစ်ရွက်ကို ယူကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၉-၁၁-၂၀၁၁ နေ့စဉ်မှတ်တမ်း မောင်ကောင်းမြတ်လင်း

| စဉ် | အကြောင်းအရာ | အချိန် |
|---|---|---|
| ၁။ | ရုံးသို့ စရောက်ပါသည်။ | ၇း၀၀ |
| ၂။ | ဝန်ထမ်းများ ကတ်ပြား ချိတ် မချိတ် လိုက်လံ စစ်ဆေးပါသည်။ | ၇း၁၅ - ၈း၀၀ |
| ၃။ | ရုံးရှေ့ရှိ မြက်ခင်းများ ရှည်နေ၍ ဦးခင်မောင်အား ရိတ်ခိုင်းခဲ့ပါသည်။ | ၈း၀၀ - ၈း၁၅ |
| ၄။ | ဂိတ်ပေါက်ရှိ ဝန်ထမ်းများအား စစ်ဆေးရာ မဝင်းဝင်းလဲ့မှ ယူနီဖောင်း မဝတ်ရသေးသဖြင့် သတိပေးခဲ့ပါသည်။ | ၈း၃၀ |
| ၅။ | လှေဆိပ်ကို လိုက်လံစစ်ဆေးရာ လှေတစ်စီး ပေါက်နေသဖြင့် တာဝန်ကျ ဝန်ထမ်းတစ်ဦးအား ပြင်/ထိန်းနှင့် တိုင်ပင်ပြီး အမြန်ဆုံးဖာရန် တာဝန်ပေးခဲ့ပါသည်။ | ၈း၃၅ - ၉း၀၀ |
| ၆။ | ကလေးကစားကွင်း၌ ကလေးများ အန္တရာယ်ဖြစ်စေမည့် ဆူး၊ ဓားသွား၊ အချွန် ရှိမရှိ နေရာအနှံ့လိုက်လံ စစ်ဆေးပါသည်။ | ၉း၀၀ - ၁၀း၀၀ |
| ၇။ | အစည်းအဝေးထိုင်ပါသည်။ | ၁၀း၁၅ - ၁၁း၃၀ |
| ၈။ | အရောင်းကောင်တာရှိ ဝန်ထမ်းများအား အစားအသောက် သန့်ရှင်းမှု ရှိမရှိ ပစ္စည်းကိရိယာအကွဲအရှ ရှိမရှိ လိုက်လံစစ်ဆေးပါသည်။ | ၁၁း၃၅ - ၁၂း၀၀ |
| ၉။ | ဂျူတီသိမ်း | ၁၂း၁၀ |





စာရွက်ကို ဖတ်ပြီးသွားသောအခါ မန်နေဂျာမမကြီးက မေးသည်။

"မောင်လေး. . . . မရှင်းတာရှိလား"

"ရှိတယ်. . . . မမ"

"ဘယ်နေရာလဲ"

"ကျွန်တော် မုတ်ဆိတ်မွေးတွေ မရှင်းရသေးဘူး၊ ကြိုက်လို့ အရှည်ထားထားတာ"

"ဟဲ့. . . . နင့်ကို အဲဒါပြောတာ မဟုတ်ဘူး. . . . Report စာရွက်ကို ဖတ်ပြီး မရှင်းတာ ရှိလားလို့ မေးတာ"

နားလည်မှု လွဲမှားသွားသော မြန်မာစကားကြောင့် ကျော်ဇင်သန်းထိုက် ကိုယ့်နဖူးကိုယ် ရိုက်လိုက်သည်။

"ဟာ. . . . ဆောရီးပဲ မမရာ၊ ကျွန်တော်က ဝန်ထမ်းတွေရဲ့ စည်းကမ်းချက်ထဲမှာ ဆံပင်နဲ့မုတ်ဆိတ် အရှည်မထားရဘူးလားလို့ ထင်ပြီး ပြောလိုက်တာ. . . . မမမေးတာကလည်း မရှင်းတဲ့နေရာ ရှိလားဆိုတော့ ကျွန်တော် မရှင်းဘဲထားတာ ဆံပင်ရှည်နဲ့ မုတ်ဆိတ်ပဲ ရှိတယ်၊ ဒါကြောင့် ရောသွားတာပါ၊ စာကို ကျွန်တော် နားလည်ပါတယ် မမ"

ထိုအခါမှ မန်နေဂျာမမကြီးက ခေါင်းညိတ်လိုက်သည်။

"အေး. . . . အေး၊ ရှင်းရင်ပြီးရော၊ မမတို့ကုမ္ပဏီကတော့ ဝန်ထမ်းတွေကို Free စတိုင် ကြိုက်တာလုပ်ခွင့်ပေးထားပါတယ်၊ ဆံပင်ရှည် မထားနဲ့၊ မုတ်ဆိတ်ရိတ်ဆိုပြီး၊ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ချုပ်ချယ်တဲ့ ကုမ္ပဏီထဲမှာတော့ မပါဘူး. . . တစ်ခုပဲ. . . . ဆံပင်အရှည်ထား ပြီးကြပ်ရေးမှူးဆိုတော့ အောက်က ဝန်ထမ်းတွေ လေးစားမှုရှိအောင် ဖုတ်ဖုတ်နဲ့ ရှုပ်အကျီပဲဝတ်ရမယ်၊ ဆေးလိပ်မသောက်ရဘူး အရက်မသောက်ရဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းမစား၊ ဘိန်းမရှုရဘူး၊ နားကွင်း မတပ်ရဘူး၊ တက်တူး မထိုးရဘူး၊ လမ်းလျှောက်ရင် ပုဆိုးမ မလျှောက်ရဘူး၊ လမ်းသရဲ လက်စွပ်တွေ မဝတ်ရဘူး၊ လမ်းဘေးမှာ ချရောင်းတဲ့ အပေါစား ဂေါ်ဆွဲကြိုးတွေ မဆွဲရဘူး၊ ဆံပင်ကို အနက်နဲ့ အဖြူကလွဲပြီး တခြားအရောင် မဆိုးရဘူး၊ အဲဒီစည်းကမ်းချက်လေးတွေပဲ လိုက်နာရ မှာပါ။ ဒါကိုလည်း မင်းက လိုက်နာနိုင်တယ်ဆိုလို့ ဒီနေ့ စဆင်း ခိုင်းလိုက်တာပဲ. . . . ဪ မေ့လို့ နောက်ထပ် စည်းကမ်းချက်တစ်ခု ဒီနေ့ပဲ MD က ထပ်ထုတ်လိုက်တယ်. . . . ကြီးကြပ်ရေးမှူးက နှုတ်ခမ်းနီ မဆိုးရတဲ့”

ကျော်ဇင်သန်းထိုက် မျက်နှာကြီး ရှုံ့မဲ့သွားသည်။

“မမရယ် ကျွန်တော်က ယောကျ်ားလေးပါ နှုတ်ခမ်းနီ ဆိုးပါ့မလား”

“ဒါကတော့ ပြောမရဘူးလေ. . . . တချို့ယောကျ်ားလေးတွေတောင် နှုတ်ခမ်းရဲဆေးဆိုးပြီး ဆိုးကြသေးတာပဲ. . . . တချို့ကတော့ နှုတ်ခမ်းနီဆိုးပြီး ရဲအောင်လုပ်တယ်။ ကြီးကြပ်ရေးမှူးက ယောကျ်ားလေး ဖြစ်ပြီး နှုတ်ခမ်းနီဆိုးရင် အောက်က ဝန်ထမ်းတွေက တို့ခေါင်းဆောင်က အခြောက်ကြီးလို့ ကွယ်ရာမှာ ဝိုင်းလှောင်မှာစိုးလို့ ကြီးကြပ်ရေးမှူးလုပ်တဲ့သူက နှုတ်ခမ်းနီမဆိုးပဲ သဘာဝအတိုင်းပဲ ထားပါတဲ့”

ကျော်ဇင်သန်းထိုက်က ထိုအချက်ကိုလည်း ချွင်းချက်မရှိ လက်ခံလိုက်သည်။

“စိတ်ချပါ မမ. . . . ကျွန်တော် နှုတ်ခမ်းနီဆိုးတာ ဝါသနာမပါ ပါဘူး၊ ဒါဆို ကျွန်တော် အခုပဲ လုပ်ငန်းခွင်ဝင်လို့ ရပြီပေါ့”

“ခဏလေး”

“ဘာများလဲ မမ”

“Report ရေးတာနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ”





“ဟုတ်ကဲ့ ပြောပါ”

“မင်း ခုနက ဖတ်လိုက်တဲ့ ကြီးကြပ်ရေးမှူးဟောင်း ကောင်းမြတ်လင်းရဲ့စာလိုမျိုး နေ့စဉ် မင်းလုပ်တဲ့ အလုပ်တွေကို မှတ်တမ်းရေးရမယ်. . . . ဒါပေမယ့် တချို့ကိစ္စတွေမှာ သူ့လိုပဲ ထပ်တူ ကျစရာ မလိုဘူး၊ ဥပမာကွာ သူက သူလုပ်သွားတဲ့ အလုပ်တွေကိုပဲ တန်းစီပြီး ရေးတာ၊ ဘာအိုင်ဒီယာမှ မပါဘူး၊ မင်းက ကိုယ်လုပ်တဲ့ အလုပ်အပြင် ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ကိစ္စလေးတွေကိုလည်း မှတ်တမ်းရေးနိုင်ရမယ်. . . . ဥပမာ မင်းက ဝန်ထမ်းတစ်ယောက်ကို သန့်ရှင်းရေး တာဝန်ပေးထားတယ် ဆိုကြပါစို့။ အဲဒီအချိန်မှာ ငါတို့ ပန်းဥယျာဉ်ထဲကို ရှုတင်ရိုက်ကွင်းကားကြီးတစ်စီးဝင်လာမယ်ဆိုရင် မင်းက အဲဒါကိုလည်း မျက်ခြည်မပြတ်စေနဲ့၊ ဆိုလိုတာက ကိုယ့်အလုပ် ကိုပဲ မဲမနေနဲ့ပေါ့ကွာ. . . . ရှုတင်ရိုက်ကွင်းက မင်းသား ဘယ်သူ မင်းသမီး ဘယ်သူ ဘယ်နေရာမှာဘာကြော်ငြာ၊ ဘာဇာတ်လမ်းရိုက် သွားပါတယ်ပေါ့၊ အဲဒီလို ပတ်ဝန်းကျင်က အဖြစ်အပျက်လေးတွေပါ ထည့်ရေး၊ အဲဒါမှ ငါတို့က မင်းရဲ့ အစီရင်ခံစာကို ဖတ်လိုက်တဲ့အခါမှာ ဪ ငါတို့ ကုမ္ပဏီက ကြီးကြပ်ရေးမှူးက အားကိုးရတယ်. . . . သူ့အလုပ်အပြင် တို့ပန်းဥယျာဉ်ထဲမှာ ဖြစ်ပျက်နေတဲ့ ကိစ္စအဝဝကိုပါ သိတယ်. . . . လိုချင်တဲ့ အချက်အလက်တွေ ရှာချင်ရင် သူ့ရဲ့ Report ဖတ်လိုက်တာနဲ့ သိတယ်ဆိုပြီး ချီးကျူးလာမယ်. . . . ဟောကောင်း၊ ပြောကောင်း နောက်ဆုံး ငါတို့ ပန်းဥယျာဉ်ထဲမှာ လူသတ်မှု ဖြစ်သွားတယ်ဆိုရင်တောင် မင်းက ဘယ်နေ့မှာတော့ဖြင့် ဘယ်အသွင်နဲ့ ဘယ်အတွဲက ချိန်းတွေ့တာ မူမမှန်ပါဘူး. . . . ကောင်လေးရဲ့ မျက်လုံး တွေက လူသတ်ငွေ့တွေ ပါနေတယ်၊ ကောင်မလေးကို သတိပေးထား



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့တွဲပြီး တိတ်တဆိတ် လုပ်ကြံချင်တဲ့အရိပ်အငွေ့တွေကို တွေ့နေရတယ် စသဖြင့် အဲဒီလို ထူးခြားချက်လေးတွေ ထည့်ရေးပေါ့ကွာ. . . အဲဒါဆိုရင် မင်းရဲ့ Report ကို ဖတ်ပြီး တရားခံကို ကွင်းဆက်လိုက်လို့ရတယ်. . . . အဲဒါဆို မင်းရဲ့စွမ်းဆောင်မှု အရည် အသွေးတွေ ပေါ်လွင်လာမှာပဲ. . . . အရည်အချင်းရှိတဲ့ လူတစ်ယောက် အတွက် ငါတို့ MD က လစာကောင်းကောင်းပေးဖို့ လက်မနှေးပါဘူး၊ ပထမ မင်းအရင် ကြီးကြပ်ရေးမှူးဆိုရင် Report ရေးတာ တစ်နေ့ တစ်နေ့ ဒါလုပ်ပြီး ဒါလုပ်၊ ဒါလုပ်ပြီး ဒါလုပ်၊ ဒါတွေပဲ ထပ်နေတော့ ဘာမှထူးပြီး တိုးတက်မလာလို့ သုံးလစာပေးပြီး ဖြုတ်လိုက်တာ၊ သူ လုပ်ရမယ့် အလုပ်က လွဲပြီးတော့လည်း ဘာမေးမေး မသိဘူး၊ မင်းကတော့ အဲဒီလို မဖြစ်စေနဲ့ပေါ့. . . . ခေတ်လူငယ်ပဲကွာ. . . အမြဲတမ်း ရှေ့ပြေးနေရမယ် ဖြတ်ထိုးဉာဏ်ကောင်းရမယ်. . . ချက်ဆို နားကွက်က မီးတောက်ရမယ်. . . ဒါဆိုရင် မင်းဘဝရဲ့ တိုးတက်အောင်မြင်ခြင်း လမ်းစပဲ"

ကျော်ဇင်သန်းထိုက် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ. . . . ကျွန်တော် ပတ်ဝန်းကျင်မှာ ဖြစ်ပျက်သမျှ အရာအားလုံးကို မျက်စိရှင်ရှင် နားရှင်ရှင်ထားပြီး အကောင်းဆုံးဖြစ်အောင် ရေးပါ့မယ်"

"ကောင်းပြီ. . . . ဒါဆို အခုက စဆင်းတော့"

ကျော်ဇင်သန်းထိုက်တစ်ယောက် မန်နေဂျာမကြီး ပြောသည့် အတိုင်း ပတ်ဝန်းကျင်ကိုမျက်ခြည်ပြတ်မခံဘဲ Report ရေးလိုက်သည်။ ရေးပြီးတော့ သူရေးတဲ့ စာရွက်ကို မန်နေဂျာရုံးခန်းက စားပွဲပေါ် တင်ထားခဲ့လေသည်။

နောက်နေ့ မန်နေဂျာမကြီး မှုံနံသာ ယူဖတ်လိုက်သောအခါ





မောင်ကျော်ဇင်သန်းထိုက် နေ့စဉ်မှတ်တမ်း ၁၄-၂-၂၀၁၂

| စဉ် | အကြောင်းအရာ | အချိန် |
|---|---|---|
| ၁။ | နှုတ်ဆက်ရောက်ပြီး မန်နေဂျာမမှုံနံသာနှင့် လုပ်ငန်းကိစ္စများကို ပြောဖြစ်ကြပါသည်။မမှုံနံသာကပတ်ဝန်းကျင်ကို မျက်ခြည်ပြတ်မခံဘဲ Report ရေးရန် တိုင်ဒီယာ ပေးခဲ့ပါသည်။ | ၇း၀၀-၇း၁၅ |
| ၂။ | ပထမဦးစွာ ပန်းဥယျာဉ် ဂိတ်ပေါက်ရှိ ဝန်ထမ်းများကို ကတ်ပြားချိတ် မချိတ်စစ်ဆေးနေစဉ် ပန်းခြံထဲသို့အတွဲတစ်တွဲဝင်လာပါသည်။သူတို့နှစ်ဦး၏အမူအရာမှာ ထူးခြားနေသောကြောင့်မမှုံနံသာပြောသလိုမျက်ခြည်ပြတ်မခံဘဲ နောက်မှမယောင်မလည် လိုက်သွားခဲ့ပါသည်။ ထိုအခါ လမ်းမှာ ကောင်မလေး၏ရိုက်သံ တစ်ချက်တစ်ချက် ကြားခဲ့ရပါသည်။ | ၇း၂၀-၇း၃၀ |
| ၃။ | သူတို့နှစ်ဦးရွေးချယ်လိုက်သည့်နေရာမှာ သစ်ပင်ကြီးတစ်ပင်နားရှိ ခုံတန်းလျားလေး ဖြစ်ပါသည်။ကျွန်တော်သစ်ပင်အကွယ်မှ ချောင်းကြည့်ရာ ကောင်မလေးက ကောင်လေး၏ရင်ခွင်ထဲမှာ ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။ပြီးတော့ပြောသည်မှာ"မောင် ကျွန်မမှာ ကိုယ်ဝန် နှစ်လရှိနေပြီ ဘယ်လိုလုပ်ကြမလဲ" ဟူ၍ဖြစ်သည်။ ထိုအခါ ကောင်လေးက"စိတ်မပူပါနဲ့ မရယ်. . . အိုဘီမင်ရှိပါတယ်" ဟု ပြောသည်။ ထိုအခါ ကောင်မလေးက ကောင်လေး၏ရင်ဘတ်ကို တဘုန်းဘုန်းနှင့် ထုရိုက်ပစ်ပါသည်။ ပါးစပ်မှလည်း "ရှင်လုပ်ချင်ရာ လုပ်ပြီးတော့မှ အိုဘီမင်နဲ့ နှစ်သိမ့်တာလား၊ မရဘူး၊ ဒီကိစ္စကို ဘယ်လို တာဝန်ယူမှာလဲ ပြော" ဟု တရစပ် မေးပါတော့သည်။ ထိုအခါ ကောင်လေးက ကောင်မလေး၏ လက်နှစ်ဖက်ကို ချုပ်ကိုင်ပြီး "မ မဆိုးနဲ့ ကွာ၊ မောင် နည်းလမ်း ရှာလိုက်ဦးမယ်" ဟု ပြောကာ နာရီဝက်ခန့် နှစ်ယောက်သား မျက်နှာချင်းဆိုင်၍ စဉ်းစားကြပါသည်။ ကျွန်တော်ပင် မကြည့်ရဲသဖြင့် မျက်နှာလွှဲထားရသည်။ နောက် ခဏကြာတော့ ရထားနှင့်ဖြတ် ရှာဖွေရေးလုပ်ကြပါတော့သည်။ ခဏအကြာ ကောင်မလေး၏ ရင်ညွှန့်ဆီမှ စာရွက်လေးတစ်ရွက် ထွက်ကျလာပါသည်။ ကောင်မလေး၌ ကိုယ်ဝန်နှစ်လ အမှန်တကယ် ရှိနေကြောင်း ဆရာဝန် ထောက်ခံချက် စာရွက်ဟု ဆိုပါသည်။ ထိုအခါ ကိုယ်ဝန်မှာ ကောင်လေး၏ကိုယ်ဝန်လား ဆရာဝန်၏ ကိုယ်ဝန်လား ငြင်းကြခုန်ကြရင်း ထသတ်ရာမှ နပန်းဖက်လုံးသည့်အဆင့်အထိ ရောက်သွားပါတော့သည်။ ကျွန်တော်လည်း ကြီးကြပ်ရေးမှူး တာဝန်အရ ဝင်ဖျန်ဖြေ မနေသာတော့ဘဲ ချောင်းနေရာမှထွက်၍ဖျန်ဖြေပေးရပါတော့သည်။ကောင်လေးကိုလည်း နှာခေါင်းကို ရိုက်ပြလိုက်မှ နှစ်ယောက်သား ကြည်ကြည်လင်လင်ဖြစ်သွားပြီး ပဲ့ဖက်၍ ပြန်သွားပါတော့သည်။ ထိုအချိန် လက်ပတ်နာရီကို ကြည့်လိုက်ရာ ၁၂:၀၀ နာရီထိုးပြီဖြစ်သည်။ | ၇း၃၀-၁၂း၀၀ |
| ၄။ | ကွက်ထဲ[illegible] | ၁၂:၀၀ |



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်သန်းထိုက်ရဲ့Report ကို ဖတ်ရင်း မန်နေဂျာမမကြီး စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သည်။

"ဟူး. . . ငါ့ဝန်ထမ်းအသစ်ကတော့ လုပ်ချလိုက်ပြီ. . . ငါက ဥပမာပေးတာကို တစ်နေကုန် အတွဲချောင်းပြီး ဂျူတီသိမ်းသွားတယ်. . . လာမှ ပြောရဦးမယ်"

သိပ်မကြာလိုက်ပါ။ ကျော်ဇင်သန်းထိုက် ရုံးခန်းထဲကို ဝင်လာပါသည်။ မြန်မာစံတော်ချိန် ၇း၁၅။

"ဆောရီးပါ မမ. . . ကျွန်တော် ၁၅ မိနစ် နောက်ကျသွားတယ်"

"ကိစ္စမရှိပါဘူး. . . . ထိုင်ပါဦး. . . . မင်းကို ပြောရဦးမယ်"

ကျော်ဇင်သန်းထိုက်က မန်နေဂျာမမကြီး စားပွဲရှေ့ထိုင်ခုံမှာ ထိုင်လိုက်ရင်း သူမပြောလာမည့်စကားကို ကြိုသိနေသည့်အလား။

"ကျွန်တော် တောင်းပန်ပါတယ် မမ၊ မမပြောတဲ့အတိုင်း ဖြစ်မှာစိုးလို့ အဲဒီအတွဲ စဝင်လာကတည်းက ကျွန်တော် လိုက်ချောင်းနေခဲ့တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဂိတ်ဝမှာလက်မှတ်ဖြတ်ကတည်းက ကောင်မလေးရဲ့မျက်လုံးတွေက ငိုထားလို့ အစ်နေတဲ့ပုံစံဖြစ်နေတယ်၊ ကျွန်တော် မသင်္ကာလို့ လိုက်ချောင်းရင်း အချိန်ကုန်သွားတာပါ"

မန်နေဂျာမမကြီးက ခေါင်းကို ခါယမ်းလိုက်သည်။

"ငါက မင်းကို ဥပမာပေးတာကွ၊ မင်းက တကယ်လုပ်ချလိုက်တာပဲ၊ ပြီးတော့ စာထဲမှာရေးထားတာ သူတို့အတွဲရဲ့ လှုပ်ရှားပုံကိုပါ ခရေစေ့တွင်းကျဆိုတော့ ငါ့မှာဖတ်ရင်းနဲ့ ရှက်တောင်ရှက်တယ်၊ အဲဒီလောက် မလိုဘူးကွ၊ သဘောလောက်ဆို ရပြီ၊ နောက်ဆို မလိုအပ်တဲ့ ကိစ္စတွေနဲ့ အချိန်မကုန်စေနဲ့"

"ဟုတ်ကဲ့ပါ. . . ဒီတစ်ခါ ကျွန်တော် သတိထားပါ့မယ်"





"အေး. . . ဒါဆိုလည်း ပြီးရော. . . . မင်းရဲ့ Report ကို တစ်ပတ်တစ်ခါMD က စစ်မှာဆိုတော့ ရေးတဲ့အခါ အဖြစ်အပျက်တစ်ခုကို သေသေချာချာ ပြည့်ပြည့်စုံစုံရေး. . . . မနေ့က အတွဲချောင်းတဲ့ကိစ္စမျိုးက လွဲပြီးတော့ပေါ့"

"ဟုတ်ကဲ့ပါ. . . ဒီတစ်ခါ မလွဲစေရပါဘူး"

"ကောင်းပြီ. . . . ဒါဆို ဂျူတီဝင်လို့ရပြီ"

"ဟုတ်ကဲ့. . . ခွင့်ပြုပါဦး"

"ကြွ. . . ကြွ"

ကျော်ဇင်သန်းထိုက် စာရွက်နှင့် ဘောပင်ကိုယူပြီး မန်နေဂျာရုံးခန်းထဲမှ ထွက်ခွာသွားတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီနေ့ အလုပ်လုပ်ရတာ နှစ်ရက်မြောက်နေ့ဆိုတော့ အဆင်ပြေသလိုလို ရှိလာသည်။

မန်နေဂျာမမကြီးက အလုပ်မဆင်းခင်ကတည်းက ပန်းဥယျာဉ်တစ်ခုလုံးက ဝန်ထမ်းတွေနှင့် မိတ်ဆက်ပေးပြီးသားဖြစ်သဖြင့် အခက်အခဲမရှိ။ ဝန်ထမ်းအားလုံးကလည်း သူတို့အပြစ်လုပ်မိလျှင် Report ထဲ ထည့်ရေးတာ ခံရမည်စိုးသောကြောင့် အဆင်ပြေအောင်ပေါင်းကြသည်။

အဲဒီထဲမှာ မိန်းကလေးတွေက အဆိုးဆုံး။ ကြီးကြပ်ရေးမှူးဆိုတော့ ကျော်ဇင်သန်းထိုက်ကို ကိုကြီးကျော် ကိုကြီးကျော်နှင့် ဖားနေကြသည်။

"ကိုကြီးကျော် စားပြီးပြီလား"

လက်မှုပစ္စည်းအရောင်းကောင်တာထဲ ဝင်လိုက်သည်နှင့် မေသီဂီဆိုသော ဝန်ထမ်းမလေးက စ ဖားတော့သည်။

"မစားရသေးဘူး သီဂီကျွေးမလို့လား"

"ကောင်တာအနောက်ကို လာခဲ့လေ၊ လူမမြင်အောင်





ခိုးကျွေးမယ်"

"ဟမ်. . . ဘာကို ပြောတာလဲ"

ကျော်ဇင်သန်းထိုက် မျက်လုံးပြူးသွားသည်။

"ဘာလဲ. . . ထမင်းကို ပြောတာလေ . . . ကောင်တာအနောက်မှာ ထမင်းချိုင့်ရှိတယ်၊ ဒီအချိန်က ထမင်းစားချိန် မဟုတ်သေးလို့ မန်နေဂျာ မမြင်အောင် ခိုးကျွေးမယ်လို့ ပြောတာပါ"

"ရပါတယ် သီဂီရယ်. . . . ကိုယ်က အလကားစတာပါ. . . ထမင်းစားချိန်ရောက်မှ အတူစားကြမယ်လေ၊ ကိုယ့်အိမ်မှာ ဒီနေ့ ဝက်သားချက်တယ်"

ထိုအခါ အခြားဝန်ထမ်းတစ်ဦးဖြစ်သော ရွှေရည်က ဝင်၍

"ဟယ်. . . တကယ်လား၊ အဲဒါဆို အတော်ပဲ တို့အိမ်က ကန်စွန်းရွက်ချက်တယ်၊ လဲစားကြမယ်လေ"

"ဟမ်. . . မရပါဘူးနော်. . . ငါက ချဉ်ပေါင်ကြော်. . . ကိုကြီးကျော်နဲ့ လဲစားမှာ"

နှစ်ယောက်သား ကန်စွန်းရွက်နှင့် ချဉ်ပေါင် ဝက်သားကို အပြိုင်လုကြတော့သည်။

"ကဲ. . . ကဲ တော်ကြပါတော့ နှစ်ယောက်လုံးကို စိတ်ချမ်းသာအောင် စားပေးပါ့မယ်. . . . ဟုတ်ပြီလား"

"ဟမ်. . . ဘာပြောတာလဲ"

ဒီတစ်ခါ မျက်လုံးပြူးသွားတာက သီဂီနှင့်ရွှေရည်။

"ဩော်. . . မဟုတ်ပါဘူး. . . နှစ်ယောက်လုံးရဲ့ဟင်းတွေ စားပေးပါ့မယ်လို့ ပြောတာပါ. . . ကိုယ့်ဟာကိုလဲ ပြန်ကျွေးပါ့မယ်"

"ဟမ်. . ဘာ. . ဘာကို ကျွေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဝက်သားပြောတာပါ”

“တော်သေးတာပေါ့ရှင်”

နှစ်ယောက်သား ရင်ဘတ်လေးကို ဖိလိုက်ကြသည်။

“သီဂီနဲ့ ရွှေရည်က ခင်ဖို့ကောင်းတယ်နော်. . . ကိုယ် အလုပ်ဝင်တာ နှစ်ရက်ပဲရှိသေးတယ်၊ ဝန်ထမ်းအားလုံးထဲမှာ အဖော်ရွေဆုံးပဲ၊ သဘောလည်းကောင်းတယ်”

“တကယ်လား”

သီဂီက မျက်ခုံးလေးပင့်၍ မေးသည်။

“တကယ်ပေါ့. . . . အိမ်သာဆေးတဲ့ ကောင်မတွေဆို အချိုးက သိပ်မပြေဘူး. . . ကိုယ်က တစ်ခုခိုင်းရင် တစ်ခါ ပြူစူစောင့်အောင့်နေတာပဲ၊ မျက်နှာက ရှစ်ခေါက်ချိုးနဲ့. . . ဟော ခု သီဂီတို့ကျတော့. . စဝင်လာကတည်းက အပြုံးနဲ့ ဆီးကြိုတယ်. . . ရင်ထဲမှာ အေးသွားတာပဲ”

“ဒါကတော့ သူ့ကို အိမ်သာ မဆေးခိုင်းလို့ သဘောကောင်းနေတာပါ. . . အိမ်သာဆေးခိုင်းကြည့်ပါလား”

ရွှေရည်က သူ့သူငယ်ချင်းကို ဝင်နောက်သည်။

“ဟဲ့. . နင်ဆေးပါလား. . . ငါက ဆယ်တန်းအောင်တဲ့ အရောင်းဝန်ထမ်းဟဲ့. . . နောက်နှစ် တက္ကသိုလ်တက်ရမှာ. . . အိမ်သာဆေးစရာလား၊ အိမ်သာဆေးတာ သန့်ရှင်းရေးအလုပ်”

ရွှေရည်က ရယ်၍ ချော့သည်။

“ဟဲ. . . ဟဲ အလကားနောက်တာပါ သူငယ်ချင်းရယ်. . . ငါတို့နှစ်ယောက်ကို ကိုကြီးကျော်က သဘောကောင်းတယ်ဆိုလို့ပါ. . . နင်စိတ်ကောက်ရင် တစ်လနဲ့ချော့လည်း မပြေဘူးဆိုတာ သူမသိသေးလို့”

“ဟင် သီဂီက စိတ်ကောက်တတ်တယ် ဟုတ်လား. . .





ဘယ်သူ့ကို ကောက်တာလဲ”

“မဟုတ်ပါဘူး. . ကိုကြီးကျော်ရယ်. . . သူ့ကိုပဲ ကောက်တာပါ၊ သက်သက်မဲ့ လျှောက်ပြောနေတာ”

သီဂီ၏စိတ်ကောက်ခြင်းကို ခံရသူမှာ ရွှေရည်ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သူတို့နှစ်ယောက် ကြည့်ရတာ သိပ်ချစ်ကြပုံပဲ။

“သီဂီနဲ့ရွှေရည်က အရမ်းခင်ကြတယ်နော်. . ကိုယ်ကလည်း အဲဒီလိုမျိုး မင်းတို့နဲ့ ခင်ချင်တယ်၊ ကိုယ့်ကို တဖန်ပြန် ခင်ကြပါလားဟင်”

“ဘာ”

ရွှေရည့်အသံ နားထဲမှာ ဟိန်းထွက်သွားသည်။

“ဆောရီး. . . ဆောရီး ကိုယ် စကားပြော လောသွားလို့၊ ကိုယ့်ကိုလည်း ပြန်ခင်ပါလားလို့၊ ကိုယ်က သူငယ်ချင်း သိပ်မက်တာ”

“ဝက်သားကျွေးရင် ခင်မယ်လေ”

“OK ထမင်းစားချိန်ရောက်ရင် ကိုယ်လာခေါ်မယ်နော်”

“Very Good”

သီဂီနှင့်ရွှေရည် လက်ဝါးချင်းရိုက်လိုက်ကြသည်။ ကြည့်ရတာ ဝက်သားမစားဖူးပုံပဲ။

ဂိတ်ပေါက်မှာ စစ်ဆေးရေးလုပ်တော့လည်း စန္ဒာနှင့်သန္တာဆိုသော မချောနှစ်ယောက်က တစ်မျိုး။ တစ်ယောက်က ဝန်ထမ်းကတ်မေ့ကျန်ခဲ့ပြီး တစ်ယောက်က ရုံးချိန် နာရီဝက်တိတိ နောက်ကျခြင်းကြောင့် သူနီဖောင်းမထုတ်ခဲ့ရသည်ကို ထည့်မရေးရန် မျက်နှာချိုသွေးကြသည်။

“ကိုကြီးကျော်. . . သမီးတို့ကို မထည့်နဲ့နော်”

“ဟမ်. . . ဘာ. . ဘာကိုပြောတာလဲ”

“Report ထဲ ထည့်မရေးနဲ့လို့ ပြောတာ၊ ဝန်ထမ်းကတ်မေ့ကျန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လို့၊ အဲဒါသိသွားရင် ပိုက်ဆံအဖြတ်ခံရမှာ"

"သမီးလည်း နာရီဝက်လောက် နောက်ကျလို့ ယူနီဖောင်း မဝတ်ရဘူး။ မန်နေဂျာ မမြင်အောင် ပုန်းနေတာ၊ ထည့်မရေးနဲ့နော်၊ ပိုက်ဆံဖြတ်ခံရမှာစိုးလို့"

ထိုအခါ ကျော်ဇင်သန်းထိုက်က ရှင်းပြလိုက်သည်။

"ကိုယ့်အလုပ်က အဲဒါမျိုးဖြစ်ရင် Report ထဲ ထည့်ရေးဖို့လေ၊ အဲဒါ ထည့်မရေးရင် ဘာသွားရေးရမှာလဲ"

သန္တာကလည်း ပြန်ထောက်သည်။

"အို. . . . တခြားဟာ ရေးပေါ့၊ ရေးစရာတွေ အများကြီးရှိတာပဲ၊ ဥပမာ သစ်ပင်က သစ်ရွက်ကြွေတာတို့ ငှက်ချီးပါလို့ မြေကြီးပေါ် မှာ ညစ်ပတ်နေတာတို့၊ ဒါလည်း ပတ်ဝန်းကျင်က အဖြစ်အပျက်တွေပဲလေ"

"ဟုတ်ပါတယ် ကိုကြီးကျော်ရယ်. . . . . မရေးပါနဲ့နော်. . . အချင်းချင်းတွေပဲဟာ၊ သမီးတို့က ရတဲ့လစာနဲ့ အမေကို ထောက်ပံ့နေရတာ ပိုက်ဆံဖြတ်ခံရရင် ဘာမှ မကျန်တော့ဘူး"

စန္ဒာက အဲဒီလို ပခုံးလေးကိုင်ပြီး တောင်းပန်လိုက်ရာ ကျော်ဇင်သန်းထိုက် နှလုံးသားတွေ ပျော့ပျောင်းသွားသည်။ သူတို့လေးတွေရဲ့အပြစ်ကို Report ထဲ ထည့်မရေးရက်တော့။

"ကဲ. . ကဲ. . ကောင်းပြီလေ. . ဒါဆိုလည်း ဒီနေ့တော့ မရေးတော့ပါဘူး၊ နောက်နေ့တွေတော့ အဲဒီလို မဖြစ်စေနဲ့နော်"

"ဟေး"

နှစ်ယောက်သား ပျော်ပြီး လက်ဝါးချင်း ရိုက်လိုက်ကြသည်။ ဒီနေ့အတွက်က ရေးစရာသိပ်မရှိတော့လည်း ကျော်ဇင်သန်းထိုက် ရှာကြံပြီး အစီရင်ခံစာ တင်ရသည်ပေါ့။





မောင်ကျော်ဇင်သန်းထိုက်

နေ့စဉ်မှတ်တမ်း

၁၅-၂-၂၀၁၂

| စဉ် | အကြောင်းအရာ | အချိန် |
|---|---|---|
| ၁။ | ရုံးသို့ စရောက်ပါသည်။ | ၇း၀၀ |
| ၂။ | ကမ္ဘာမြေပေါ် နေမင်းကြီး၏ ရောင်ခြည်စတင်ဝင်ရောက်လာသည်နှင့် ပန်းဥယျာဉ်တစ်ခုလုံးရှိဝန်ထမ်းများ ကျရာတာဝန်ကို ယူနီဖောင်းဆင်မြန်း၍ အားကြိုးမာန်တက် လုပ်ကိုင်ကြပါသည်။ ကြီးကြပ်ရေးမှူးတာဝန်ကို ယူထားရသော ကျွန်တော် မောင်ကျော်ဇင်သန်းထိုက်လည်း ဝန်ထမ်းအယောက် ငါးဆယ်ခန့်ကို အုပ်ချုပ်ရသော ခေါင်းဆောင်ပီပီ စာရွက်တစ်ရွက်နှင့်ဘောပင်ကိုင်ပြီး ဥယျာဉ်အနှံ့ စစ်ဆေးရေး လုပ်ပါတော့သည်။ ကျွန်တော့်မျက်နှာကို မြင်သည်နှင့် သန့်ရှင်းရေးကလည်း သန့်ရှင်းရေးအလျောက် အရောင်းဝန်ထမ်းကလည်း အရောင်းဝန်ထမ်းအလျောက် လုံခြုံရေးကလည်း လုံခြုံရေးအလျောက် အပြုံးနှင့် နှုတ်ဆက်ပြီး ကိုယ့် တာဝန် ကိုယ်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ကြပါတော့သည်။ | ၇း၂၅-၈း၀၀ |
| ၃။ | ပန်းဥယျာဉ်အတွင်းသို့ မိသားစုများ၊ စုံတွဲများ၊ ကလေးသူငယ်များကလည်း ဝင်လာမစဲ တသဲသဲဆိုသလို ရှိနေခြင်းကြောင့် ဝန်ထမ်းအားလုံး လက်မလည်အောင် အလုပ်လုပ်နေရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဧည့်သည်များ စိတ်ချမ်းသာမှု ရှိစေရေးအတွက် လိုအပ်မှု မရှိစေရန် နေရာအနှံ့ လိုက်လံစစ်ဆေးရာ တစ်နေရာ၌ ထူးခြားမှုတစ်ခု တွေ့ခဲ့ရပါသည်။ ၎င်းမှာ အများပြည်သူ ထိုင်သည့်ခုံ၌ မဖွယ်မရာ ပုံတစ်ပုံဆွဲသွားခြင်းဖြစ်သည်။ ကျွန်တော်တရားခံကိုရှာဖွေရန်ဝန်ထမ်းများအားလုံးကို တစ်ယောက်ချင်း လိုက်လံစစ်ဆေးရာ မည်သူမှ ပုံမဆွဲတတ်ကြချေ။ ဆွဲထားသည့်ပုံမှာ လက်ရာပြောက်လွန်းသဖြင့် နိုင်ငံခြားသားများမြင်ပါက မြန်မာလူမျိုးများသည် စည်းမရှိ ကမ်းမရှိ တွေ့ကရာ နေရာမှာ ပေါက်ကရပုံ ဆွဲတတ်သည်ဟု အထင်ရောက်ဖွယ်ရှိသည်။ ကျွန်တော်သည် အမိမြန်မာနိုင်ငံမှာ နေသောမြန်မာလူမျိုးပီပီ အမျိုးကိုထိလျှင်မခံချိအောင်နာတတ်သည်။ တစ်ချိန်က ကမ္ဘာမှာ မြန်မာဟေ့ဟု ဝင့်ကြွားခဲ့သော ကျွန်တော်တို့ လူမျိုးများကို ပုံတစ်ပုံနှင့် သိက္ခာအကျ မခံနိုင်။ ထို့ကြောင့် သန့်ရှင်းရေး တစ်ယောက်ကို ခေါ်ပြီး ဓာတ်ဆီနှင့် ဖျက်ခိုင်းတော့မှ ပုံတင်မဟုတ် ခုံမှာ သုတ်ထားသောဆေးပါ ကွာကျသွားတော့သည်။နောင်အခါ အခွင့်သင့်လျှင် MD မှ ဆေးသုတ် သမားတစ်ဦး ငှားပြီး ပြန်သုတ်ခိုင်းစေချင်ပါသည်။ ထို့နောက် တခြားနေရာများကို ဆက်လက်တိုင်းခန်းလှည့်လည်ရာ အရာအားလုံးသည် နိစ္စဓူဝလုပ်ငန်းစဉ်အတိုင်းသာပုံမှန်လည်ပတ်လျက် ရှိနေပေသည်။ | ၈း၁၅-၁၁း၅၀ |
| ၄။ | [illegible] | ၁၂း၀၀ |



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်သန်းထိုက်ရဲ့ Report ကိုဖတ်ပြီး မမှုံနံ့သာ စိတ်ပျက်လက်ပျက် ခေါင်းကိုခါယမ်းလိုက်သည်။ ကျော်ဇင်သန်းထိုက်က စိုးရိမ်တကြီးမေးသည်။

"မမ. . . ဘာဖြစ်လို့လဲ ကျွန်တော် Report ရေးတာ မကောင်းလို့လား"

"မဟုတ်ပါဘူး. . . ကောင်းလွန်းလို့ ခက်နေတာ. . . . မင်း Report ဖတ်ရတာ ဝတ္ထုဖတ်နေရသလိုပဲ။ မင်းက အမှန်တကယ် စာရေးဆရာ လုပ်ရမှာ"

"ဖြစ်ချင်တာပေါ့ဗျာ"

"ဒါပေမယ့် ကာလနဲ့ဒေသဆိုတာ ရှိတယ်ကွ၊ အလုပ်ကို အလုပ်နဲ့တူအောင်လုပ် လိုရင်းဆိုရပြီ၊ စကားလုံးအနုအရွအလှအပတွေနဲ့ မင်းဟာ ဖတ်မိလို့ကတော့. . . ဒေါသပဲထွက်မလား၊ ထိုင်ပဲရယ်မလား မပြောတတ်ဘူး"

"မမပဲ. . . အကြောင်းအရာတစ်ခုကို ပြည့်ပြည့်စုံစုံနဲ့ ဂယနဏ ရေးဆို"

"သေလိုက်ပါတော့ဟယ်၊ နင့်ကို ဘယ်လိုသင်ပေးရမှန်းတောင် မသိတော့ဘူး၊ ပြည့်ပြည့်စုံစုံရေးဆိုတာ ကမ္ဘာမြေပေါ် နေမင်းကြီးရဲ့ ရောင်ခြည် စရောက်လာတာတို့၊ ကမ္ဘာမှာမြန်မာဟော့ဆိုပြီး ကြွေးကြော်တာတို့၊ အမျိုးကိုထိရင် မခံအောင်နာတာတို့လိုလို့လား၊ နင့်စာက အစီရင်ခံစာနဲ့မတူဘဲ လူကို ဟဒယရှင်ဆေး တိုက်ကျွေးနေသလားမှတ်ရတယ်. . . ဒီကြားထဲခုံကို ဆေးသုတ်သမားဌားပြီး ဆေးသုတ်ခိုင်းမှာက ပါလိုက်သေး၊ နောက်ဆုံးမှာဆို ကိုယ့်ကိုယ်ကို တိုင်းခန်းလှည့်လည်တာနဲ့ နှိုင်းထားတော့ စာကို နောက်တီးနောက်တောက် ရေးနေသလိုပဲ၊





ကိုယ့်ကိုယ်ကို ဘုရင်များမှတ်နေလား"

ကျော်ဇင်သန်းထိုက်က ရယ်ကျဲကျဲနှင့်

"အဲဒီစကားအသုံးအနှုန်းကတော့ မသုံးသင့်မှန်း ကျွန်တော်သိပါတယ်၊ လူက နဂိုကတည်းက စတန့်ထွင်ချင်တဲ့ဗီဇက ပါလာတော့ ရိုးရိုးမရေးဘဲထွင်ရေးမိတာကိုခွင့်လွှတ်ပါ မမ. . . နောက်တစ်ခါ ဒီလိုမဖြစ်အောင် သတိထားရေးပါ့မယ်"

"အေးလေ. . . ဒါဆိုလည်းပြီးရော ကုမ္ပဏီ တိုးတက်မယ်လို့ ကိုယ့်စိတ်ထဲမှာ ထင်မိတဲ့ကိစ္စတွေကိုလည်း အကြံပြုရေးသားလို့ ရတယ်သိလား. . . . ဥပမာ ဘယ်နေရာမှာ ဘာလေးလုပ်လိုက်ရင် ဘယ်လိုကောင်းမယ်ထင်တာကို မင်းစိတ်ထဲမှာ ရှိတဲ့အတိုင်း ရေးလို့ရတယ်၊ ဒါမှ MD က ဖတ်ရင် တိုးတက်မှုကို ရှာဖွေနေသူ၊ အမြော်အမြင်ရှိသူလို့ သတ်မှတ်မှာ"

"ဟုတ်ကဲ့ နားလည်ပါပြီ. . ဒီတစ်ခါရေးရင် မလိုအပ်တာတွေ ချဲ့ကားမရေးတော့ဘဲ ပုံမှန်အတိုင်းရေးပါ့မယ်၊ ပြီးတော့ ကုမ္ပဏီအတွက် ကောင်းမယ်ထင်တာလေးတွေကိုလည်း အကြံပြုရေးသားပါ့မယ်"

"အေး. . . အေး. . ဒီတစ်ခါတော့ မလွဲစေနဲ့နော်. . Report အရွက်က တစ်ပတ်တစ်ခါMD ကိုပြရတာဆိုတော့ တစ်ပတ်မတိုင်ခင် သေချာပြင်ဆင်ထားဖို့လိုတယ်၊ အခု မင်းတင်ထားတဲ့ နှစ်ရွက်တစ်ခုမကျသေးဘူး"

"ဟုတ်ကဲ့ပါ မမ. . . ဒီနေ့တော့ သေချာလေး ဂရုစိုက်ပြီး မမ ပြောတဲ့အတိုင်းဖြစ်အောင် ရေးပေးပါ့မယ်"

"OK ကဲ. . . ကဲ ဒါဆို အလုပ်ဝင်တော့"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မြင်ရတဲ့ မြင်ကွင်းက မလှပ။"

ပန်းဥယျာဉ်ရဲ့ ဆေးလိပ်မသောက်ရနယ်မြေဟု သတ်မှတ်ထားသော ကလေးကစားကွင်းနားမှာ ထိပ်ပြောင်ပြောင်နှင့် အဘိုးကြီးတစ်ယောက် ဟန်ပါပါ သောက်နေသည်။ ကျော်ဇင်သန်းထိုက် ကြီးကြပ်ရေးမှူးပီပီ မနေသာတော့ဘဲ သွားပြောတော့သည်။

"အဘ"

"ဘာကွ. . . ဘာအဘလဲ"

အဘိုးကြီးက သူ့ကို အဘဟုခေါ်ရကောင်းလားဆိုပြီး မျက်နှာထားတင်းတင်းနှင့် ပြန်ဟောက်သည်။

"မှားလို့ပါ. . . . အဘိုး"

"ဘာ. . . မင်း ငါ့ကို သိက္ခာလာချနေတာလား. . . . ငါ့အသက်အခုမှ ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ၅၄ နှစ်ကွ၊ အဘလည်း မဟုတ်ဘူး အဖိုးလည်း မဟုတ်ဘူး. . . ဦးလေးလို့ခေါ်"

ဒေါ်သည်စိတ်ချမ်းသာစေရန် ကျော်ဇင်သန်းထိုက် လိုက်လျောလိုက်သည်။





"ထားပါတော့. . . ဦးလေး. . ဒီနေရာမှာ ဆေးလိပ်သောက်ခွင့် မရှိဘူးဗျ"

"သောက်တော့ ဘာဖြစ်လဲ"

အဘိုးကြီးပုံစံက ဂျစ်ကန်ကန်နှင့်။

"ကောင်းတာပေါ့. . . အဲလေ၊ ဒီနေရာမှာ ကလေးတွေ ကစားနေတာဗျ၊ ဦးလေးသောက်တဲ့ ဆေးလိပ်ငွေ့ကြောင့် ကလေးတွေ ရှူရှိုက်မိပြီး၊ ရောဂါရရင် ဘယ်လိုလုပ်မလဲ၊ ကိုယ့်ကြောင့် သူတစ်ပါး အနှောင့်အယှက် မဖြစ်ပါစေနဲ့ ဦးလေးရယ်"

"အောင်မာ. . . မင့်းကများ ရာရာစစ ငါ့ကိုဆုံးမလို့. . . . ဒီဥယျာဉ်မှာ မင်းက ဘာကောင်လဲ"

"ကြီးကြပ်ရေးမှူးဗျ"

ကျော်ဇင်သန်းထိုက် ရင်ကိုကော့ပြီး ဖြေသည်။ အဘိုးကြီးက တစ်ချက်ရယ်လိုက်ပြီး

"ဟင်း. . . မင်းအဆင့်နဲ့များ. . . ငါ့ကို လာအမိန့်ပေးနေတယ်။ သောက်မှာပဲ ဟေ့ကောင်. . . မင်းမကျေနပ်ရင် ကြိုက်တဲ့နေရာသွားတိုင်"

ကျော်ဇင်သန်းထိုက် အဘိုးကြီးကို မကျေမနပ် ဘုရှုံ့ရှုံ့ပြီး ပြန်ထွက်ခဲ့လိုက်သည်။ ဒီလိုအသိတရားမရှိသည့် လူ့ဂွစာနှင့် စကားဆက်ပြောလျှင် သူ လက်ပါမိတော့မည်။

ထို့ကြောင့် ဒေါသကိုမျိုသိပ်ပြီး ရှောင်ထွက်သွားခြင်း ဖြစ်သည်။ ဆက်နေလျှင် ဒီပန်းဥယျာဉ်ထဲက ကြီးကြပ်ရေးမှူးက ဒေါ်သည် အဘိုးကြီးရဲ့ ပြောင်နေသောခေါင်းကို ရိုက်ခွဲပစ်လိုက်သည်ဟု သတင်းထွက်သွားမှာ စိုး၍လည်း ဖြစ်သည်။ ဒီအကြောင်းကိုလည်း Report ထဲ ထည့်ရေးရမည်။ ဒီလိုစည်းမရှိ ကမ်းမရှိ ပြောရဆိုရ



www.burmeseclassic.com

www.burmeseclassic.com



ခက်သော စည့်သည်မျိုးတွေ လည်းရှိသည့်အကြောင်း၊ အခုတော့ ဒေါသတွေ ပြေလျော့သွားစေရန် ကောင်မလေးတွေချည်းရှိသော ပန်းအလှပစ္စည်း အရောင်းကောင်တာသို့ ထွက်သွားလိုက်သည်။

"ကိုကြီးကျော်က R-ဇာနည်နဲ့ တူတယ်နော်"

"ဘယ်နေရာတူတာလဲ. . . . သိမ့်သိမ့်ခင်ရဲ"

"ဆံပင်ရှည်ကို စည်းထားပြီး မုတ်ဆိတ်မွှေး အရှည်ထားတာ တူတယ်လေ"

"သူများတွေကတော့ ကိုယ့်ကို လမ်းသရဲနဲ့ တူတယ် ပြောကြတယ်၊ သိမ့်သိမ့်ခင်က ကိုယ့်ကို R-ဇာနည်နဲ့ တူတယ်ပြောလို့ ကျေးဇူးတင်ပါတယ်"

"ဒါဆိုရင် R-ကြီးနဲ့ ပိုတူသွားအောင် သီချင်းတစ်ပုဒ်လောက် ဆိုပြပါလား"

ဟန်နီဆွေက တောင်းဆိုလိုက်သောအခါ ကျော်ဇင်သန်းထိုက် လက်သီးဆုပ်ပြီး မိုက် သဏ္ဍာန် ပါးစပ်နားကပ်၍ ဆိုပြလိုက်သည်။

"ဝူး. . . ဝူး. . ဝါး. . ဝါး. . . ဝါး. . ဝါး. . ဝူး"

"ခစ်. . . ခစ်. . . ခစ်"

ကျော်ဇင်သန်းထိုက်၏မျက်နှာပြောင်မှုကြောင့် မိန်းကလေးတွေ ရယ်ကြသည်။ စောစောက ဒေါသတွေ အားလုံး သူတို့လေးတွေနှင့် တွေ့မှ ပြေလျော့သွားတာပါလား။

"ကြိုးကြပ်ရေးမှူးဖြစ်ပြီး ပေါတောတောနဲ့နော်"

"ဟမ်"

ဝါဝါသင်း၏စကားကြောင့်ကျော်ဇင်သန်းထိုက် နင်သွားသည်။

"အဲ. . . ဟုတ်ပါဘူး. . . ပျော်တတ်တယ်လို့ ပြောတာပါ. . .





ကိုကြီးကျော်က အရမ်းခင်ဖို့ ကောင်းတယ်နော်. . . အရင် ဒီမှာလုပ်သွားတဲ့ ကြီးကြပ်ရေးမှူးတွေနဲ့ မတူဘူး. . . . အရင်ကြီးကြပ်ရေးမှူးတွေက ဒီးတို့ကို မြင်တာနဲ့ ဟောက်ဖို့ပဲ၊ ပြီးတော့ အိုက်တင်ကြီးတစ်ခွဲသားနဲ့"

"ဒါကတော့ လူချင်းတူပေမယ့် နှလုံးသားချင်း မတူဘူးလေ သင်းရဲ့၊ ကိုယ်က မိန်းကလေးတွေဆို ကြင်နာတတ်တယ်၊ မိန်းကလေးတွေနဲ့ စကားပြောရတာ အစီးကပ်တယ်၊ ယောကျ်ားချင်းဆို စကားနှစ်ခွန်းပြောရင် တစ်ခွန်းက ရိုက်ပေါက်"

ကျော်ဇင်သန်းထိုက်က သူ စောစောက ကြုံတွေ့ခဲ့ရသော အဘိုးကြီးကိစ္စနှင့် နှိုင်းယှဉ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်မှာပါလေ. . . တချို့နေရာတွေမှာ ယောကျ်ားနဲ့မိန်းမ ခွဲလုပ်မှ အဆင်ပြေတာတွေ ရှိတာကိုး"

"ဟမ်. . . ဘာလုပ်တာလဲဟင်"

"အလုပ် ပြောတာ"

"တော်သေးတာပေါ့"

ကျော်ဇင်သန်းထိုက် ပန်းအလှပစ္စည်း အရောင်းကောင်တာမှာ အချိန် တော်တော်ကုန်သွားသည်။ မိန်းကလေးတွေကလည်း သူတို့နှင့် စကားပြောဖော် ယောကျ်ားလေး မရှိသည့်အတွက် ပျင်းနေမှာပေါ့။

ဒါကြောင့် ကျော်ဇင်သန်းထိုက်ကို နည်းအမျိုးမျိုးနှင့် မဲဆွယ်စည်းရုံးပြီး သူတို့ကောင်တာမှာပင် အချိန်ကုန်လွန်စေခဲ့လေသည်။

အဲဒါကို တစ်ယောက်သောသူက မြင်ပြီး MD ကို အတိုအထောင်သွားလုပ်လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရုံးခန်းထဲသို့ ဝင်လိုက်သောအခါ သူ့ကို ဆီးကြိုနေသည့် မျက်နှာသုံးခုကြောင့် ကျော်ဇင်သန်းထိုက် လန့်သွားသည်။ တစ်မျက်နှာက မန်နေဂျာမမကြီး မမှုံနံ့သာ၊ နှစ်မျက်နှာက ဓာတ်ပုံထဲမှာ မြင်ဖူးထားသော MD ဒေါ်ဇင်ဇင် (ကုမ္ပဏီပိုင်ရှင်မို့သာ ဒေါ်တပ်ခေါ်ရသည်၊ အသက်က အများဆုံးရှိ သုံးဆယ်) သုံးမျက်နှာကတော့ ကျော်ဇင်သန်းထိုက်ရဲ့ မျက်ဝန်းအစုံကို ပြူးကျယ်ဝိုင်းစက်သွားစေသည်။

တခြားမဟုတ် ကလေးကစားကွင်းထဲမှာ သူနှင့်ကွိုင်တက်ခဲ့သော ထိပ်ပြောင်ဘိုးဘိုးကြီး။ ကျော်ဇင်သန်းထိုက် အံ့သြသွားသည်။ ဘာကိစ္စနဲ့ ရုံးခန်းထဲ ရောက်နေရတာတုန်း၊ ကုမ္ပဏီနှင့် ဘာများပတ်သက်တုန်းပေါ့။

"လာပါဦး ကျော်ဇင်သန်းထိုက်ရဲ့၊ မင်းကိုမေးစရာရှိလို့ စောင့်နေတာ"

မမှုံနံ့သာက ပြောလိုက်သောအခါ ကျော်ဇင်သန်းထိုက် သူတို့သုံးယောက်ရှေ့က ထိုင်ခုံမှာ ကျုံ့ကျုံ့လေး ထိုင်လိုက်သည်။

"မင်း တစ်နေကုန် အလုပ်မလုပ်ဘဲ ပန်းအလှပစ္စည်း အရောင်းဆောင်တာက မိန်းမတွေနဲ့ ပလူးပလဲ လုပ်နေတယ်ဆို. . . ငါ သတင်းအတိအကျ ရထားတယ်"





အဲဒီလို စွပ်စွဲခံလိုက်ရသောအခါ ကျော်ဇင်သန်းထိုက် နည်းနည်းဒေါင်းသွားသည်။

"ဟာ. . တစ်နေကုန် မဟုတ်ပါဘူး မမရယ်၊ နေ့တစ်ဝက်ထဲပါ. . မမကို ဘယ်သူက အတို့အထောင် လုပ်လိုက်တာလဲ. . ကိုယ့်ထမင်းကိုယ်စားပြီး အငြိမ်မနေနိုင်ဘူး၊ ပါးစပ်တွေ အားနေကြတယ်နဲ့တူတယ်၊ တစ်ခုခုဆို့ထားရင် ကောင်းမယ်၊ ပြောင်းဖူးရိုးရိုးဖြစ်ဖြစ်"

"ဟေ့ကောင် မင်း ဘာစကားပြောတာလဲ. . ငါပြောတာကွ. . ငါပြောတာ၊ မင်းကများ ရာရာစစ ပြောတဲ့ပါးစပ်ကို တစ်ခုခု ဆို့ထားမယ်လေး ဘာလေးနဲ့ မင်းဘာကောင်လဲ"

ရုတ်တရက် သူ့ကို ထဖြေသော ထိပ်ပြောင်ဘိုးဘိုးကြီးကြောင့် ကျော်ဇင်သန်းထိုက် ကြောင်သွားသည်။ ဒေါသလည်း ထွက်သွားသည်။

ဆေးလိပ်သောက်တဲ့ကိစ္စမှာတည်းက အခဲမကျေဖြစ်နေတာ အခုသူ့ကို အတို့အထောင်ပါလုပ်သည်ဆိုတော့ ယောကျ်ားကြီးတန်မဲ့ထဘီတိုအထက်ဆင်ဖောက်ထိုး ဝတ်ထားသင့်သည်ဟု တွေးလိုက်သည်။ အဲဒါမှ အခြောက်ရုံးကြီးနဲ့ တူမှာလေ။ ဒါပေမယ့် လူကြီးတွေရှေ့မှာမို့ စကားကိုယဉ်ကျေးအောင် ပြောလိုက်သည်။

'နေပါဦး. . . ဦးလေးက ဘာကိစ္စနဲ့. . ကျွန်တော့်ကိုချောက်တွန်းတာလဲ. . . မယားလုဘက်မို့လို့လား. . . ကလေးကစားကွင်းမှာလည်း ဆေးလိပ်မသောက်ရတဲ့နေရာမှာ ဆေးလိပ်သောက်ပြီး စည်းတော်ချိုးဖောက်တယ်. . . အခုလည်း မိန်းမကြီးလို ရန်တွေ့နေတယ်. . . ဘာသဘောလဲ"

"ဟဲ့ အကောင် နှုတ်စကားကို ပြင်ပြောစမ်း၊ အဲဒါ MD အဖေတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မန်နေဂျာမမကြီးစကားကြောင့် ကျော်ဇင်သန်းထိုက် ခေါင်းမွေးတွေ တာဝတိံသာထိ ဆောင့်တက်သွားသည်။ကုမ္ပဏီပိုင်ရှင်ရဲ့ အဖေကိုမှ ငါးဈေးတန်းထဲက ငါးစိမ်းသည်နှင့် ရန်တွေ့သလို မချေမငံ ဆက်ဆံမိပြီ။ သေလိုက်ပါတော့။ ကျော်ဇင်သန်းထိုက် ဒူးတွေ တုန်လာသည်။

"ကျွန် ကျွန်တော် မသိလို့ပါ. . . တောင်းပန်ပါတယ်ခင်ဗျာ. ."

"ဘုန်းကြီးခေါင်းခေါက်ပြီးမှ တောင်းပန်လို့ရမလား ကောင်လေးရဲ့"

တစ်ချိန်လုံးငြိမ်ပြီး နားထောင်နေသော MD က မျက်နှာထား တင်းတင်းနှင့် ဝင်ပြောသည်။

"ဟို. . . ဟို အဲဒါက ဆေးလိပ်မသောက်ရလို့ သတ်မှတ်ထားတဲ့ နေရာမှာ. . သောက်နေလို့ ကျွန်တော်က သွားပြောမိရင်း ဖြစ်တာ ပါဗျာ. . . MD ရဲ့အဖေဖြစ်နေမယ်မထင်မိလို့ပါ. . ကျွန်တော် အနူးညွှတ် တောင်းပန်ပါတယ်"

"အေး. . . မင်းသိထားဖို့က အဲဒီနေရာမှာ ဆေးလိပ်မသောက် ရလို့ ငါ အမိန့်ထုတ်တာကွ. . . . ဒါပေမယ့် ငါက လူကြီး၊ ငါ့အမိန့်ကို ငါ နာခံစရာမလိုဘူး. . ငါကလွဲပြီး ကျန်တဲ့သူတွေ နာခံရမယ်. . . အဲဒါကို မသေမချင်း မှတ်ထား"

အဘိုးကြီးက ကျော်ဇင်သန်းထိုက်ကို တရားမျှတသော ဆုံးမ စကားပြောသည်။

"ဟုတ်. . . ဟုတ်ကဲ့. . . ကျွန်တော် နားလည်သွားပါပြီခင်ဗျာ. . နောက်တစ်ခါဆိုရင် ဘယ်သူပဲ စည်းကမ်းဖောက်ဖောက် နိုင်ငံကြီးသား ပီပီ မျက်နှာလွှဲနေပါ့မယ်"

"ဘယ်သူပဲ စည်းကမ်းဖောက်ဖောက်တော့ မလုပ်နဲ့လေ. . အရိုပ်





သုံးပါး နားလည်အောင်ကြည့်ပေါ့. . . အကောင်ကြီးရင် ရှောင်ပြီး နေလိုက်. . . အကောင်ငယ်ရင် ပြောင်တွယ်ပစ်"

"ဟုတ်ကဲ့ပါ. . . ကျွန်တော်မှတ်ထားပါ့မယ်၊ ဒါဆို ကျွန်တော့်ကို ခွင့်လွှတ်တယ်ပေါ့နော်"

ကျော်ဇင်သန်းထိုက်က အဘိုးကြီးရဲ့မျက်နှာကို မျှော်လင့်ခြင်း ကြီးစွာ ကြည့်ပြီး မေးသည်။ MD နှင့် မန်နေဂျာကလည်း အဘိုးကြီး မျက်နှာကို ပြစ်မှု စီရင်ချက်ချမည့် တရားသူကြီးရဲ့ မျက်နှာကို စောင့်ကြည့် သလို စိတ်ဝင်တစား ကြည့်နေကြသည်။ အဘိုးကြီးက မေးစေ့ကို ပွတ်၍ တစ်ချက်မျှ စဉ်းစားဟန် ပြုပြီး

"အင်း. . . အပြစ်ကို ဝန်ခံနေတော့လည်း စိတ်သဘောထား ကြီးသူပီပီ မေတ္တာရှေ့ထားပြီး ခွင့်လွှတ်ရမှာပေါ့လေ. . . ပြီးတော့ ခင်းက ငါ ဘာကောင်လဲဆိုတာ သိမှ မသိဘဲ. . . သိသိကြီးနဲ့ ပြန်ပြော ရင်တော့ ခွင့်လွှတ်လို့ မရဘူး"

ကျော်ဇင်သန်းထိုက် ပျော်သွားသည်။ တော်သေးရဲ့ ငွေမယူလို့။

"ဟဲ့. . . နင် အရမ်းကံကောင်းတယ်. . . အန်ကယ်ကို ကျေးဇူး တင်ကြောင်း အမြန်ပြောလိုက်လေ"

မန်နေဂျာက တွန်းအားပေးနေသဖြင့် ကျော်ဇင်သန်းထိုက် ငေးနေသာတော့ဘဲ MD အဖေကို လက်အုပ်လေးချီ၍ ကျေးဇူးစကား ဆိုသည်။

"အန်ကယ်အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးလုံးနဲ့ စော်ကားကျူးလွန်မိတာကို ခွင့်လွှတ်တဲ့အတွက် ကျေးဇူးတင်ပါတယ် အန်ကယ်၊ နောက်တစ်ခါ ကျွန်တော်မလိမ္မာတာရှိရင်လည်း ဆုံးမနိုင် ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးကတော့ သူ့ကို လက်အုပ်ချီ တောင်းပန်နေသဖြင့် မိန့်မိန့်ကြီး ပြုံးနေသည်။

"ကဲ. . . အဖေကလည်း သူ့ကို ခွင့်လွှတ်တယ်ဆိုရင် သမီး အပြစ်မပေးတော့ပါဘူး၊ ဒါနဲ့ သူ့ရဲ့ Report လေးပြပါဦး၊ အရေးအသားကို ကြည့်ချင်လို့"

MD ကမန်နေဂျာကို ကျော်ဇင်သန်းထိုက်ရဲ့ Report ကြည့်ရန် တောင်းသည်။

"ဒီနေ့ဟာလား မမ"

"အင်း"

ကျော်ဇင်သန်းထိုက် ခေါင်းနဘန်းကြီးသွားသည်။ သူ့ရဲ့ ဒီနေ့ Report ကို ပြရမည်တဲ့။ ပြလို့ မဖြစ်။

"ကဲ. . . မောင်ကျော်ဇင်. . မင်းရဲ့ ဒီနေ့ Report MD ကို ပြလိုက်"

"ဟာ. . . မ. . . မဖြစ်"

ကျော်ဇင်သန်းထိုက် မျက်လုံးပြူး မျက်ဆံပြူးနှင့် ငြင်းဆိုရာ မန်နေဂျာက စိတ်မရှည်ဘဲ စားပွဲပေါ်မှာ သူတင်ထားသော ဖိုင်တွဲကို ဖတ်ခနဲ ဆွဲယူလိုက်သည်။

"ဘာလဲကွာ. . . တွန့်ဆုတ် တွန့်ဆုတ်နဲ့. . . ဒီဟာ မဟုတ်လား"

ပြောပြီး မန်နေဂျာမမကြီးက ဖိုင်တွဲလှန်ကြည့်လိုက်ရာ ဒီနေ့ ဒိတ်ကို တွေ့လိုက်ရသောကြောင့် MD လက်ထဲထိုးပေးလိုက်သည်။

"ရော့. . . မမ"

ကျော်ဇင်သန်းထိုက် ခေါင်း ဆင်နင်းခံရသလို ထူပူသွားသည်။ ဖြစ်နိုင်လျှင် ဒီနေရာမှာပဲ အငွေ့ပျံပျောက်ဆုံးသွားချင်သည်။ MD ဖွင့်၍ ဖတ်လိုက်သောကျော်ဇင်သန်းထိုက်၏ Report မှာ





မောင်ကျော်ဇင်သန်းထိုက် နေ့စဉ်မှတ်တမ်း ၁၆-၂-၂၀၁၂

| စဉ် | အကြောင်းအရာ | အချိန် |
|---|---|---|
| ၁။ | ရုံးသို့ စရောက်ပါသည်။ | ၆း၄၅ |
| ၂။ | မြင်လိုက်ရသော မြင်ကွင်းမလှပ။ နဖူးပြောင်ပြောင်နှင့် အဘိုးကြီး တစ်ယောက် ဆေးလိပ်မသောက်ရဟု သတ်မှတ်ထားသော ကနေ့လေးကစားကွင်း ရှေ့မှာ ဆေးလိပ်သောက်နေသည်။ ကျွန်တော်က စည်းကမ်းချက်ကို သွားပြောရာ အဘိုးကြီးက မလိုက်နာသည့်အပြင် "သောက်တော့ ဘာဖြစ်လဲကွာ" ဟု ပြန်ပြောပါသည်။ "မကျေနပ်လျှင် ကြိုက်သည့်နေရာ သွားတိုင်" ဟုလည်း ပြောလိုက်သေးသည်။ ကျွန်တော့်စိတ်ထဲမှာ ဒေါသ တော်တော်ထွက်သွားသည်။အသက်ကြီးပြီးအချိန်မစီးဘူးဆိုသည်မှာအဲဒီလို လူမျိုးကိုပြောတာ ဖြစ်မည်။ ကိုယ့်ထက်အသက်ကြီးနေ၍ ကျွန်တော် ဒေါသကို လျှော့ပြီး သူ့အနားမှ ရှောင်ထွက်သွားပါသည်။ ရှုယ်တူဆိုလျှင် ဆွဲထိုးမိမှာသေချာသည်။ ဆက်ပြောနေလျှင် ပြောင်နေသောခေါင်းကို ရိုက်ခွဲပစ်မိမှာ စိုးရိမ်လည်းပါသည်။ သူ့ကိုယ်သူကုမ္ပဏီပိုင်ရှင်များ မှတ်နေသလားမသိ။ အဆန်မရှိဘဲ ဟန်လုပ်တတ်သော ဒီလိုလူမျိုးတွေကို ကျွန်တော့်အိမ်မှာ ပန်းကန်ဆေးခိုင်း၍ပင် မတန်။ ထို့ကြောင့် စကားဆက်မပြောတော့ဘဲ ရှောင်ထွက်သွားလိုက်သည်။ နောက်တစ်ခါ ဒီလို စည်းကမ်းချိုးဖောက်မှုမျိုး မဖြစ်စေရန်MD မှစည်းကမ်းထိန်းသိမ်းရေးမှူးတစ်ဦးတော့ခန့်သင့်သည်ဟု အကြံပြုအပ်ပါသည်။ ၎င်းအဘိုးကြီးကဲ့သို့သော စည်းကမ်းချိုးဖောက်မှု မျိုး ရှိလာပါက ပါးစပ်နှင့် ဆုံးမမနေတော့ဘဲ လူလယ်ခေါင်မှာ ပုဆိုးကွင်းသိုင်း၍ဥယျာဉ်တစ်ပတ် ပြေးစေပြီး "နောက်တစ်ခါ စည်းကမ်း လိုက်နာပါတော့မယ်" ဟု တောက်လျှောက်ပြောခိုင်း၍ ဒဏ်ပေးသင့်ပါသည်။အကယ်၍ မချေမငံ ပြန်ဆက်ဆံမည် ဆိုပါက လုံခြုံရေးခေါ်ပြီး ဆေးလိပ်သောက်သည့်ပါးစပ် မချေမငံ ပြန်ပြောသည့်ပါးစပ်ကို မုဆိုးမ ဘရာစီယာနှင့်ပိတ်၍ လက်ပြန်ကြိုးတုပ်ပြီး ဂိတ်ပေါက်ဝရှေ့မှာ အများမြင်သာအောင် ကိုယ်တုံးလုံးချွတ်ပြထားသင့်ပါသည်။ ဤကဲ့သို့ လုပ်လိုက်ပါမှ နောက်လူများ နောင်ကျဉ်ပြီး စည်းကမ်းကို မချိုးဖောက်ရဲတော့မည်ဖြစ်သည်။ မန်နေဂျာ မမှုံနံ့သာ၏ညွှန်ကြားချက်အတိုင်း ကုမ္ပဏီအတွက် အကျိုးရှိမည်ထင်သည့်အချက်ကို အကြံပြုအပ်ပါသည်။ | ၇း၁၀-၇း၃၀ |
| ၃။ | အခြားနေရာများသို့ လိုက်လံစစ်ဆေးရာ အရာအားလုံး စနစ်တကျဖြင့် စည်းကမ်းလိုက်နာမှု ရှိကြပါသည်။ | ၇း၃၀-၁၂း၀၀ |
| ၄။ | ဂျူတီသိမ်း | ၀၂း၀၅ |



www.burmeseclassic.com

www.burmeseclassic.com



ဤ Report ကို ဖတ်နေရင်း MD ဒေါ်ဇင်ဇင် အသားတွေ တဆတ်ဆတ် တုန်လာသည်။

ဖတ်ပြီးသောအခါ ကျော်ဇင်သန်းထိုက် ထိုနေရာမှာ မရှိတော့။ အယူခံဝင်ခွင့်မရှိတော့သော အစီရင်ခံစာကြောင့် ကိုယ့်အပြစ်ကိုယ်သိပြီး ယူစရာရှိတာယူ၍ အဝေးဆုံး ပြေးသွားပြီဖြစ်သည်။

♥ ♥ ♥

ရုတ်တရက် မြင်လိုက်ရသော ခြေလှမ်းတစ်စုံကြောင့် အပြင်ထွက်မယ့် သူ့ခြေထောက်တွေ မောင်းကျောက်ရုပ်ဖြစ်သလို တုံ့ဆိုင်းသွားသည်။ ဘာကြောင့်လဲဟု မမေးပါနှင့်။

အဖြေရှာမရတဲ့ အကြောင်းပြချက်တွေနှင့် ပန်းဥယျာဉ်ထဲ ဝင်လာသော နှုတ်ခမ်းနီမလေးအပေါ်မှာ သူ့စိတ်တွေ အလိုလို တိမ်းညွှတ်သွားခဲ့သည်။

အလုပ်လုပ်တဲ့ သုံးရက်အတွင်းမှာ တစ်ခါမှ မမြင်ဖူးသော မိန်းကလေး၊ ညိုကြိုယူနီဖောင်း စကတ်တိုလေးကို ဒူးခေါင်းဖုံးထိ ဝတ်ထားပြီး ညာဘက်ခြေကျင်းဝတ်မှာ Foot-Chain လေး ဆင်မြန်းထားသော မိန်းကလေး၊ ကပိုကရိုဆံနွယ်လေးကို နဖူးပေါ် သပ်တင်ပြီး ခြေလှမ်းတိုင်းက ကြိုးကြာတောင်ပံခတ်သလို ရွရွလေး လျှောက်လှမ်းလာသော မိန်းကလေး၊ ဆွဲဆောင်မှုအပြည့်ဖြင့် ကဗျာမမှီသောအလှကို သူ့ရှေ့မှာ ဖော်ကျူးသွားသည့် မိန်းကလေး။

အတိတ်မေ့သလို၊ ရွှေပျောက်သလို သတိလက်လွတ် ဖြစ်စေပြီး မြင်ရသူ သမင်လည်ပြန်လှည့်မကြည့်ဘဲမနေနိုင်တဲ့ မိန်းကလေးကို သူ ခဏတာအတွင်းမှာ တသသဖြစ်သွားခဲ့သည်။

ရင်ဘတ်ထဲကို တစ်ချက်တည်းနှင့် ကျင်းဝင်အောင် ရိုက်နိုင်သော





သူမရဲ့ပုံရိပ်လေးတွေက တိုက်ဂါးဝုဒ်ရဲ့ ဂေါက်သီးတစ်လုံးလို ထိချက်ပြင်းစွာ နှလုံးသားရဲ့ ဗဟိုချက်ထဲ တည့်တည့်ဝင်သည်။

"ကိုကြီးကျော်. . . ခေါင်းကြီး နောက်ပြန်လှည့်ပြီး ဘာငေးနေတာလဲ"

ရုတ်တရက် နားနားကပ်အော်လိုက်သော အသံတစ်ခုကြောင့် ကျော်ဇင်သန်းထိုက်အတွေးတို့ ပြတ်တောက်သွားခဲ့သည်။

"ဟာ. . လန့်လိုက်တာ သန္တာရယ်. . . အခုန ဒီထဲဝင်လာတာ ဝန်ထမ်းအသစ်လားလို့ ကြည့်နေတာ၊ တစ်ခါမှ မမြင်ဖူးလို့"

"ရွှေရုပ်ကို ပြောတာထင်တယ် သူက ဝန်ထမ်းအသစ် မဟုတ်ပါဘူး. . ခွင့်တစ်ပတ်ယူထားတာ ပြည့်သွားလို့ ဒီနေ့ပြန်ဆင်းတာ၊ ကိုကြီးကျော် ဒီမှာ အလုပ်စမဆင်းခင်က သူ ခွင့်ယူသွားလို့ မတွေ့တာလေ"

"ဪ. . . နာမည်က ရွှေရုပ်တဲ့လား"

"ရွှေရုပ်ဆိုတာ သန္တာတို့ခေါ်တာပါ. . . နာမည်က ရွှေရုပ်လွှာတဲ့"

"ရွှေရုပ်လွှာ"

လူတင်မဟုတ်၊ နာမည်ပါ ကဗျာဆန်နေသော မိန်းကလေးကြောင့် မြန်မာပြည်သိန်းတန်ရဲ့ ရွှေရုပ်ကလေးကောက်ရသူ သီချင်းတို့ သတိရမိသွားသည်။ သူ့အတွက်လည်း တကယ့်ကို ရွှေရုပ်ကလေး ကောက်ရလိုက်သလိုပါပဲ။

ဒါပေမယ့် ကံဆိုးတာက ဒီနေ့ပဲ MD အမေ့ကိစ္စနှင့် Report ထဲမှာ မဆင်မခြင် ရေးမိသောစာကြောင့် MD မဖြုတ်ခင် MD အမေ မပေါက်ကွဲခင် ထပြေးလာရခြင်းဖြစ်သည်။

နောက်နေ့တွေ အလုပ်အတူ တွဲလုပ်ရန် မဖြစ်နိုင်တော့။ ဆိုးလိုက်သည့်ဖြစ်ခြင်း။ သူ ဝမ်းနည်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကျော် မျက်နှာမကောင်းပါလား ဘာဖြစ်လို့လဲ"

ကျော်ဇင်သန်းထိုက် သူဖြစ်ပျက်လာသော ကိစ္စကို ဂိတ်ပေါက်ရှိ ညည့်ကြိုကောင်တာမှာ ထိုင်ရင်း သေချာရှင်းပြလိုက်သည်။

အဲဒီအချိန် MD နှင့် MD အဖေ ကားတစ်စီးနှင့် အပြင်ထွက်လာတာ တွေ့သောကြောင့် ကျော်ဇင်သန်းထိုက် သူ့ကို မမြင်အောင် စန္ဒာနဲ့သန္တာရဲ့ နောက်မှာ ပုန်းနေခဲ့ရသေးသည်။

ကောင်မလေးတွေကတော့ စိတ်မကောင်းကြ။ သူတို့ရဲ့ သဘောကောင်းသော ကြီးကြပ်ရေးမှူးကြီး အလုပ်ပြုတ်မှာကို ယူကြုံးမရဖြစ်နေကြသည်။

"ဘယ်တတ်နိုင်မလဲ. . . စန္ဒာနဲ့သန္တာရယ်၊ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲပေါ့"

"ဒါပေမယ့် ကိုကြီးကျော်ရယ်. . . သူကို့က ဖြုတ်မှ မဖြုတ်သေးတာ၊ ကိုကြီးကျော်က ကိုယ့်ဘာသာကိုယ် အကြောက်လွန်ပြီး ထွက်ပြေးလာတာကို၊ ပြန်တောင်းပန်ပြီး မနက်ဖြန် လာဆင်းလိုက်ပါလား"

စန္ဒာက အကြံပြုသည်။

သူ့အနေနဲ့လည်း ပြန်ဆင်းချင်သည်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေရုပ်လှာဆိုတဲ့ လမင်းလေးတစ်စင်းနှင့် ကောင်းကင်တစ်ခုတည်းမှာ အတူပေါင်းဆုံခွင့်ရမှာကိုး။

ထို့ကြောင့် နောက်နေ့ အရဲစွန့်ပြီး MD တို့ သားအဖကို နှစ်ကြိမ်မြောက် တောင်းပန်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

♥ ♥ ♥



အခန်း (၅)

"မင်း မျက်နှာပြောင်တိုက်လှချည်လား မောင်ကျော်ဇင်. . . မင်းကို MDတို့သားအဖ တော်တော်ပေါက်ကွဲနေတယ်. . . MD အဖေဆို မင်းကို နောက်တစ်ခါ လမ်းမှာတွေ့ရင် အသေထိုးဖို့ဆိုပြီး ခုကတည်းက အိမ်မှာ သဲအိတ်ကို မင်းအမှတ်နဲ့ နေ့တိုင်း လေ့ကျင့်နေလေရဲ့"

မမှုန်သာ၏စကားကြောင့် ကျော်ဇင်သန်းထိုက် မျက်ခုံး လှုပ်သွားသည်။ ပြီးတော့ သနားစရာ (နေတိုးမျက်နှာဘေးနှင့်) ငိုမလို တောင်းပန်သည်။

"မလိမ်မိုးမလိမ္မာလေးမို့ တစ်ခါတော့ ခွင့်လွှတ်ပါ မမရယ်. . . MDတို့သားအဖကို ကျွန်တော်ဒီတစ်ခါ ထိုင်ရှိခိုးပြီး တောင်းပန်ပါ့မယ်. . . ကျွန်တော့်ကို အလုပ်တော့မဖြုတ်ပါနဲ့. . . ဒီအလုပ်မှ မရရင် မဖြစ်လို့ပါ"

"ဘာလဲ. . . မင်းက အလုပ်မရှိရင် စားစရာမရှိလောက်အောင် မွဲနေလို့လား"

"အဲဒီလိုမဟုတ်ပါဘူး မမရယ်. . . ဒီနေ့ အလုပ်စဝင်တဲ့ ရွှေရုပ်လှာဆိုတဲ့ ကောင်မလေးကို ကျွန်တော်ခိုက်သွားလို့ပါ. . . သူနဲ့ နေ့တိုင်းတွေ့ရဖို့ ဒီအလုပ်ရမှ ဖြစ်မှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်သန်းထိုက်စကားကြောင့် မမှုံနံ့သာမျက်နှာ ရှုံ့သွားသည်။

"တော်တော်ကောင်းတဲ့ ရည်ရွယ်ချက်ပဲ၊ မင်းတော့ ကြီးပွားဦးမယ်. . . တဏှာစိတ်တွေ"

"ကူညီပါ မမရယ်. . . သူနဲ့ နီးစပ်ဖို့အရေး မမကူညီမှ ဖြစ်မှာမို့လို့ပါ"

"သေနာလေး. . . ငါ့မျှား အောင်သွယ်တော်မှတ်နေလားမသိဘူး၊ သူက ညနေပိုင်းဂျူတီဟဲ့ နင်က မနက်ပိုင်းဂျူတီ၊ တွေ့ရင်လည်း အသွားနဲ့အပြန် ခဏပဲ တွေ့ရမှာ"

"ဒါဆိုလည်း ကျွန်တော့်ကိုပါ သူနဲ့အတူ ညနေပိုင်းဂျူတီ ပြောင်းပေးပါလား မမရယ်၊ ကျေးဇူးမမေ့ပါဘူး၊ ကျွန်တော်တို့နှစ်ယောက် သားဦးကလေးမွေးရင် မမကို ထိန်းခိုင်းပါ့မယ်"

"ခွေးကောင်. . . ဟိုက ဘယ်ဆီနေမှန်းမသိဘူး. . . နင်က ခြင်ထောင်ထဲထိဝင်ဖို့ ရည်ရွယ်နေပြီ. . . နေဦး ငါ MD ဆီ ဖုန်းဆက်လိုက်ဦးမယ်"

ပြောပြီး မမှုံနံ့သာက ဟန်းဖုန်းကိုထုတ်၍ MD ဆီ ဆက်လိုက်သည်။ MD ထံမှ တုံ့ပြန်လာမည့်အဖြေကို ကျော်ဇင်သန်းထိုက် ရင်ခုန်စွာ စောင့်စားနေ၏။

ဒီကုမ္ပဏီမှာ အင်တာဗျူးဖြေတုန်းကတောင် အဲဒီလောက် ရင်မခုန်။ ခဏအကြာ မမှုံနံ့သာဆီမှ အဖြေထွက်လာသည်။

"MD က ပြောတယ်. . . ဒီကုမ္ပဏီမှာ ဆက်လုပ်ချင်ရင် အချက်နှစ်ချက် လိုက်နာရမယ်တဲ့"

"ဟုတ်လား. . . သူ့အဖေကို ကောင်းကောင်းမွန်မွန်ဆက်ဆံဖို့





ဆင်တယ်၊ ရပါတယ် မမ. . . ကျွန်တော် လိုက်နာနိုင်ပါတယ်"

"မဟုတ်ဘူး. . . . မုတ်ဆိတ်ရိတ်ပြီး ကတုံး တုံးပစ်ရမယ်တဲ့"

ကျော်ဇင်သန်းထိုက် လန့်သွားသည်။

"ဗျာ"

"ဟုတ်တယ်. . . အလုပ်ဆင်းချင်ရင် ကတုံးနဲ့ဆင်းမှ ရမယ်. . . ဒါ မင်းကို ဒဏ်ပေးတာပဲ"

ကျော်ဇင်သန်းထိုက် ဝမ်းနည်းသွားသည်။ မုတ်ဆိတ်ရိတ်တာမှ ဆယ်ပတ်နေ ပြန်ထွက်လာဦးမည်။ သူတစ်လျှောက်လုံး မြတ်မြတ်နိုးနိုး ထိန်းသိမ်းလာခဲ့သော ကောရှည်ကြီးကို အရင်းမှ ရိတ်ချပစ်ရမည်တဲ့။ ဒါတော့ မတတ်နိုင်။

"ခွင့်လွှတ်ပါ မမ. . . ကျွန်တော် မလိုက်နာနိုင်ဘူး. . . ဆံပင်ဆိုတာ ကျွန်တော့်ရဲ့ ဒုတိယအသက်ပါပဲ"

"ဒါဖြင့်ရင်. . . မင်း ဒိုးလို့ရပြီ"

ကျော်ဇင်သန်းထိုက် ဘာမှမပြောတော့ဘဲ ရုံးခန်းထဲမှ အောင်မြင်စွာ ဆုတ်ခွာပြီး ထွက်သွားတော့သည်။

♥ ♥ ♥

ကောင်မလေးတွေက ကျော်ဇင်သန်းထိုက်ကို မချင့်မရဲ ဖြစ်နေကြသည်။ ဆံပင်အဆုံးအရှုံးမခံနိုင်၍ အလုပ်မှ ထွက်ခဲ့ခြင်းကို အားမရသည့်ကြောင့် ဝိုင်းပြောကြသည်။

"ကိုကြီးကျော်ရယ်. . . ကတုံးနဲ့ရော ဘာဖြစ်လဲ. . . သူများတွေတောင် ကတုံးလို့ ပြောမှာစိုးလို့လား"

"မဟုတ်ပါဘူးဟာ. . . ငါ ရွှေရုပ်ကို ကြောင်ချင်လို့ အလုပ်ပြန်ဆင်းချင်တာ ကတုံးကြီးနဲ့ ကြောင်လို့ ဖြစ်ပါ့မလား၊ ဘာမှမထူး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ ကိုယ့်ဘာသာကိုယ် အလုပ်ထွက်ပြီး ဒီကို ခဏခဏ ဧည့်သည် အဖြစ်နဲ့ လာရင်ရတာပဲ"

"ဟင်. . . ကိုကြီးကျော်က ရွှေရုပ်ကို ကြောင်မလို့"

မိန်းကလေးတွေက အံ့သြတကြီး ဝိုင်းကြည့်ကြသည်။

"ဟုတ်တယ်လေ. . . ဘာဖြစ်လဲ လူပျိုက အပျိုကို ကြောင်တာပဲ ငါ ရွှေရုပ်ကို စမြင်တည်းက ခိုက်သွားတာ"

"သြော်. . . ဒါကြောင့် ကိုကြီးကျော်က အလုပ်ပြန်ဆင်းချင် တာကိုး. . . . ဖွန်ကြောင်တာ ကတုံးနဲ့ မကြောင်ရဘူးလို့ ဘယ်ဥပဒေကမှ သတ်မှတ်မထားပါဘူး ကိုကြီးကျော်ရယ်. . . အလုပ် ပြန်ဆင်းလိုက်ပေါ့ ဘာဖြစ်လဲ"

"ရှက်တယ်ဟ. . . ဒီအတိုင်းနေရင်တောင် ငါ့ဆံပင်ကို ဘယ်သူမှ အထိမခံတာ၊ အမေက ညှပ်ခိုင်းရင်တောင် မညှပ်ဘူး၊ ကိုယ်ကြိုက်တဲ့ မိန်းကလေးနဲ့တွေ့မှ ကတုံးတုံးရမယ်ဆိုရင်တော့ အသက်သာသေခံ လိုက်မယ်၊ မတုံးဘူး"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်. . . ရွှေရုပ်မှာ ဘဲရှိတယ်လို့ ကြားတယ်"

"ဘဲရှိတာ ယောကျ်ားရှိတာမှ မဟုတ်ဘဲ"

ကျော်ဇင်သန်းထိုက်က လက်မလျှော့ပေ။ အချစ်ဆိုတာ ဒါပဲပေါ့။

"ယောကျ်ားလည်း ရှိတယ်နဲ့ တူတယ်နော်"

"ယောကျ်ားရှိတာ ကလေးရှိတာမှ မဟုတ်ဘဲ"

တဖြည်းဖြည်း ဆိုးလာသည်။

"ကလေးတစ်ယောက် ရှိတယ်ထင်တယ်"





"တစ်ယောက်ရှိတာ နှစ်ယောက်ရှိတာမှ မဟုတ်ဘဲ"

ကောင်မလေးတွေ ကျော်ဇင်သန်းထိုက်ကို တော်တော်လေး အထိလဲသွားသည်။ ကောင်းလိုက်တဲ့ဆွဲ၊ နောက်ဆုံး ကလေးဆယ်ရောက် နေတယ်ဆိုရင်တောင် မြေးရှိတာမှ မဟုတ်ဘဲလို့ ပြောမလားမသိ။

"ကိုကြီးကျော်က ဆေးမမှီတော့ဘူး ထင်တယ်နော်. . . အာပဲဖြစ်ဖြစ် ရအောင်ယူမယ့်ပုံပဲ"

"နင်တို့ ပိုပြောနေမှန်းသိလို့ ငါ တမင်ရွှဲ့ပြောနေတာ၊ အတည် ပြောပါ. . . သူက အပျို မဟုတ်လား"

"အင်း. . . သေချာတာကတော့ ယောကျ်ားမရှိဘူး. . . အပျို ဟုတ်မဟုတ်တော့ သူပဲသိမယ်"

"ဟင်. . . . ဘာဖြစ်လို့လဲ"

"သူ့မှာ ဘဲရှိတယ်ပြောတယ်"

"ဟဲ့. . . ဘဲရှိတာနဲ့ပဲ အပျိုရည်ပျက်ရရောလား၊ နင့်စကားက ရိုင်းလိုက်တာဟာ"

"သိဘူးလေ. . ခုခေတ်ကြီးက အဲဒီလိုဖြစ်နေတာပဲ"

"အဲဒါ အောက်တန်းစားစိတ်ဓာတ်တွေ. . . ရတနာသုံးပါးမရှိတဲ့ အနောက်တိုင်းက ယဉ်ကျေးမှုတွေ. . . ရွှေရုပ်က မြန်မာမိန်းကလေး သူ့မှာ ဒီလိုအကျင့်မျိုးရှိမှာ မဟုတ်ဘူး"

ကောင်မလေးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

"ကိုကြီးကျော်ကို ညီမတို့က စိတ်စမ်းကြည့်တာပါ. . . ဘယ်လို ပြောမလဲလို့၊ ညီမတို့ သူငယ်ချင်းအကြောင်း ညီမတို့ သိတာပေါ့ ဘဲ ရှိပေမယ့် လိုတာထက် ပိုမပေးပါဘူး၊ ကိုကြီးကျော်က ရွှေရုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အထင် မသေးတဲ့အတွက် ဝမ်းသာပါတယ်"

"အထင်သေးစရာလားဟာ. . . သူ့ကို စမြင်လိုက်ကတည်းက လမ်းလျှောက်ပုံကို ကြည့်ပြီး အပျိုဖြန်းလေးဆိုတာ သဘောပေါက်ပြီး သားပါ"

ကောင်မလေးတွေ မျက်လုံးပြူးကုန်သည်။

"ဟာ. . . ကိုကြီးကျော်က ဆရာကျလှချည်လား၊ မိန်းကလေး တစ်ယောက် လမ်းလျှောက်တာကိုကြည့်ပြီး အပျိုစစ်မစစ် ခွဲနိုင်တယ်၊ အဲဒီနည်း သမီးတို့ကို သင်ပေးပါလားဟင်"

"ဟာ. . . ဘာတွေ လျှောက်ပြောနေတာလဲ၊ သူလမ်းလျှောက်တဲ့ ပုံက တခြားမိန်းကလေးတွေလို ပဲမပါ၊ ပြာယီးပြာယာလည်း မဟုတ်၊ စင်ယော်တောင်ပံခတ်သလို ငြိမ့်ငြိမ့်ညောင်းညောင်း သာသာယာယာ လေးမို့လို့ ကန္ဒြေရှိတဲ့ မိန်းကလေးဆိုပြီး မှတ်ချက်ချလိုက်တာ၊ ဒါပြောတာ"

"အလဲ့. . ကဗျာဆန်လှချည်လား. . ကဗျာဆရာ လုပ်တော့မယ် ထင်တယ်"

"ဒီလိုပါပဲဟာ. . . အချစ်နဲ့တွေ့ရင် လူတိုင်းဟာ ကဗျာဆရာတွေ ဖြစ်သွားတာပါပဲ"

အဲဒီအချိန်မှာ ကဗျာလေးတစ်ပုဒ် ဂိတ်ပေါက်ဝရှေ့ကို ဝင်လာ သည်။

"ဟာ. . ကိုကြီးကျော် ပြောရင်းဆိုရင်း ရွှေရုပ်လာပြီ. . မိတ်ဆက် ပေးမယ်"

ရင်ခုန်သံ စိတ်ရိုင်းတွေ နှလုံးသားထက်က ရာဇပလ္လင်မှာ တဆုန်ပေါက် ကခုန်နေသည်။

အချစ်နတ်သမီးရဲ့ ပြုစားမှုကြောင့် ရင်ခွင်နန်းတော်ကြီးတစ်ခုလုံး





သူ့လက်ထဲ နှင်းအပ်ရတော့မလိုလို။

ပျိုမြစ်မှုပေါင်း ထောင်သောင်းမက ဖွဲ့စည်းထားသော သူ့ရုပ်လွှာ လေးကို ကြည့်၍ နှုတ်ခမ်းဖျားမှ ကာရန်မဲ့သံစဉ်တွေ တုန်ရီစွာ ထွက်ကျလာသည်။

"တွေ့. . . တွေ့ရတာ ရင်ခုန်ပါတယ်. . . အဲလေ ဝမ်းသာ ပါတယ်"

"ရွှေရုပ်လည်း ဝမ်းသာပါတယ်"

အပြုံးတစ်ချက်နှင့်ပင် သေလို့ရတဲ့ သူ့နှုတ်ဖျားက စကားသံလေး တွေဟာ ဆူနာမီ အဖျားခတ်သလို လူကို ရူးမတတ် ဖြစ်စေခဲ့သည်။ ပျော်ရွှင်ခြင်းများစွာနဲ့ သူမနှင့်စတင်ဆုံစည်းခွင့်ရခဲ့သော ဒီနေ့ဟာ သူ့နှလုံးသားပြက္ခဒိန်ထဲမှာတော့ Valentine day ပေါ့။ နောက်နေ့ကစပြီး ဧည့်သည်အဖြစ်နဲ့ ဒီပန်းဥယျာဉ်ထဲကို ကျော်ဇင်သန်းထိုက် ခြေလှမ်းတွေ ချောင်းပေါက်မတတ်ဖြစ်ခဲ့ရတော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

♫ သူ့ကိုမှ ချစ်မိနေပါတယ်×××တွေ့နေမြင်နေကျမို့ ဖြေဖျောက်ဖို့လည်းမလွယ်×××မျက်စိထဲတဝဲလည်လည်××× သူ့အလှ ပင့်ကူမြေးသဖွယ် ရစ်ပတ်ဖွဲ့နှောင် ထားလို့ ရုန်းထွက်ဖို့လည်း ခက်လှတယ်××× ကိုယ့်ကိုကွယ် စိုးမိုးနိုင်လွန်းတယ်××× ♫

ဂစ်တာတစ်လက်ဖြင့် ရင်ထဲက ခံစားချက်တွေ ဖွင့်ထုတ်နေစဉ် ငယ်သူငယ်ချင်းမလေးတစ်ယောက် ခြံထဲ ရောက်လာသည်။

"ကျော်ကျော်. . . ဂစ်တာကြီးတီးပြီး တွံတေးသိန်းတန်သီချင်း ဆိုလို့ပါလား. . . ငါ မယ်ဒလင်သွားငှားပေးရမလား"

"နင့်မှာ ရှိလို့လား"

"ဝါ့မှာတော့ မရှိဘူး. . . ရထားပေါ်မှာ ပိုက်ဆံတောင်းနေတဲ့ လူတွေဆီမှာ သူတို့တစ်ရက်စာလုပ်အားခ ရှင်းပေးရင် ငှားလို့ရတယ်"

ကျော်ဇင်သန်းထိုက် နင်သွားသည်။

"ဗိုင်းတာမ. . ငါက အဟုတ်မှတ်လို့ . . နင် ဘာလာရှုပ်တာလဲ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး ဇရပ်မှာ သွားနေစမ်းပါဟာ"

ဒီတစ်ခါ နင်သွားတာ လေးပွင့်ဖြူ။

"အောင်မာ. . . ငါ့များ ဇရပ်မှာ သွားနေတဲ့ ဆွဲထိုးလိုက်လို့. .





နှာတွေ ကျွတ်သွားဦးမယ်"

လေးပွင့်ဖြူက လက်သီးဆုပ်လေးရွယ်၍ ပြလိုက်ရာ ကျော်ဇင်သန်းထိုက်က သူ့လက်ချောင်းတွေနှင့် ဖမ်းဆုပ်ထား လိုက်သည်။

"ဟား. . . ဟား. . သူ့ရဲ့ ဖြုတ်လက်သီးဆုပ်လောက်နဲ့များ ငါ့ကို ထိုးဦးမတဲ့ . . ကဲ. . . ရုန်းစမ်းကွာ"

လေးပွင့်ဖြူ ကျော်ဇင်သန်းထိုက်၏ ဖမ်းဆုပ်ခြင်းခံထားရသော သူ့လက်တွေကို ရုန်းထွက်သည်။

"လွှတ်ဟာ. . . နာတယ်"

ကျော်ဇင်သန်းထိုက် လွှတ်ပေးလိုက်ပါသည်။

"နင် ငါ့ကို မယှဉ်နိုင်ဘဲနဲ့များ လူစွာ မလုပ်စမ်းပါနဲ့ ပွင့်ဖြူရယ် အား. . ဟား"

"ဟဲ့. . . ရယ်မနေနဲ့. . . နင့်ကို ငါမေးရဦးမယ်. . . နင် အလုပ် ဖြုတ်သွားပြီဆို"

"အေးလေ. . . အဲဒါ ဘာဖြစ်လဲ"

"သုံးရက်ပဲ ခံပါလား ကျော်ကျော်ရယ်"

"နင်ဆိုရင် ဘယ်နှစ်ရက်ခံမှာလဲ"

"ဟဲ့. . . ဘာတွေ လျှောက်ပြောနေတာလဲ"

"ဘာလဲ. . နင်ရော အလုပ် လုပ်ရင် ဘယ်နှစ်ရက်ခံမှာလဲလို့ မေးတာ"

"ငါက နင့်လို မဟုတ်ဘူးနော်. . မလုပ်သေးရင်သာရှိမယ်. . . လုပ်ရင်တော့ တစ်နေရာတည်းမှာ စွဲစွဲမြဲမြဲနဲ့ ကြိုးစားပမ်းစားလုပ်မယ်။ အလုပ်ကို အတည်တကျ လုပ်စမ်းပါ ကျော်ကျော်ရယ်. . . တလေး တစားသလို မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လေးပွင့်ဖြူက ကျော်ဇင်သန်းထိုက်ကို အားမလိုအားမရ ပြောသည်။

"ကလေးကစားသလို လုပ်ရအောင် ငါက အလုပ်ထဲမှာ ဂေါ်လီရိုက်နေလို့လား. . . ပိုက်ဆံထောင်ပစ်နေလို့လား. . . သူ့ဘာသာသူ ပြုတ်ချင်လို့ ပြုတ်သွားတာပါဟာ"

"နင်ကလေ. . . ပြောလိုက်ရင် ဆင်ခြေချည်းပဲ. . ထားပါတော့ အလုပ်ပြုတ်သွားတာတော့ ဟုတ်ပြီ. . နင် ဒီရက်ပိုင်း အလုပ်မရှိဘဲနဲ့ ဘယ်တွေ လျှောက်သွားနေတာလဲ. . . တစ်နေကုန် ပျောက်နေတယ်"

"ဟဲ. . . ဟဲ. . ဒါက ဒီလိုရှိတယ်ဟ. . . ငါ အလုပ်လုပ်ခဲ့တဲ့ အဲဒီကုမ္ပဏီက ဧည့်ကြိုဝန်ထမ်းကောင်မလေးတစ်ဌွေကို ကြောင်နေတာ"

"ဟင်. . နင် ဖွန်ကြောင်နေတယ်"

လေးပွင့်ဖြူက မျက်လုံးအဝိုင်းသားလေးနှင့် ပြောသည်။

"အေးလေဟာ. . . ဖွန်ကြောင်တာပဲ ဘာဖြစ်လဲ. . . အခွန်ဆောင်စရာမှ မလိုတာ. . . အံ့သြတကြီးနဲ့"

"ကျော်ကျော်ရယ်. . . နင်က ကောင်မလေးချောချောမြင်ရင် မနေနိုင်ဘူးနော်. . . နည်းနည်းပါးပါး ဣန္ဒြေလေးဘာလေး ထိန်းပါဦးလားဟယ်. . . ဖူးစာမှန်ရင် နင်တစ်နေ့ မိန်းမရမှာပါ"

လေးပွင့်ဖြူက ကျော်ဇင်သန်းထိုက်ကို သူငယ်ချင်းတစ်ယောက်အနေနှင့် ဖျောင်းဖျရာ ကျော်ဇင်သန်းထိုက်က ပြန်ရှင်းပြလိုက်သည်။

"ဒီမှာ ပွင့်ဖြူ. . . ယောကျ်ားဆိုတာ နွားဘူးနဲ့ဂန်ဒူး နှစ်မျိုးပဲရှိတယ်. . အဲ ဘုန်းကြီး ရဟန္တာတွေကလွဲလို့ပေါ့. . . ငါ ဂန်ဒူးတော့ အဖြစ်မခံနိုင်ဘူး. . . နွားဘူးပဲလုပ်မယ်"

"ဒါပေမယ့် နင်သိထားဖို့က နွားဘူးမှာလည်း နွားဘူးသိက္ခာ





ရှိတယ်ဟ. . ကိုယ် နွားဘူးဆိုတာကို လူတကာရှေ့မှာ လျှောက်ကြွားပြီး ညည်းမစောင့်တာ သိက္ခာမရှိတဲ့ နွားဘူးတွေအလုပ်. . . . တကယ်လို့ ဘူးချင်တယ်ဆိုရင်တောင် သိက္ခာလေးထိန်းပြီး ဆင်ခြင်ပေါ့။ နင့်လိုသာ ပေါ်တင်ဘူးမယ်ဆိုရင် ကမ္ဘာပေါ်မှာ ရှိသမျှယောကျ်ားတွေ သိက္ခာ ထစ်ပြားမှုရှိမှာမဟုတ်တော့ဘူး. . . အကုန်နွားဘူးတွေချည်း ဖြစ်ကုန်မယ်"

"ပွင့်ဖြူ. . . နင်နဲ့ငါ နွားဘူးစကားပြောဖို့ အချိန်မရဘူး. . . ဒီနေ့ ရွှေရုပ် အလုပ်ဆင်းမယ့်အချိန် ငါ သွားစောင့်ပြီး ရည်းစားစကားပြောမလို့ နင်ပြန်တော့"

သူ့စကားကြောင့် လေးပွင့်ဖြူ စိတ်မကောင်း ဖြစ်သွားသည်။

"ရပါတယ်ဟာ. . . အိမ်ရှင်က နှင်ပြီဆိုတော့လည်း ဧည့်သည်က ပြန်ရမှာပေါ့. . . မပြန်ခင် ချစ်သူဆီက အဖြေတောင်းမယ့် ငါ့သူငယ်ချင်းကို ဆုမွန်ကောင်းတောင်းပေးခဲ့မယ်နော်"

"ဘယ်လို တောင်းပေးမှာလဲ"

"နင် ခုနပြောတဲ့ ရွှေရုပ်က နင့်ကိုပြန်ပြီး"

"အေး"

"ပါးမရိုက်ပါစေနဲ့လို့"

"ဟာ. . . ဒီပိုးတာမတော့"

လေးပွင့်ဖြူ ပြောပြီး ထွက်ပြေးသွားရာ ကျော်ဇင်သန်းထိုက် ခရီးမရွှနှင့် ပိုးထပြီး ပုဆိုးမ ကျန်ခဲ့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ရွှေရုပ်

မင်းရဲ့အလှက လန်းထွက်နေတယ်… စတွေ့ကတည်းက ချိတ်သွားတာပါ… ကိုယ့်ရဲ့ အကြည့်တွေကို ဒုတ်တယ်ဆိုရင် အချစ်တွေပလန်းပလန်းထနေမှန်း သိမှာပေါ့… မိန်းကလေးတွေ အများကြီး ရှိတဲ့ထဲက မင်းဟာ အမုန်းလေးမှန်း ဘဲတွေ တော်တော်ပွကြတယ်… အဲဒီ ကောင်တွေနဲ့လည်း ကိုယ် ငြိပြီးသွားပြီ။ မင်းရဲ့အလှကို ကိုယ်ကလွှဲပြီး ဘယ်သူတွေ နိုင်တာမှ မကြိုက်ဘူး …မင်းဘေးနားမှာ Bodyguard အဖြစ် နေချင်တယ်….မင်းကိုချုပ်ပိုကြိုးစားတဲ့ကောင်ဆို ကိုယ် ဖြုတ်မယ်… ပိုက်ဝဘတော့မဟုတ်ဘူး၊ မင်းအတွက်ဆို မြဟ္မာကြီး ဦးခေါင်းတောင် ကိုင်ရဲတယ်၊ ဒီလောက်ဆို ကိုယ့်ရဲ့အချစ်တွေကို ပေါက်မှာပေါ့…ကိုယ့်အပေါ် အထာမထားဘဲ ပြန်ချစ်စေချင်တယ်၊ အကျော်ဇယားတော့ မခင်းလိုက်ပါနဲ့။

ကျော်ဇင်သန်းထိုက်

ကျော်ဇင်သန်းထိုက်ရဲ့ မေတ္တာစာရွက်လေးက အလယ်ကနေ နှစ်ပိုင်း ပြဲသွားသည်။

"ဗြဲ"

"ဟင်. . . ရွှေရုပ်. . . ဒါဘာလုပ်တာလဲ"

"ဆွဲဖြဲတာလေ. . ကျွန်မ ရှင့်ကို လုံးဝစိတ်မဝင်စားဘူး. . လုံးတ လမ်းသရဲပုံပေါက်သလောက်၊ ရေးတဲ့စာကလည်း လမ်းဘေး စကားလုံး တွေနဲ့"

"ကိုယ်က ခေတ်မှီအောင် ဗန်းစကားတွေ သုံးပြီး ရေးလိုက်





တာပါ ရွှေရုပ်ရယ်. . . . မင်းမကြိုက်ရင် ကိုယ် နောက်တစ်စောင် ပြန် ရေးပေးပါ့မယ်"

ကျော်ဇင်သန်းထိုက် မျက်နှာငယ်လေးနှင့် အယူခံဝင်သည်။ ရွှေရုပ်လှွာရဲ့လုပ်ရပ်က စာတင်မဟုတ် သူ့နှလုံးသားကိုပါ ဆွဲဖြဲလိုက်သလို ခံစားရစေသည်။

"မလိုပါဘူး၊ ကိုကျော်ဇင်သန်းထိုက်ရယ်. . . ကျွန်မမှာ ချစ်သူ ရှိမှန်းသိသိကြီးနဲ့ ဒီလိုစာမျိုး ပေးရဲတဲ့ရှင့်ရဲ့လမ်းသရဲလုပ်ရပ်ကို အရမ်း ရွံတယ်"

ရွှေရုပ်ရဲ့ စကားလုံးတွေက သူ့ရင်ဘတ်ကို မညှာမတာ နင်းချေ နေသည်။

"ရွှေရုပ်ရယ်. . လမ်းသရဲ. . လမ်းသရဲနဲ့ မပြောပါနဲ့. . ကိုယ်ဟာ ခေတ်လူငယ်ပီပီ၊ ခေတ်နဲ့အညီ ဝတ်စားဆင်ယင်နေထိုင်ပေမယ့်. . . လမ်းသရဲတော့ မဟုတ်ပါဘူး"

"လမ်းသရဲဆိုတာ. . ဘယ်လို ဝိနည်းသိက္ခာတွေ ရှိလဲတော့ ငါ မသိဘူး. . . . ငါသိတာက နင့်ကို လုံးဝ မနှစ်မြို့ဘူး. . . ပြန်တော့"

"ရက်စက်လိုက်တာ ရွှေရုပ်ရယ်. . . မင်းမျက်နှာလေးကို မှိုင်လိုက်ရုံနဲ့ ကိုယ့်အိပ်မက်တွေ ခမ်းနားခဲ့တာပါ၊ ကျေးဇူးပြုပြီး အိပ်မက်တွေကို မဖျက်ဆီးလိုက်ပါနဲ့"

"ရှင် ဘယ်လိုအိပ်မက်မက်လဲတော့ ကျွန်မမသိဘူး. . . ကျွန်မ အိပ်မက်ထဲမှာတော့ ရှင်မပါတာ သေချာတယ်. . . ဟိုမှာ ကျွန်မဘဲ လာကြိုနေပြီ ရှင်ဒိုးတော့"

ရွှေရုပ်က ဗန်းစကားနှင့် သူ့ကို ပြန်နှင်သည်။

ကျော်ဇင်သန်းထိုက် ကြည့်လိုက်ရာ ရွှေရုပ်ဘဲဆိုသူက ကားရှား



www.burmeseclassic.com

www.burmeseclassic.com



တားရေးနှင့် လျှောက်လာသည်။ အနားရောက်သောအခါ

"ရွှေရုပ် ဘာဖြစ်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူး. . . စတုဒီသာ ဘယ်နားမှာ ကျွေးလဲ မေးလို့ ပြောပြနေတာပါ"

ရွှေရုပ်က သူ့ချစ်သူ အထင်မလွဲစေရန် မုသာဝါဒကံ ကျူးလွန်လိုက်သည်။ ရွှေရုပ်ဘဲက ကျော်ဇင်သန်းထိုက်ကို စိုက်ကြည့်ပြီး

"ညီလေးကြည့်ရတာ ဘာမှ မစားရသေးဘူးထင်တယ်. . . ဒါ စတုဒီသာကျွေးတဲ့ တန်ဆောင်တိုင်ရာသီ မဟုတ်သေးဘူးကွ. . . မင်း စိတ်ဆာရင်တော့ ကိုယ်တို့နှစ်ယောက် မင်္ဂလာဆောင်ကျရင် ဖိတ်လိုက်မယ်. . အဲဒီအခါ ဒန်ပေါက်ကျွေးမှာ"

ကျော်ဇင်သန်းထိုက် ရင်နာသွားပါသည်။ ရွှေရုပ်ဘဲကို ဆွဲထိုးချင်စိတ်ပေါက်မိသော်လည်း ရွှေရုပ်မျက်နှာကြောင့် ခွင့်လွှတ်လိုက်သည်။

"ရပါတယ်ဗျာ. . . ကျုပ်စားချင်တာ ဒန်ပေါက် မဟုတ်ဘူး"

"ဒါဆို ဘာစားချင်တာလဲ"

"သူ သိပါတယ်"

ကျော်ဇင်သန်းထိုက်က ရွှေရုပ်မျက်နှာကို ကြည့်ပြီး ပြောလိုက်ရာ ရွှေရုပ်ဘဲက ရွှေရုပ်ကို မသင်္ကာသလို ကြည့်လိုက်သည်။ ရွှေရုပ်က အထိတ်တလန့်ဖြင့် လက်ကာပြပြီး

"မဟုတ်ဘူး မောင်. . . သူ သက်သက်မဲ့ ယုန်ထင်ကြောင်ထင် ဖြစ်အောင် ပြောနေတာ၊ ရွှေရုပ် သူ့ကို လုံးဝစိတ်မဝင်စားဘူး"

"အခုတော့ ပြောပြီလား ရွှေရုပ်ရယ်၊ စတွေ့တုန်းကတော့ ကိုယ့်ကို တွေ့တာ ဝမ်းသာတယ်လေး ဘာလေးနဲ့"

"သူပြောတာ ဟုတ်လား ရွှေရုပ်"





"ဟုတ်တယ်လေ. . သူငယ်ချင်းတွေက မိတ်ဆက်ပေးလို့ တွေ့ရတာ ဝမ်းသာပါတယ်ပြောတာပေါ့. . . ဒီထက် မပိုပါဘူး"

ရွှေရုပ်ဘဲက ကျော်ဇင်သန်းထိုက်ကို ဘုရှုံ့ရှုံ့လိုက်သည်။ ရွှေရုပ်ကလည်း ကျော်ဇင်သန်းထိုက်ကို မျက်စောင်းထိုး၍ ကြည့်ပြီး

"ဒီမှာ ကျော်ဇင်သန်းထိုက် ရှင် ကျွန်မတို့ချစ်သူနှစ်ယောက်ကြား သံသယဖြစ်စေမယ့် စကားတွေ မပြောနဲ့၊ ကျွန်မက သူ့ကို လုံးဝ သစ္စာမဲ့မှာ မဟုတ်သလို ရှင့်ကိုလည်း ယောင်လို့တောင် စိတ်တူး မယဉ်ဘူး၊ ရှင့်အကြောင်း မတော်တဆ တွေးမိရင်တောင် အဲဒီနေရာမှာတင်ပဲ တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပစ်လိုက်မယ် မှတ်ထား"

ရွှေရုပ်က အဲဒီလို နင့်နင့်နဲနဲ ပြောလိုက်ရာ ရွှေရုပ်ဘဲက ကျေနပ်သလိုကြည့်ပြီး ရွှေရုပ်ကို လက်ဆွဲ၍ ခေါ်သွားတော့သည်။

ဟတ်ကော့ကြီး ကျန်ခဲ့သူက ကျော်ဇင်သန်းထိုက်ရယ်ပါ။ ချစ်သူရဲ့အစိမ်းရောင် မြားချက်တွေက သူ့နှလုံးသားရဲ့ ဗဟိုစက်ဝိုင်းကို တည့်တည့် ခွင်းသည်။

ချစ်သူ၏လက်ကိုတွဲ၍ ကော့ကော့ ကော့ကော့နှင့် ထွက်သွားသော အသည်းခွဲဘုရင်မ၏ အမိန့်စီရင်ချက်က ပြင်းထန်လိုက်တာ။

သူ့နှလုံးသားကို ကြိုးစင်တင်၍ မသေမချင်း သားရေကွင်းနှင့် ခတ်သတ်တာကမှ ခံသာဦးမည်။

အဲဒီနေ့ကစပြီး ကျော်ဇင်သန်းထိုက်တယောက် တစ်ပတ်လောက် အိမ်တွင်းအောင်းပြီး အသည်းကွဲဝေဒနာကို ကဗျာတွေထိုင်ရေး၍ ထုစားနေခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com



အချစ်ရေကြီးခြင်း သတိပေးချက်

*ပြင်းအားအတော်သင့်ရှိသော ရင်တွင်းအချစ်ရေ သည်စံတော်ချိန် အနည်းငယ်အတွင်း အမုန်းချောင်း တံတားကိုကျော်၍ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၁၅၀၀အထိ မြင့်တက် လာဖွယ် ရှိသည်။ ရင်ခုန်သံလှိုင်း တံပိုးများသည်လည်း မေတ္တာဒီရေနှင့်အတူ အစိမ်းရောင် တံတိုင်းများကို ဖြတ်ကာစိုးရိမ်ရမှတ် ကျော်လွန်စ ပြုလာသည်။*

*သို့ဖြစ်ပါ၍ ကောင်မလေးများ ရေမနစ်စေရန် ရေကူးဝတ်စုံကိုဝတ်၍ ကျွန်ုပ်၏နှလုံးသား ဟာဘိုင်ရှိ ကျွန်းလေးပေါ်၌ ခေတ္တနားခိုနေကြပါရန် သတိပေး နှိုးဆော်လိုက်ရပါသည်။*

ကျော်ဇင်သန်းထိုက် ကိုယ့်ကဗျာကိုယ်ပြန်ဖတ်ပြီးနောက် စိတ်မာတ်ကျကာ ဆွဲဖြဲလိုက်သည်။

"ဘာတွေမှန်းလဲ မသိဘူးကွာ. . . နားလည်း မလည်ဘူး. သွား"

ဖြဲပြီးနောက် စာရွက်ကို လုံးချေပြီး အခန်းဝကို နောက်ပြန် ပစ်ပေါက်လိုက်သည်။ အဲဒီအချိန် အခန်းထဲဝင်လာသော အဘွားရဲ့ ခြေအစုံကို စက္ကူလုံးလေးက ဦးတိုက်သည်။

"ရင်ထဲမှာ. . ခံစားနေရပါတယ်ဆိုမှ ကဗျာကောင်းလေးတွေ ထွက်မလာဘဲ. . ကြောင်တောင်တောင်စာသားတွေ ထွက်လာတယ်. . စိတ်ပျက်တယ်. . . ဟူး"

"သားရဲ့ခံစားချက်တွေ အဘွားကို ပြောပြပါလား သားရယ်. . အဘွား ကူညီနိုင်တာဆို ကူညီမယ်လေ"

အသံကြောင့် ကျော်ဇင်သန်းထိုက် ကမန်းကတန်း နောက်လှည့် ကြည့်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"ဟာ. . . အဘွား. . ဒုက္ခပဲ ပေါ်ကုန်ပြီ"

"မရှက်ပါနဲ့ သားရယ်. . . အဘွားလည်း ငယ်ရာကကြီးလာ တာပါ. . . မင်းရဲ့ခံစားချက်တွေ အဘွားကို ပြော၊ အဘွားငယ်ငယ်က အတွေ့အကြုံလေးတွေနဲ့ ရင်းပြီး နည်းလမ်းကောင်းလေးတွေ ပေးမယ်"

ငယ်ငယ်တည်းက သူ့ကို အလိုလိုက်ခဲ့သော အဘွားက ရန်ကုန်ကို လာလည်ခိုက် မြေးဖြစ်သူကို မြှောက်ပေးရာ ကျော်ဇင်သန်းထိုက်လည်း သိသွားမှတော့ မထူးတော့ပြီမို့ အဘွားကို ရင်ဖွင့်လိုက်သည်။

"အဲဒါဆို ကျွန်တော် မဖုံးကွယ်တော့ပါဘူး အဘွားရယ်. . ကျွန်တော် ရွှေရုပ်ဆိုတဲ့ကောင်မလေးတစ်ယောက်ကို ချစ်မိနေပြီ"

အဘွားက ခုံမှာ ထိုင်လိုက်ရင်း

"သူ့ဘက်ကရော"

ကျော်ဇင်သန်းထိုက် မျက်နှာငယ်လေးနှင့်

"ကျွန်တော့်အကြောင်း ယောင်လို့ စဉ်းစားမိရင် အဲဒီနေရာမှာပဲ တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်လိုက်မယ်တဲ့"

အဲဒီစကားကြောင့် အဘွား ပေါက်ကွဲသွားသည်။

"အောင်မာ ရာရာစစ. . . ငါ့မြေးကိုများ ဒင်းက ဘာမို့လို့လဲ အချိန်တန်ရင် လင်ယူရမှာပဲကို မာန်တက်နေတယ်"

"အဲဒီလိုတော့ မပြောပါနဲ့အဘွားရယ်. . . သူ့မှာ ဘဲနဲ့တယ် အဲဒါကြောင့် ကျွန်တော့်ကို ငြင်းနေတာ ဖြစ်မှာပါ"

"ဘဲရှိတာ ဘာဖြစ်လဲကွာ. . . ယောကျ်ားရှိတာမှ မဟုတ်တာ







www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အဘွားငယ်ငယ်တုန်းတဆိုရင် စော်ရှိတဲ့ မင်းအဘိုးကို ရအောင် လှူခဲ့တာ မင်းဒီအရွယ်ထိရောက်လာတာပဲ ကြည့်တော့"

"ဒါဆိုရင် အဘွားက ငယ်ငယ်တုန်းက တော်တော်ပွေးမှာပဲနော်"

"ဒါပေါ့. . အဘွားက ငယ်ငယ်တုန်းက ဂျပွေးပဲဟာ. . ပြီးတော့ ဝေါ်လီပဲ"

"ရိုက်တာလားဟင်"

"ဟဲ့. . ကောင်လေး ဝေါ်လီရိုက်ရအောင် ငါက ယောကျ်ားလေး မဟုတ်တာ၊ အဘွားက ငယ်ငယ်က အရမ်းလန်းတာ ပြီးတော့ အထာလည်းကျတယ်. . . အဲဒါကြောင့် ဝေါ်လီပဲလို့ ပြောတာ"

ဒီမြေးနဲ့ဒီအဘွားက လိုက်လည်း လိုက်သည်။

"ဆိုပါဦး အဘွားရဲ့. . . ဒါဆို ကျွန်တော် ရွှေရုပ်ရဲ့အချစ်ကို ရဖို့ ဘယ်လိုလုပ်သင့်လဲ"

"အင်း. . . မင်း ရွှေရုပ်ကို ဘယ်လိုပုံစံနဲ့ လိုက်တာလဲ"

"သူပြန်မယ့် လမ်းမှာ စောင့်ပြီး ရည်းစားစာပေးတာ အဘွား"

"ရိုးလွန်းတယ်ကွယ်"

"မရိုးပါဘူး အဘွားရယ်. . . ရည်းစားစာထဲမှာ ရေးထားတာ ဗန်းစကားတွေနဲ့ချည်းပဲ၊ အဲဒါကို သူက လမ်းသရဲဆန်တယ်လို့ ကျွန်တော့်ကို ပြောလွှတ်လိုက်တယ်"

"အဲဒါကို ပြောတာ မဟုတ်ဘူးကွ၊ ရိုးလွန်းတယ်ဆိုတာ မင်းရဲ့ ဗျူဟာကို ပြောတာ. . . ခုခေတ်က ဒုံးပျံခေတ်၊ ဒီလိုအနုအရွအလု လေးတွေ လုပ်နေလို့ မရဘူး. . . အဘွားဆို မင်းအဘိုးရဲ့အိမ်ရှေ့ကို ညတိုင်း ဂစ်တာသွားတီးတာ. . "

"ဟင်. . . ပြောင်းပြန်ကြီးနော်"





ကျော်ဇင်သန်းထိုက် မျက်လုံးထဲမှာ အဘွားရဲ့ဂစ်တာတီးနေတဲ့ ပုံရိပ်လေး မြင်ယောင်လာသည်။

"အဲဒါကြောင့် အဘွားက ဝေါ်လီပါဆို. . . မင်းတို့ခေတ်ကျတော့ ဂစ်တာတီးရုံနဲ့ မရတော့ဘူး"

"ဒါဆို ဝါးဆစ်ပိတ်ပါ တီးရမှာပေါ့နော်"

"နင့်ကြီးတော် ဝါးဆစ်ပိတ်တီးရမှာလား. . . ဝါးဆစ်ပိတ်တီးရင် သိုက သူတောင်းစားနဲ့ မှားပြီး ကန်တော့ပါစေရဲ့ လုပ်လိုက်မှာပေါ့"

"ဟဲ. . . ဟဲ ကျွန်တော်က နောက်တာပါ အဘွားရယ်"

ကျော်ဇင်သန်းထိုက်နှင့် သူ့အဘွားက အဲဒီလို သူငယ်ချင်းပေါင်း ပေါင်းသည်။

"နောက်မနေနဲ့ အဘွားပြောမယ်. . နားထောင်၊ မင်း သူ့ အိမ်ရှေ့ကို ညတိုင်းသွားပြီးရင် ဖုန်းဆက်ပြီး ချစ်ရေးဆို. . . မပေးရင် တစ်ညလုံး အိမ်ရှေ့က မပြန်ဘူးလို့ အကျပ်ကိုင်၊ သူ့အဖေကြီး ထွက်လာရင် ကျွန်တော် အနံကယ့်သမီးကို လာကြောင်တာပါ လို့ပြော. . . ရပ်ကွက်လူကြီး ခေါ်လိုက်မယ်ဆိုရင် တစ်ခါတည်း ခေါ်လာဆောင်ပေးပါလို့ ခွင့်တောင်း. . . ကြားလား"

"အဘွားရဲ့နည်းလမ်းကို နားထောင်ရတာ ကျွန်တော် မျက်ခုံး လှုပ်တယ်ဗျာ. . . ကိုယ့်မြေးလေးမို့လို့ ရဲစခန်းအရောက်ပို့နေတာလား ဟင်. ဆော်သေးလို့ သူ့လိပ်စာရော ဖုန်းနံပါတ်ပါ မသိဘူး"

"ဟဲ့. . ငါက ငါ့မြေးကို အဲဒီလို လုပ်ပါ့မလား၊ ဥပမာပေးတာ နည်းတလေးဆိုတာ အကျပ်ကိုင်ရင် လိုက်လျောတတ်တယ်. . အဘွား ကိုယ်တွေ့၊ အဲဒီတော့ သူလည်း ပတ်ဝန်းကျင်မှာ အရှက်ရချင်မှာ မဟုတ်ဘူး. . အခုကစပြီး မင်း ဒဿဂီရိထုံး နှလုံးမူပြီး ယယ်သီတာတို



www.burmeseclassic.com

www.burmeseclassic.com



ပန်းရထားနဲ့ တင်ပြေးပေတော့"

အဘွားစကားတွေကြားမှ ကျော်ဇင်သန်းထိုက် အားတွေတက်လာသည်။

"အဘွားပြောမှ ကျွန်တော် အားရှိလာပြီ အဘွားရယ်. . . ဒါဆို နောက်နေ့ကစပြီး ကျွန်တော် သူ့အနားမှာ အရိပ်လိုလိုက်ပြီး ရအောင်လိုက်တော့မယ်"

"ဒါပဲပေါ့"

ကျော်ဇင်သန်းထိုက်နှင့် သူ့အဘွား လက်ဝါးချင်း ရိုက်လိုက်ကြသည်။

♥ ♥ ♥



## အခန်း (၈)

"ဟမ်. . ရွှေရုပ် အလုပ်ထွက်သွားပြီ. . ဟုတ်လား"

"ဟုတ်တယ်. . . ကိုကြီးကျော်၊ သူ့အမေ ကျန်းမာရေးကြောင့် အိမ်မှာ ပြုစုဖို့လိုတယ်ဆိုပြီး တစ်လကြို ထွက်စာတင်သွားတာ၊ မနေ့က နောက်ဆုံးဆင်းတာပဲ"

မျှော်လင့်ချက်ရောင်စဉ်တွေ အမှောင်ကမ္ဘာထဲ ပျောက်ဆုံးတုန်သည်။ ချစ်သူရဲ့ပါးတစ်ဖက်ကို နမ်းမည်ဟု အားတင်းလာခါမှ နှာစေးနေတဲ့အဖြစ်လို ဟတ်ကော့ကြီး။

"ဒါဆိုရင်. . သူနဲ့ ထပ်တွေ့ဖို့ မဖြစ်နိုင်တော့ဘူးပေါ့"

ကျော်ဇင်သန်းထိုက်လေသံက အားပျော့လွန်းလှသည်။ အခုချိန်မှာ နှလုံးသားတွေ နာမကျန်း ဖြစ်နေပြီပဲ။

"နေပါဦး ကိုကြီးကျော်က တစ်လလုံး ဘယ်ပျောက်နေတာလဲ. . သမီးတို့က ကိုကြီးကျော် ရွှေရုပ်ကို လက်လျှော့လိုက်ပြီထင်တာ"

"ဘာလို့ လက်လျှော့ရမှာလဲ ဟာ. . . ငါ ရွှေရုပ်ကို တကယ်တွေ့တာ. . အဘွားရဲ့နာရေးကြောင့် တစ်လလုံး ဒီကို မလာဖြစ်တာပါ"

"ကိုကြီးကျော် အဘွားက ဘာဖြစ်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားက သရက်ရွက်ပိုးစားလို့တဲ့၊ အဲဒါ ဆေးရုံမှာ ရက် ၂၀ လောက် တက်ပြီးတော့ ဆေးကုရတယ်. . . ပိုက်ဆံ သိန်း ၂၀၀ လောက် ကုန်သွားတယ်၊ မနေ့ကမှ အသုဘချတယ်လေ"

"ဟင်. . . သရက်ရွက် ပိုးစားတာနဲ့ အဘွား ဆေးရုံရောက်တယ်. . ဧကန္တ သရက်ပင်က အဘိုးရဲ့ချစ်သက်လက်ဆောင်မို့လို့ အဲဒီလောက်ခံစားသွားရတာ ထင်တယ်. . အဘွားရဲ့အချစ်ကတော့ ဝင်းနစ်စံချိန် တင်လောက်တယ်ဟာ"

"ဟုတ်တယ်"

"ဘာတွေ ပြောနေကြတာလဲ. . . သရက်ရွက် ပိုးစားတယ်ဆိုတာ ခြံထဲက သရက်ပင်ကို ပြောတာ မဟုတ်ဘူး. . . အဘွားရဲ့ ခန္ဓာကိုယ်ထဲတ သရက်ရွက် ပိုးစားတာကို ပြောတာ"

ကောင်မလေးတွေ အံ့သြကုန်သည်။

"ဟင်. . ရောဂါက ဆန်းလှချည်လား။ သမီးတို့ တစ်ခါမှ မကြားဖူးဘူး. . ."

"ဟုတ်တယ်. . . တစ်သက်နဲ့တစ်ကိုယ် ဒီလိုရောဂါမျိုး မကြားဖူးဘူး. . . နောက်ဆုံးပေါ် လားဟင်"

ကောင်မလေးတွေရဲ့အမေးကို ကျော်ဇင်သန်းထိုက် သေချာရှင်းပြလိုက်သည်။

"အဲဒီရောဂါမျိုးက ဆရာဝန်တွေလည်း မကြားဖူးဘူးတဲ့၊ အဘွား ကျမှ ထူးထူးဆန်းဆန်းဖြစ်တာ၊ အဘွားက အရမ်းခေတ်မီတာ ငယ်ငယ် ကဆို အလန်းဇယားပဲတဲ့. . . အခုလည်း ရောဂါအလန်းနဲ့ သေသွားလို့ သူ ဖြေသာမှာပါဟာ"

"ဟုတ်တယ်နော်. . ဘာပဲပြောပြော ကိုကြီးကျော်အဘွားက သိန်း





၂၀၀တန် ရောဂါဆန်းနဲ့ ဂုဏ်ယူဝံ့ကြွားစွာ ဆုံးသွားပြီ၊ မြန်မာနိုင်ငံရဲ့ ဂုဏ်ထူးဆောင် ရောဂါဆန်းကို ကမ္ဘာ့အလယ်မှာ မှတ်တမ်းဝင်နိုင်ပြီပေါ့"

"အဲဒီလိုပဲ ဖြေသိမ့်ရမှာပေါ့ သန္တာရယ်. . . အခုဆို ဒီရောဂါရဲ့ ဇစ်မြစ်ကို ဆရာဝန်တွေ နိုင်ငံတကာနဲ့ တိုင်ပင်ပြီး ခေါင်းချင်းရိုက်နေကြပြီလို့ ကြားတယ်၊ အဘွားက နောက်ဆုံးအချိန်ထိ ဂေါ်လီကျသွားတာပဲ၊ သေခင်မှာ သူနောက်ဆုံးမှာခဲ့တဲ့ စကားကို ငါ သတိရနေသေးတယ်"

"လိမ်လိမ်မာမာနေဖို့လား"

"မဟုတ်ဘူး. . . သားတဲ့. . အဘွားလိမ့်ရတော့မယ်တဲ့၊ အဘွား ရှိလည်း မင်းရဲ့ဇယားကို ဆက်ပြီး အကွက်ရွှေ့ပါတဲ့၊ အဘွားအတွက် လဲခမနေနဲ့တဲ့၊ လူဆိုတာ တစ်နေ့ ရှောမှာပဲတဲ့၊ အဲဒီတော့ မရှောခင်မှာ ခင်းခိုက်တဲ့ စော်လေးကို ရအောင်ကြောင်ပါတဲ့. . မင်းတို့နှစ်ယောက် ညက်သွားရင် အဘွားရဲ့ အုတ်ဂူလေးကို နှစ်ယောက်အတူလာ ဆန်တော့ကြတဲ့. . . ငါ တမလွန်ကနေ ချက်နေမယ်တဲ့"

ကျော်ဇင်သန်းထိုက်အဘွားကို မိန်းကလေးတွေ ဆလံသ သွားကြသည်။

"ဟား. . . ကိုကြီးကျော်အဘွားကတော့ တကယ့် အလန်းဇယားပါပဲ. . . သမီးတို့တောင် လိုက်မမှီတော့ဘူး"

"လိုက်မမှီတာ အသာထား. . . ငါ ရွှေရုပ်နဲ့ နီးစပ်ဖို့ လမ်းစရှိနိုင်တော့ဘူးလား. . . ပြောကြပါဟာ"

"လမ်းစတော့ ရှိတယ်၊ ရွှေရုပ်က သူ့အိမ်နားမှာ ဗီဒီယိုရွှေဆိုင်ဖွင့်ထားတယ်တဲ့၊ အလုပ်မရှိတော့ ဆိုင်မှာသူပဲ ထိုင်ရလိမ့်မယ်. . . အဲဒါ ညဘက်သွားသွားငှားရင် တွေ့လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် ရောင်စဉ်လေး ပြန်ပြီး လင်းလက်သွားသည်။ ကျေးဇူးတင်လွန်းသဖြင့် စန္ဒာကို ဖက်နမ်းချင်စိတ် ပေါက်သွားသည်။

"အဲ. . . အဲဒါဆို ငါ့ကို သူ့ရဲ့လိပ်စာပေး"

"ရှေ့ရှုပ်က မှာသွားတယ်၊ သူ့ရဲ့လိပ်စာနဲ့ ဖုန်းနံပါတ်ကို ကိုကြီးကျော်ကို လုံးဝ မပေးပါနဲ့တဲ့"

"ဟုတ်လား. . . ဖုန်းနံပါတ် ဘယ်လောက်လဲ"

"၀၉-၇၃၁၆၈၄၃၉"

"လိပ်စာက"

"တောင်ဥက္ကလာ၊ (၁၀) ရပ်ကွက်. . . ."

"ကျေးဇူးပဲ ညီမလေးတို့ရာ. . . နောက်မှ ကျေးဇူးဆပ်မယ်၊ သွားပြီနော်"

ဖုန်းနံပါတ်နှင့် လိပ်စာရပြီးသည်နှင့် ချက်ချင်းထပြန်သွားသော ကျော်ဇင်သန်းထိုက်ကို ကောင်မလေးတွေ လှမ်းအော်လိုက်ကြသည်။

"ကိုကြီးကျော်. . . ရှေ့ရှုပ်မရှိတော့လည်း ညီမတို့ဆီ လာလည် ဦးနော်"

"အေး-အေး"

စန္ဒာနှင့်သန္တာက အချင်းချင်းကြည့်ပြီး ပြုံးလိုက်ကြသည်။ ရှေ့ရှုပ်ကို ခင်ပေမယ့် ကိုကြီးကျော်ကိုလည်း မညှင်းဆဲရက်။

ကိုကြီးကျော်က အပြင်ပန်းမှာ လမ်းသရဲပုံပေါက်ပေမယ့် အတွင်းစိတ်ကတော့ ခင်ဖို့ကောင်းတာ သူတို့ပဲ တစ်ရက်တည်းနှင့်သိသည်။ ဒါကြောင့် တဖန်ပြန်ခင်ကြခြင်း ဖြစ်သည်။

♥ ♥ ♥



## အခန်း (၉)

"ညီမလေး. . ပုလင်းကွဲ ရှိလား"

"ဒီမှာတော့ မရှိဘူး အစ်မ. . . အမှိုက်ပုံမှာ သွားရှာရင် ရှိနိုင်တယ်. . . အစ်မ မှန်စာတိုက်မလို့လား"

"ဟုတ်တယ်. . အစ်မ စွန်လွှတ်ဖို့ . . အဲ ဟုတ်ပါဘူး၊ ဘာတွေပြောနေတာလဲ၊ မင်းမော်ကွန်းကား ပုလင်းကွဲကို ပြောတာ"

"သြော်. . . တောင်းပန်ပါတယ် အစ်မရယ်. . . ညီမက ဒီနေ့မှ ဆိုင်စထိုင်လို့ ဗီဒီယိုခွေ နာမည်တွေ အလွတ်မရလို့ပါ၊ ရှာပေးမယ်နော်"

ရှေ့ရှုပ်က Customer မမကြီးကို တောင်းပန်ပြီး အခွေရှာပေးလိုက်သည်။

ရှာနေရင်းနဲ့လည်း သူ့အမှားသူ တွေးမိပြီး နှုတ်ခမ်းလေးကိုက်ကာ ရယ်လိုက်သည်။

အဲဒီပုံရိပ်လေးကို အဝေးတစ်နေရာမှ ခိုးကြည့်ပြီး အသည်းဆိပ်တွေ တက်နေသူက ကျော်ဇင်သန်းထိုက်ရယ်ပါ။

www.burmeseclassic.com



သူမရဲ့အပြုံး တစ်ချက်မှာ အုန်းလက်ကြွေကျရင်တောင် သိမှာမဟုတ်တဲ့ ခံစားမှုနဲ့ မျောပါသွားသည်။

"ရှိတယ် အစ်မ. . . နာမည် ဘယ်လို မှတ်လိုက်ရမလဲ"

"လတ်လတ်စိန်"

ရွှေရုပ်က ငှားသူနာမည်ကို စာအုပ်ထဲမှာ ရေးမှတ်ရာ သတ်ပုံမှားနေသဖြင့်

"မဟုတ်ဘူး ညီမလေး. . . လက်လက်စိန် မဟုတ်ဘူး၊ ကသတ်နဲ့လက်ရင် မမက လက်လက်ထနေတဲ့အမိပ္ပာယ်ဖြစ်သွားမှာပေါ့၊ တသတ်နဲ့လတ်ရမှာ၊ လတ်လတ်စိန်"

"သြော်. . ဆောရီးပါ အစ်မ. . . ညီမက ကသတ်နဲ့ထင်လို့"

"ရပါတယ်"

တစ်ယောက်ထွက်သွားသောအခါ နောက်တစ်ယောက် ထပ်ရောက်လာပြန်သည်။

"ညီမလေး. . . ဟိုကား ရှိလား"

ရွှေရုပ်က ဘေးဘီဝဲယာကို ရှက်ကိုးရှက်ကန်း ကြည့်လိုက်ပြီး

"အစ်မ. . ညီမတို့ဆိုင်မှာ အဲဒီလို ဆင်ဆာမဲ့ကားတွေ မတင်ဘူး. . . အစ်မ ကြည့်ချင်ရင် မြို့ထဲက လမ်းဘေးအခွေဆိုင်တွေမှာ မေးကြည့်"

"ဟင့်အင်း. . မမက ခုပဲ ကြည့်ချင်တာ. . . အဲ ဟုတ်ပါဘူး. . ဘာတွေပြောနေတာလဲ. . . ဟိုကားဆိုတာ နင်ထင်သလို မကောင်းတဲ့ကားကို ပြောတာမဟုတ်ဘူး၊ ကားနာမည် မေ့နေလို့. . . သြော်. . သိပြီ ဒါကြည့်ပြီးမှ ရွှကြပါတဲ့"

"ဟုတ်ကဲ့ ကြည့်ပေးမယ်နော်"

ရွှေရုပ်က အခွေကို ရှာလိုက်ရာ တွေ့တော့ တွေ့သည်





နည်းနည်း လွဲနေသည်။

"အစ်မ. . ဒါကြည့်ပြီးမှ ဖွကြပါဆိုတဲ့ကားပဲ တွေ့တယ်. . . အစ်မပြောတဲ့ကားက အသစ်ထပ်ထွက်တာလား"

"မဟုတ်ဘူး. . မဟုတ်ဘူး၊ မမ အဝေးက ပိုစတာကြည့်ပြီးမှားဖတ်မိတာ၊ ဟုတ်တယ်. . ဒါကြည့်ပြီးမှ ဖွကြပါ၊ ဒါကြည့်ပြီးမှ ရွှကြပါ မဟုတ်ဘူး"

"ဖြစ်မှ ဖြစ်ရလေ. . . အစ်မရယ်၊ ညီမက ကားနာမည်ကို ကြားပြီးဘယ်လိုကြီးလဲလို့ ထင်နေတာ. . . ဟင်း. . ဟင်း"

ရွှေရုပ်က နှုတ်ခမ်းလေး ကိုက်ပြီး ရယ်လိုက်သည်။

အခွေနာမည် မှားပြောတဲ့ မမကြီးကလည်း ရောပြီး ရှက်ရယ်ရယ်သည်။

မရယ်နိုင်သူကတော့ ကျော်ဇင်သန်းထိုက်ရယ်ပါ။ အခွေဆိုင်ထူရှင်းမယ့်အချိန်ကို စောင့်ရင်း ည ရှစ်နာရီခွဲသွားသည်။

ရှစ်နာရီခွဲပြီး ၅ မိနစ်အရောက်မှာတော့ တစ်ယောက်မှ မရှိတော့။

ခွင်ကောင်းကို စိတ်ရှည်လက်ရှည်စောင့်ပြီး အချိန်ကျသည်နှင့်ကျော်ဇင်သန်းထိုက် ရွှေရုပ်ရဲ့ အခွေငှားဆိုင်သို့ ချီတက်သွားတော့သည်။

"ရွှေရုပ်"

အသံကြောင့် ရွှေရုပ် မော့ကြည့်လိုက်ရာ သူမကို အသေရရအရှင်ရရ လိုချင်နေသော ကျော်ဇင်သန်းထိုက် ဖြစ်နေသဖြင့် အံ့သြပြီးမှတ်နှာထား အနည်းငယ် တင်းသွားသည်။

"ရှင်. . . ဘာလာလုပ်တာလဲ"

"ရွှေရုပ်ရယ်. . . အခွေငှားဆိုင်လာမှတော့ အခွေလာငှားတာပေါ့"

"အပိုတွေ ပြောမနေနဲ့. . . တောင်နဲ့မြောက် အဝေးကြီး အခွေ



www.burmeseclassic.com

www.burmeseclassic.com



လာငှားတာ ဘာသဘောလဲ"

"နေမကောင်းတဲ့ မိခင်ကို ပြုစုဖို့ အလုပ်ထွက်လိုက်တဲ့ ရွှေရုပ်ရဲ့ ဆိုင်လေး ငှားရအောင် လာအားပေးတာပါ"

အပြောကောင်းတဲ့ ကျော်ဇင်သန်းထိုက်ကြောင့် ရွှေရုပ် နည်းနည်းတော့ ကျသွားသည်။

"ကျေးဇူးတော့ တင်ပါတယ်. . . ဒါပေမယ့် ကျွန်မက ကိုယ့်ရပ်ကွက်က လူပဲ ငှားတာ၊ ရှင်က တခြားမြို့နယ်က၊ ငှားပြီး ပြန်မအပ်ရင် ကျွန်မ လိုက်မတောင်းနိုင်ဘူး"

"ရွှေရုပ်ရယ်. . . ကိုယ်က အဲဒီလိုလုပ်မယ့်ရုပ်လား. . . အဖေ့ရဲ့ ပိုက်ဆံနဲ့ မင်းတို့ တစ်ဆိုင်လုံးကိုတောင် ဝယ်နိုင်ပါတယ်"

ရွှေရုပ်က မဲ့လိုက်ပြီး

"ထားပါတော့ အခု ဘာခွေယူမှာလဲ"

ကျော်ဇင်သန်းထိုက်က ရွှေရုပ်မျက်နှာကို ကြည့်၍

"အရမ်းလှတာပဲ"

ရွှေရုပ်က ကျော်ဇင်သန်းထိုက်ပြောတဲ့ အခွေကို ရှာကြည့်ရာ ခေါင်းမူးသွားသည်။

"မရှိဘူး. . . တခြားခွေပြော"

"မင်းဟာ ကိုယ့်ရဲ့ မျှော်လင့်ခြင်းလမင်းလေး တစ်စင်းပါ"

ရွှေရုပ် ရှာပြန်သည်။

"ဒါလဲ မရှိဘူး"

"ကိုယ့်ရင်ခုန်သံကို နားလည်ပေးပါ"

ရွှေရုပ် ချွေးတွေ ပြန်လာသည်။

"ရှင်ပြောတဲ့အခွေ တစ်ခွေမှ မတွေ့ဘူး"





ကျော်ဇင်သန်းထိုက် ရွှေရုပ်မျက်နှာလေးကို မက်မက်မောမော စိုက်ကြည့်ပြီး

"ရှူးရတော့မယ် ချစ်သူရယ်"

ရွှေရုပ် ကျော်ဇင်သန်းထိုက်၏ သူမအပေါ် စိုက်ကြည့်နေသော မျက်လုံးတွေကို ကြည့်ပြီး သဘောပေါက်သွားသည်။

"သြော်. . . လက်စသတ်တော့ ရှင်က ပါးစပ်ထဲ ရှိရာတွေ လျှောက်ပြောနေတာကိုး. . ကျွန်မမှာတော့ ခေါင်းတွေ မူးနောက်နေတာပဲ"

"မဟုတ်ပါဘူး ရွှေရုပ်ရယ်. . . ပါးစပ်ထဲရှိရာ လျှောက်ပြောနေတာ မဟုတ်ပါဘူး. . . နှလုံးသားထဲရှိရာ ရပ်ပြောတာပါ"

"တော်စမ်း. . . ရှင်ပြောတဲ့ အခွေတွေတစ်ခုမှ မရှိဘူး. . . ဘယ်ဗီဒီယိုထုတ်လုပ်ရေးက ထုတ်တာလဲ၊ မင်းသား ဘယ်သူလဲ၊ မင်းသမီး ဘယ်သူလဲ၊ မပြောနိုင်ရင် မငှားဘူး"

ရွှေရုပ်ရဲ့ ဒေါသကို ကျော်ဇင်သန်းထိုက် အေးဆေးစွာ တုံ့ပြန်ဆိုသည်။

"နှလုံးသား ဗီဒီယိုထုတ်လုပ်ရေးက၊ မင်းသားက ကျော်ဇင်သန်းထိုက်၊ မင်းသမီးက ရွှေရုပ်လှလေ"

ရွှေရုပ်က ကျော်ဇင်သန်းထိုက်ကို မျက်စောင်းခဲလိုက်ပြီး

"ဒီမှာ. . ရှင် ထွက်သွားမလား၊ မထွက်သွားဘူးလား. . . မထွက်သွားဘူးဆိုရင် ကျွန်မအဖေကို ခေါ်ပြီး ဆိုင်စောင့်ခိုင်းလိုက်မယ်. . . ဒီတိုင်း အဖေ စောင့်နေကျ၊ သူမသိတဲ့ ဗီဒီယိုကား မရှိဘူး၊ ရှင်ပြောတဲ့ကားတွေကို မေးကြည့်. . ဘယ်လိုလဲ"

"ဟို. . အဲ. . ဒါဆိုလဲ ရွှေရုပ်ကြိုက်တဲ့ ကားသာပေးပါတော့"

www.burmeseclassic.com



ရွှေရုပ်က ကျော်ဇင်သန်းထိုက်ကို လက်ဝါး ထောင်ပြပြီး

"ကျွန်မကြိုက်တဲ့ကားက ပါးကျိုးမယ်တဲ့. . . ယူမလား"

"တော်ပါပြီ"

အခြေအနေမကောင်း၍ ကျော်ဇင်သန်းထိုက် တပ်ဆုပ်ပြီး ပြန်လှည့်သွားသည်။

ဒီအချိန်မှာ အကောင်းဆုံးက တက္ကစီငှားပြီး မြောက်ဥက္ကလာပြန်တာပါပဲ. . တောင်ဥက္ကလာသူရဲ့လက်ဝါးက မြောက်ဥက္ကလာသားရဲ့ပါးကို တံဆိပ်ရိုက်ပေးရန် ပြင်နေသည် မဟုတ်ပါလား။

ကျော်ဇင်သန်းထိုက် ထွက်သွားသည်နှင့် အဘိုးကြီးတစ်ဦး အခွေငှားရန် ရောက်လာသည်။

ရွှေရုပ်လွှာရဲ့ဒေါသက အရှိန်မပြေသေး။

ဒါပေမယ့် ရောက်လာသောအခါ ဒေါသကို လျှော့ချပြီး ပျူပျူငှာငှာ ဆက်ဆံရပြန်သည်။

"အဘိုး ဘာလိုချင်လဲ မသိဘူး"

အဘိုးကြီးက ရွှေရုပ်မျက်နှာကို ကြည့်ပြီး

"ဇရာအိုနဲ့ ကညာပျို"

"ဘာ"

ရွှေရုပ်ဒေါသတွေ ပြန်ပြီး တောက်လောင်လာသည်။

ငြိမ်းခါနီးမီးတောက်ကို အဘိုးကြီးက ဓာတ်ဆီလာဆွတ်ပေးခြင်းဖြစ်သည်။

"ဒီမှာ အဘိုး. . . ကိုယ့်အသက်အရွယ်လည်း ကိုယ် အားနာပါဦး. . . ကိုယ့်မြေးအရွယ်လောက်ရှိတဲ့ မိန်းကလေးကို မှန်းပြီး ဇရာအိုနဲ့ကညာပျိုလုပ်ချင်တာလား"





အဘိုးကြီးက ကြောင်တောင်တောင် ဖြစ်သွားသည်။

"သမီး. . . ဘာတွေပြောနေတာလဲ၊ ဇရာအိုနဲ့ကညာပျိုဆိုတာ အဘိုးတို့ခေတ်က လူကြိုက်များခဲ့တဲ့ ကားတစ်ကားပေါ့၊ အခုကားတွေကြည့်ရတာ သိပ်ပြီး ဖီးလ်မရှိလို့ ခေတ်ဟောင်းကားတွေ ပြန်ကြည့်ချင်စိတ်ပေါ်လာပြီး သမီးတို့ဆိုင်မှာ ရှိမလားလို့ လာငှားတာ၊ သမီးက ဘာတွေ ထင်နေတာလဲ"

အဘိုးကြီး သေချာရှင်းပြမှ ရွှေရုပ်လွှာ သဘောပေါက်ပြီး ကိုယ့်အမှားကို သိသွားသည်။

အဘိုးကြီးကိုလည်း အားနာသွားပြီး လက်အုပ်ချီလိုက်ကာ

"ကန်တော့ပါ အဘိုးရယ်. . . သမီးက မသိလို့ပါ. . အဘိုးတို့ခေတ်က ကားဆို ဘယ်အခွေဆိုင်မှာမှ မရှိနိုင်ပါဘူး. . . မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ဆက်သွယ်မှပဲ ရနိုင်ပါလိမ့်မယ်. . . စိတ်မရှိပါနဲ့နော်"

"အေး အေး. . ဒါဆိုလည်း ပြီးရော၊ အိမ်ပြန်ပြီး တရားနာတာပဲကောင်းတယ်"

အဘိုးကြီး ပြန်ထွက်သွားသောအခါ ရွှေရုပ်လွှာ ကျော်ဇင်သန်းထိုက်ကို ကျိန်ဆဲရင်း ကျန်ခဲ့သည်။

"လမ်းသရဲ. . . အဲဒါ ရှင့်ကြောင့်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

*ချစ်သူက အိပ်မက်လေး တစ်ခုကို*
*ဖန်ဆင်းပေး တယ်*
*အိပ်မက်ထဲမှာ ဘာမှလဲ မပါဘူး (အဟိ)*
*ချစ်သူရဲ့ လက်တစ်စုံကို ကိုင်ဆွဲပြီး*
*ဒေင်ဥယျာဉ်ရဲ့ ချုံပုတ်ကြီး တစ်ခုထဲ ပြေး သွား တယ်*
*ဘာများ ဆက်ဖြစ်ပါလိမ့်....*
*အိပ်မက်က နိုး တော့ ကိုယ်အိပ်တဲ့ ဖျာအောက်မှာ*
*ရေတွေကို ရွှဲနေ တာပဲ...*
*ဩော် ...အိပ်မက်ထဲမှာ မင်းကို ငမ်း တာတောင်*
*တကျော်ကြီး လွန်း တော့*
*သွား ရည်တွေ မထိန်း နိုင်တော့ ဘူး*
*ဆိုး ပါပေ့ ...*

ကျော်ဇင်သန်းထိုက်ရဲ့ကဗျာကို ဖတ်ပြီး လေးပွင့်ဖြူက ပါးစပ်ပြုံးရယ်သည်။





"ဟိ. . နင့်ကဗျာက တဏှာရူးကဗျာပဲ"

ကျော်ဇင်သန်းထိုက် မျက်နှာကြီး သံပုရာသီး စားမိသလို ဖြစ်သွားသည်။

"မိုက်ရိုင်းလှချည်လား. . . ကိုယ်တွေ့အဖြစ်အပျက်ကို ရေးထားတာယ. ."

"ဟုတ်လား. . အဲဒါကြောင့် ဘထူးကဗျာ ဖြစ်နေတာပဲ"

"ဘာလဲ ဘထူးကဗျာ. . . ငါ့ကိုယ်ပိုင်ကဗျာပါဟာ. . ."

"မဟုတ်ဘူး. . ဘထူးကဗျာဆိုတာ ဘူးထကဗျာလို့ ပြောတာ"

"သေနာမ"

"နင်ကလေ. . . ငါ့ကိုဆို ပက်ပက်စက်စက် ပြောတယ်. . အဲဒါကြောင့် အကြောမတည့်တာ"

"အောင်မာ. . . နင်ကရော အကောင်းပြောလို့လား"

"ငါက နောက်တာပါ. . . ဒီကဗျာက နင်ဘယ်သူ့ကို ရည်ညွှန်းတာလဲ"

"ဘယ်သူရှိရမလဲ. . ငါ့ရဲ့အိပ်မက်နတ်သမီးလေး ရွှေရုပ်ပေ့ါဟ"

လေးပွင့်ဖြူက ကျော်ဇင်သန်းထိုက်ကို ရီဝေစွာ ကြည့်လိုက်ပြီး

"နင် ရွှေရုပ်အကြောင်း ခဏခဏ ပြောတယ်နော်. . . သူ့ကို တကယ်ကြွေနေတာလား"

"တကယ်ကြွေနေတာပေ့ါဟ. . . ငါ သူ့ကို တကယ်ငြိသွားတာ ရအောင်လည်း ယူမယ်"

"နင်အရင်ကဆို ဘယ်မိန်းကလေးမှကို စွဲစွဲမြဲမြဲ မလိုက်ဖူးဘူးနော်. ဒါက နင် အချစ်ဆိုတာကို မတွေ့သေးဘူးလို့ ထင်တာ၊ အခု ရွှေရုပ်နဲ့တွေ့မှ အချိန်အကြာကြီး ပြုစားခံထားရတယ်. . . . ဘာဖြစ်လို့ သူ့ကို ချစ်သွား

www.burmeseclassic.com



တာလဲ"

"အချစ်ဆိုတာ အကြောင်းပြချက်မရှိဘူးဟ၊ အချိန်တိုင်း သူ့ပဲ စိုးမိုးနေတယ်၊ စားလဲသူ၊ သွားလည်းသူ၊ မေ့လို့မရဘူး၊ သူနဲ့မတွေ့ရရင် မနေ နိုင်ဘူး. . . အဲဒါ အချစ်ပဲပေါ့"

လေးပွင့်ဖြူက ခေါင်းခါလိုက်ပြီး

"အဲဒါ အချစ်မဟုတ်ဘူးဟ. . ဥပါဒါန်ဆိုတဲ့ စွဲလမ်းမှု၊ တရား သဘောနဲ့ ကြည့်ရင် လူတစ်ယောက်ကို မရမ နေနိုင်အောင် စွဲလမ်းနေတာ၊ ဥပါဒါန်ကြောင့် ဥပါဒါန်ရောက်တယ်ဆိုတဲ့စကားလည်း နင်ကြားဖူး မှာပေါ့"

"နင်က အချစ်ကို တရားသဘောနဲ့ အဓိပ္ပာယ်ဖွင့်ဆိုနေတာကိုး၊ ဒါဆို ငါ ရွှေရုပ်အပေါ်မှာ ဥပါဒါန်ဖြစ်နေတာပေါ့၊ ဆိုစမ်းပါဦး၊ ဒါဆို အချစ်က ဘာလဲ၊ ဘယ်လိုနည်းနဲ့ အချစ်ဖြစ်နိုင်လဲ"

"အချစ်ဆိုတာ တဏှာပဲ ကျော်ကျော်. . တဏှာဆိုတဲ့ တပ်မက် ခြင်းဟာ အချစ်၊ ဒါပေမယ့် အချစ်မှာလည်း အမျိုးစား အမျိုးမျိုး ရှိတယ်. . . နင် ရွှေရုပ်အပေါ်မှာ ချစ်တဲ့အချစ်ဟာ၊ ဘယ်လိုအချစ်မျိုးလဲ ဆိုတာ ငါစမ်းသပ်ပြမယ်. . ငါမေးတဲ့မေးခွန်းတွေ နင်ဖြေမလား"

"လုပ်စမ်းပါဦး ဆရာမကြီးရယ်. . . ငါ့ရဲ့စိတ်ကို နင်ဘယ်လို စမ်းသပ်မလဲ ကြည့်ရသေးတာပေါ့"

"ကောင်းပြီ. . . ဒါဆို ခဏစောင့်၊ ငါ စာရွက်နဲ့ဘောပင် သွား ယူလိုက်မယ်"

လေးပွင့်ဖြူ အိမ်ပေါ်တက်သွားသောအခါ ကျော်ဇင်သန်းထိုက် ရယ်ပြီး ကျန်ခဲ့သည်။

ရင်ထဲက အချစ်ကို စာရွက်တစ်ရွက် ဘောပင်တစ်ချောင်းနဲ့





အမျိုးအစားခွဲမတဲ့၊ ဘယ်လိုများ လုပ်မှာပါလဲ။

မကြာပါ။ လေးပွင့်ဖြူ စာရွက်နှင့်ဘောပင်ကိုင်ပြီး ပြန်ရောက် လာသည်။

"ငါ စာရွက်ပေါ်မှာ စာကြောင်းကိုးခုရေးမယ်. . . နင့် စိတ်ထဲမှာ မှန်မယ်ထင်ရင်. . . အမှန်ခြစ် မှားမယ်ထင်ရင် ကြက်ခြေခတ်"

"အေး. . . ဒါဆို နင်ရေးတော့"

လေးပွင့်ဖြူက စာရွက်ပေါ်မှာ စာကြောင်း ကိုးကြောင်းကို ငါးမိနစ်အတွင်း ချရေးလိုက်သည်။

| | ✔ | ✘ |
|---|---|---|
| ၁။ သူ့ကို မြင်မြင်ချင်း ချစ်သည်။ | | |
| ၂။ သူ့ရှေ့ရောက်လျှင် ဆောက်တည်ရာ မရအောင် ရင်ခုန်သည်။ | | |
| ၃။ သူအဝတ်အစား ဒီဇိုင်းအလန်းများဝတ်ပြီး မင်းသမီးရှုံးအောင်ပြင်လျှင် ပိုကြိုက်သည်။ | | |
| ၄။ သူ့ဘက်က ဘယ်လိုတုံ့ပြန်မှုရှိရှိ အရေးမစိုက်။ ရအောင် လိုက်မည်။ | | |
| ၅။ သူက ဆံပင်ရှည်ထားတာ မကြိုက်ဟုဆိုလျှင် လည်း ဆက်ထားမည်။ | | |
| ၆။ အကယ်၍ သူ့ဘဝတွင် ယောကျ်ားတစ်ယောက်နှင့် တစ်ခါမှားဖူးသည်ဆိုလျှင် ခွင့်မလွှတ်နိုင်။အဆက် ဖြတ်မည်။ | | |
| ၇။ သူမနှင့်ပတ်သက်လာလျှင်တွေ့သမျှယောကျ်ားနှင့် သဝန်တိုသည်။ | | |

www.burmeseclassic.com



၈။ သူမနှင့်အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကိုသာ ရွေးပါဟုဆိုလျှင် သူမကို ရွေးမည်။

၉။ ရုတ်တရက် သူမက ခိုးပြေးပါဟု ဆိုလာလျှင် အလုပ်မရှိ အကိုင်မရှိဘဲ ခိုးပြေးမည်။ X

ရေးပြီးသောအခါ ကျော်ဇင်သန်းထိုက်လက်ထဲ စာရွက်နှင့် ဘောပင် ထည့်ပေးလိုက်သည်။

"ရော့. . ကျော်ကျော်၊ ဒီမေးခွန်းက ယောကျ်ားပဲဖြေဖြေ၊ မိန်းမပဲ ဖြေဖြေ အကျုံးဝင်တယ်. . . ကိုးနဝင်းမိုးလင်းမှ သိမယ်ဆိုပေမယ့် ငါ့ရဲ့ မေးခွန်း ၉ ခုကတော့ ကိုယ့်ရဲ့အချစ်ဟာ ဘယ်လိုအချစ်လဲ ချက်ချင်း သိရမယ်၊ နင်ထင်တာခြစ်ပေတော့"

ကျော်ဇင်သန်းထိုက် စာရွက်ကို သေချာဖတ်လိုက်ပြီး

"မေးခွန်းတွေကတော့ မဆိုးပါဘူး ရှင်းတယ်. . . နင် ဒီအိုင်ဒီယာ ဘယ်က ရတာလဲ. . ."

"ဘယ်ကမှ မရဘူး. . မဂ္ဂဇင်းစာအုပ်တစ်အုပ်ထဲက နည်းအတိုင်း မြန်ပြင်ရေးထားတာ"

"ဩော်. . . ထင်တော့ ထင်သားပဲ၊ နင် အဲဒီလောက် ဉာဏ် မကောင်းနိုင်ပါဘူးလို့"

"ကဲပါ. . . အဲလောက်ထိ ချီးမွမ်းမနေနဲ့. . . ဖြေမှာသာဖြေ"

"အေးပါ. . . အေးပါ"

ကျော်ဇင်သန်းထိုက် ဘောပင်ကိုကိုင်၍ စဉ်းစားခန်း ဝင်တော့ သည်။

"အင်း. . နံပါတ် တစ် သူ့ကို မြင်မြင်ချင်း ချစ်တယ်၊ ဒါ အမှန်ပဲ အဲဒီတော့ အမှန်ခြစ်တယ်"





"နံပါတ် နှစ်ကော"

"သူ့ရှေ့ရောက်ရင် ဆောက်တည်ရာ မရအောင် ရင်ခုန်တယ်. . ဒါလဲ ဟုတ်တယ်. . . ငါ့မှာ သူနဲ့ဆုံတိုင်း ခြေမကိုင်မိ လက်မကိုင်မိနဲ့ ကျားဖင်ပဲ ပြေးနိုက်ရတော့မလိုလို. . . သူ့ဖင်ပဲ. . . အဲလေ သူနဲ့ ထေးရာထဲ ထွက်ပြေးရတော့မလို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး"

"ထားပါတော့ ဒါဆို အမှန်ပေ့ါ၊ နံပါတ် သုံး"

"သူအဝတ်အစား ဒီဇိုင်းအလန်းဝတ်ရင် ပိုငြိတယ်. . . ဒါလည်း ဟုတ်တယ်ဟ. . . သူ့အိမ်မှာ အခွေဆိုင်ထိုင်တုန်းကဆိုရင် အကျႌ လည်ဟိုက်ကလေးဝတ်ထားတော့ ရင်ညွန့်က မှဲ့လေးကို ထင်းနေ တာပဲ. . . ပြီးတော့ ဘောင်းဘီတိုလေး ဝတ်ထားတော့ လုံးဝ အလန်းပဲ. . ခုထိ မျက်လုံးထဲက မထွက်ဘူး. . အဲဒီတော့ အမှန်ခြစ်တယ်"

လေးပွင့်ဖြူက နှာခေါင်းရှုံ့လိုက်ရင်း

"နံပါတ် လေး"

"သူဘက်က ဘယ်လို တုံ့ပြန်မှုရှိရှိ ရအောင်လိုက်မယ်. . . သေချာတာပေ့ါ. . ငါဆို ခုထိ သူ့ဆိုင်မှာ အခွေ သွားငှားတုန်းပဲ. . . တစ်ခါမှလည်း မရခဲ့ဘူး"

"နင်က အမှန်တွေ များတာပဲ. . . ဒါဆို နံပါတ် ငါး"

"သူက ဆံပင်ရှည်ထားတာ မကြိုက်ဟုဆိုလျှင်လည်း ဆက်ထား ညည်. . . အင်း ဒါတော့ မဟုတ်ဘူး. . . တကယ်လို့ သူ့ရဲ့ အချစ်ကိုသာ ရမယ်ဆိုရင် ငါ ဆံပင်ညှပ်ရဲတယ်. . . နောက်တော့လည်း ပြန်ရှည်လာ မှာပဲ. . အဲဒီတော့ ဒါကို ကြက်ခြေခတ်တယ်"

"နံပါတ် ခြောက်"

"အကယ်၍ သူ့ဘဝတွင်ယောကျ်ားတစ်ယောက်နှင့် တစ်ခါမှအမူ



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုလျှင် အဆက်ဖြတ်မည်တဲ့. . . အင်း စဉ်းစားစရာပဲ"

ဒီမေးခွန်းကိုတော့ ကျော်ဇင်သန်းထိုက် စက္ကန့်သုံးဆယ်လောက် စဉ်းစားလိုက်ရသည်။ ပြီးတော့ ဆုံးဖြတ်ချက် ချလိုက်ပြီး

"တကယ်လို့သာ သူ ဒီအမှားမျိုး ကျူးလွန်ခဲ့ပြီး ငါ့ကို အမှန်အတိုင်း ဝန်ခံလက်တွဲမယ်ဆိုရင် ငါခွင့်လွှတ်မှာပါဟာ. . . အဲဒီတော့ ဒီမေးခွန်းလည်း ကြက်ခြေခတ်တယ်"

"ဟုတ်ပြီ. . နံပါတ် ခုနစ်"

"သူမနှင့်ပတ်သက်လာလျှင် တွေ့သမျှယောကျ်ားနှင့် သဝန်တိုသည်. . . သေချာတာပေါ့။ အဘိုးကြီးတောင် မချန်ဘူး၊ သူ့ဘဲဆိုရင် မျက်နှာမြင် ရိုက်ချင်တယ်. . . အမှန်ခြစ်တယ်"

"ရှစ်"

"သူမနှင့် အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကိုသာ ရွေးပါဟု ဆိုလျှင် သူမကို ရွေးမည်"

ကျော်ဇင်သန်းထိုက်က လေးပွင့်ဖြူကို ကြည့်လိုက်ပြီး. . .

"ဒီမေးခွန်းကိုတော့ မဖြေပါရစေနဲ့ ပွင့်ဖြူရယ်"

"ဘာဖြစ်လို့လဲ",

"နင့်ကို အားနာလို့"

လေးပွင့်ဖြူ သိလိုက်ပါသည်။ သူ့ကို အားနာလို့ဆိုတော့ ဘာပဲဖြစ်ဖြစ် ဒီအဖြေက အမှန်ခြစ်ဖို့ များနေသည်။ ဒါပေမယ့်လည်း သူ့ကို အားနာလို့ မဖြေဘူးဆိုတာလေး တစ်ခုနှင့်ပင် ကျေနပ်သွားပါသည်။

"ကျော်ကျော်ရယ်. . ဒီမေးခွန်းကို နင် ဘယ်လို ခြစ်မယ်ဆိုတာ ငါသိပါတယ်. . . ဒါပေမယ့်. . . ငါ့ကိုငဲ့ပြီး မဖြေဘူးဆိုတာနဲ့တင် ကျေးဇူးတင်ပါတယ်ဟာ. . . နောက်ဆုံးတစ်ခု ဖြေပါ"





လေးပွင့်ဖြူရဲ့မျက်ဝန်းထဲမှာ ကျော်ဇင်သန်းထိုက်ကို သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ်အရိပ်အယောင်တွေကို တွေ့လိုက်ရသည်။

ဒါပေမယ့်လည်း အဲဒီအကြည့်တွေက ရွှေရုပ်လွှာရဲ့မျက်စောင်းတစ်ချက်လောက် သူ့ကို မဖမ်းစားနိုင်ခဲ့။

လေးပွင့်ဖြူရဲ့ အကြင်နာရိပ်လွှမ်းသော မျက်ဝန်းအကြည့်တွေကို လွှဲဖယ်ရင်း ကျော်ဇင်သန်းထိုက် နောက်ဆုံး မေးခွန်းကို ဖြေသည်။

"ရုတ်တရက် သူမက ခိုးပြေးပါဟု ဆိုလာလျှင် အလုပ်အကိုင်မရှိဘဲ ခိုးပြေးမည်. . . အမှန်ပဲပေါ့. . အမိကက ခိုးရဖို့. . သူနဲ့ညားပြီးရင် အလိုလို အလုပ်နဲ့အကိုင်နဲ့ ဖြစ်လာမှာပဲ"

"ဟဲ့. . နင့်စကားကြီးက ဘာစကားလဲ"

"မဟုတ်ဘူးလေဟာ. . . သူက အခွေဆိုင်ဖွင့်ထားတော့ သူနဲ့ညားရင် အခွေဆိုင်မှာ အတူထိုင်မယ်လေ. . . ဒါပြောတာ"

"စိတ်ကူးကတော့ ချောနေတာပဲ. . ကဲ ဒါဆို အမှန်ခြစ်တယ်ပေါ့. . နင့်အမှတ်တွေ ငါ ပေါင်းမယ်"

"အမှားနှစ်ခုပဲ ရှိတယ်နော်"

"အဲဒါဆို နင် နှစ်မှတ်ပဲ ရတယ်"

"ဘာဖြစ်လို့လဲ"

"ငါ့မေးခွန်းရဲ့ အဖြေအားလုံးက ကြက်ခြေခတ်အတွက် တစ်မှတ်၊ အမှန်ခြစ်အတွက်က အမှတ် မပေးဘူး"

"ဘာဖြစ်လို့လဲ ရှင်းပြပါဦး"

"တစ်ခုချင်း ရှင်းပြမယ် နံပါတ်တစ် မြင်မြင်ချင်း ချစ်တာအချစ်စစ်မဟုတ်ဘူး. . . သူ့ရဲ့အလှ ဒါမှမဟုတ် ဆွဲဆောင်မှုတစ်ခုခု ကြောင့်ငမ်းမက်သွားတာ. . . တကယ်လို့ မြင်မြင်ချင်း စိတ်ဝင်စားတယ် ဆိုရင်

www.burmeseclassic.com



အဲဒီတာတစ်ဆင့် တဖြည်းဖြည်းသန္ဓေတည်ပြီး အချစ်ဖြစ်လာနိုင် ပေမယ့် မြင်မြင်ချင်းချစ်တာ ဥပ္ပဖွဆိုတဲ့ မျက်လှည့်လို ခံစားမှုပဲ၊ အခု ချစ်ပြီး တော်ကြာမုန်းသွားနိုင်တယ်. . . အဲဒါကြောင့် နင့်အဖြေမှားတယ်"

ကျော်ဇင်သန်းထိုက် သိပ်တော့ မကျေနပ်

"ဒါဆို နံပါတ်နှစ်ကရော"

"သူ့ရှေ့ရောက်ရင် ဆောက်တည်ရာမရအောင် ရင်ခုန်တယ်ဆိုတာ တစ်ခါမှ ရည်းစားမထားဖူးလို့လဲ ဖြစ်နိုင်တယ်၊ နင်က အဲဒီလို မဟုတ်ဘူးဆိုတော့ ဒါဟာ ရင်ထဲမှာ ဖြစ်လာတဲ့တဏှာရာဂစိတ်တွေ ထကြွမှုကြောင့် ရှန်းကန်လာတာ၊ အချစ်ဆိုတာ အဲဒီလို မဟုတ်ဘူး. . . သိမ်မွေ့တယ်၊ ရင်ခုန်တယ်ဆိုရင်တောင် ပါးပါးလေးပဲ"

"ဒါဆို မှားပြန်ပြီပေါ့"

"ငါပြောပြီးပြီလေ. . . ဒီမေးခွန်းရဲ့အဖြေအားလုံးက ကြက်ခြေ ခတ်မှ မှန်မှာပါဆို"

"ဒါဆို နံပါတ်သုံး"

"သူ အဝတ်အစားဒီဇိုင်းအလန်းများ ဝတ်ပြီး မင်းသမီးရှုံးအောင် ပြင်လျှင် ပိုငြိသည်ဆိုတာ ပိုဆိုးတယ်. . . . အဲဒါ လုံးဝအချစ်[illegible] မခေါ်ဘူး. . . သူ့ရဲ့အပေါ်ယံအရေပြားကို တပ်မက်တာ သဘာ[illegible] အချစ် မဟုတ်ဘူး၊ ပကာသနအချစ်၊ ကိုယ်ချစ်သူဟာ အဝတ်အစား စုတ်ပြတ်နေလည်း နှလုံးသားလှဖို့က အဓိကပါ"

ကျော်ဇင်သန်းထိုက်က စောဒက တက်သည်။

"ဒါတော့ ဒါပေါ့ ပွင့်ဖြူရယ်. . . ဒါပေမယ့် ဘယ်သူမဆို ကိုယ့် ချစ်သူက သူများထက်လှတာ လိုချင်တာပေါ့ မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . အဲဒါ ဂုဏ်မက်တာ၊ လူအများရှေ့မှာ ကြွား[illegible]



ထုတ်ချင်တာ"

ကျော်ဇင်သန်းထိုက်က မကျေမနပ်နှင့်

"ထားပါတော့ နံပါတ်လေးပြော"

"သူ့ဘက်က ဘယ်လို တုံ့ပြန်မှုရှိရှိ အရေးမစိုက်၊ ရအောင်လိုက် မည်ဆိုတာ နင်က အမှန်ဖြေထားတယ်နော်၊ အဲဒါ အတ္တကြီးတာ၊ တစ်ကိုယ်ကောင်းဆန်တာ၊ ချစ်တာမဟုတ်ဘူး၊ တကယ်ဆို ကိုယ်ချစ်တဲ့ မိန်းကလေး စိတ်အနှောင့်အယှက်မဖြစ်စေချင်ရင် သူ့ဆန္ဒကို အလေးထားတဲ့အနေနဲ့ လျှော့သင့်ရင် လျှော့ရမယ်၊ တင်းသင့်ရင် တင်းရမယ်၊ သူ့သဘောထားကို နည်းနည်းတော့ ငဲ့ညှာရမယ်၊ နင်က တစ်ဖက်သတ်ကြီးဖြစ်နေတယ်၊ အဲဒါ. . ကိုယ့်ဆန္ဒကို ကိုယ်ဦးစားပေးရာ ရောက်တယ်"

"နင့်ဟာကလည်း တစ်ခုမှလည်း အကောင်း မရှိပါလား"

"နံပါတ်ငါးကတော့ မှန်ပါတယ်. . ကိုယ်ချစ်တဲ့မိန်းကလေးက ဆံပင်ပုံစံကို လမ်းသရဲနဲ့တူတယ်၊ ညှပ်ဆိုရင် ညှပ်ရမှာပေါ့. . . မညှပ်ဘူး ဆိုရင် သူ့စကားကို အရေးမထားတာပဲ. . . စကားမစပ်. . နင့်ဆံပင် ညှပ်လိုက်ပါလား ကျော်ကျော်ရယ်"

"အောင်မာ ဘာလို့ ညှပ်ရမှာလဲ. . . နင် ညှပ်ခိုင်းတိုင်း ညှပ်ရအောင် နင်က ငါ့ရည်းစားမို့လို့လား"

လေးပွင့်ဖြူ ကိုယ့်စကားနှင့်ကိုယ် ထိသွားသည်။

"မညှပ်ဘူးဆိုလည်းနေဟာ. . . ဆံပင်ညှပ်ဖို့အရေး သူ့ရည်းစားဆဲ [illegible]ပေးရဦးမယ်"

"ဟုတ်တယ်လေ. . . ရွှေရုပ်က ညှပ်ဆိုရင် ညှပ်မှာပေါ့၊ နင် ညှပ်ခိုင်းတိုင်း ညှပ်စရာလား"

www.burmeseclassic.com



"ထားပါတော့. . ကဲ နံ့ပါတ်ခြောက်. . . . အကယ်၍ သူ့ဘဝတွင် ယောကျ်ားတစ်ယောက်နှင့် အမှားကျူးလွန်ဖူးသည်ဆိုလျှင် ခွင့်လွှတ်နိုင်ဆိုတဲ့ အဖြေကို နင် ကြက်ခြေခတ်ထားတယ်၊ မှန်ပါတယ် အချစ်စစ်ဆိုတာ သဘောထားကြီးခြင်း၊ ခွင့်လွှတ်နားလည်ခြင်း ရှိရမှာပေါ့. . . ခန္ဓာကိုယ်ကို ချစ်တာလား နှလုံးသားကို ချစ်တာလား ဒါအဖြေပဲ"

"အေးပေါ့ဟာ. . . ကျူးလွန်ဖူးတဲ့အမှားက ယောကျ်ား တစ်ယောက်နဲ့ဆိုရင် ခွင့်လွှတ်နိုင်သေးတာပေါ့. . . ဘောလုံးတစ်သင်း စာနဲ့ဆိုရင်တော့ ဘယ်ယောက်ျားချစ်ချစ် ခွင့်မလွှတ်နိုင်ဘူး"

ကျော်ဇင်သန်းထိုက်စကားကြောင့် လေးပွင့်ဖြူ ဟက်ဟက် ပက်ပက် ပါးစပ်နှင့်ရယ်သည်။

"ဟား. . . ဟား. . အဲဒါဆိုရင် နင့်ဟာမတော့ စုတ်ပြတ်သတ် ဘောမှန်လို့"

"ဘယ်ဘောလဲ-ဟ"

"ဘောလုံးကို ပြောတာလေ"

"တော်သေးတာပေါ့"

"ကဲ. . . နံ့ပါတ်ခွန်. . သူမနဲ့ ပတ်သက်လာလျှင် တွေ့သူ ယောကျ်ားနှင့် သဝန်တိုသည်ဆိုတာ ချစ်တာမဟုတ်ဘူး. . . သဘောထား သေးသိမ်တာ"

"နင့်ဟာကလဲဟာ. . ခုပဲ သဘောထားကြီးတယ်ပြောလိုက်. . ခုပဲ သဘောထားသေးတယ်ပြောလိုက် ငါ ရူးချင်လာပြီ"

"ဒါကတော့ မေးခွန်းက တစ်ခုနဲ့တစ်ခု တူမှုမတူတာ. . သဝန် တယ်ဆိုတာ သူ့အပေါ် ယုံကြည်မှုမရှိတာ၊ အမြင်ကျဉ်းတာ၊ အဲဒီမေးခွန်းကို အမှန်ခြစ်ထားတဲ့ နင့်အဖြေက မှားတာပဲ"





"ဒါဆို နံပါတ်ရှစ်က အမှတ်ပေးမှာလား မပေးဘူးလား"

"နံပါတ်ရှစ်ကိုတော့ ချွင်းချက်ထားလိုက်မယ်၊ အမှတ် တစ်ဝက် ပေါ့ ၅၂၈ နဲ့ ၁၅၀၀ ဆိုတာ နှိုင်းယှဉ်လို့ မကောင်းပါဘူး. . ကိုယ့်ခံစားချက်နဲ့ပဲ ဆိုင်ပါတယ်"

"ဒါဆို နံပါတ်ကိုး . . . ရုတ်တရက် သူမက ခိုးပြေးပါဟု ဆိုလာလျှင် အလုပ်မရှိ အကိုင်မရှိဘဲ ခိုးပြေးမည်. . . တဲ့ အဲဒါ ခိုက်ရူးရဲဆန်တာ. . ဘဝရှေ့ရေးကို မကြည့်တာ၊ ကိုယ့်ချစ်သူအပေါ် ငဲ့ကွက်တာ. . . ကိုယ်လုပ်ချင်ရာ စွတ်လုပ်တာပဲ. . တကယ်တော့ ဒီမေးခွန်းက အချိန်ယူပြီး သူနဲ့ညှိရမယ့် မေးခွန်း. . ဒီမေးခွန်းကို အမှန်ခြစ်ထားတဲ့ နင်ဟာလည်း တဖွတ်ထိုးသမား ပါပဲ"

"ဟာ စွဲချက်တွေကလည်း များလိုက်တာ၊ အဲဒီတော့ နှစ်မှတ်ခွဲ ရတဲ့ ငါ့အချစ်က ဘယ်လိုအချစ်မျိုးလဲ ပြောတော့ဟာ"

"ငါ့မေးခွန်း ကိုးခုက ခုနစ်မှတ်ကနေ ကိုးမှတ်အပြည့်ရတယ် ဆိုရင်. . . သဘောထားကြီးပြီး နားလည်မှုရှိတဲ့အချစ်စစ်. . . လေးမှတ် ကနေ ခြောက်မှတ်ထိရရင် အချစ်တော့ အချစ်ပဲ၊ဒါပေမယ့် မစစ် သေးဘူး. . . လိုသေးတယ်. . အဲတစ်မှတ်ကနေ သုံးမှတ်ထိရတယ် ဆိုရင်တော့ အဲဒါ အချစ်ကို မဟုတ်သေးဘူး. . . ရယူပိုင်ဆိုင်လိုမှု အတ္တတစ်ခုပဲ. . . နင်က နှစ်မှတ်ခွဲရတယ်ဆိုတော့ သဘောပေါက်လိုက် ဟော့ပေါ့"

"ဒါဆို နင်ဆိုလိုတဲ့သဘောက ငါ သူ့အပေါ်မှာ မချစ်သေးဘူး ပေါ့. . . အတ္တနဲ့ စွဲလမ်းတာပေါ့"

"သေချာတာပေါ့ဟာ. . . နင့်ကိုယ်နင် ပြန်စမ်းစစ်လိုက်ဦး. ."

www.burmeseclassic.com



အချစ်ကို တွေ့ပြီဆိုတဲ့တစ်နေ့ ဘုရားမှာ တိုင်တည်ပြီး ရိုးမြေကျ ပေါင်းရ ပါစေလို့ ဆုတောင်းလိုက်ပေါ့"

လေးပွင့်ဖြူက ပြောပြီး စာရွက်နှင့်ဘောပင်ကို သိမ်းကာ ခန်းပေါ်မှ ထလိုက်သည်။

ကျော်ဇင်သန်းထိုက်ကတော့ မကျေမနပ်နှင့်။

"လေးပွင့်ဖြူ. . နင်က အချစ်အကြောင်း နေ့ာကျေတဲ့ ဆရာမကြီးနပ့်. . ဟုတ်လား၊ ငါက အဲဒါတွေ နားမလည်ဘူး. . ကိုယ် ကြိုက်တဲ့သူကို ရအောင်ယူမယ်. . . အဲဒါ ငါ့အတွက်ပဲ. . . နင့်လို ကိုယ် စားမယ့်ဆန် ပေါ်ဆန်မွှေးလား၊ ငစိန်လား မခွဲနေနိုင်ဘူး. . . ဗိုက်ထဲ ရောက်ဖို့ အဓိကပဲ"

လေးပွင့်ဖြူက ကျော်ဇင်သန်းထိုက်ကို ပခုံးတွန့်ပြ၍ အိမ်ထဲ ဝင်သွားလေသည်။

♥ ♥ ♥



အခန်း (၁၁)

လောကတွင် ဝီရိယကောင်းသောသူသည် ဝီရိယအကျိုး ခံစား ရမြဲပင်။ အခုလည်း ကျော်ဇင်သန်းထိုက်၏ ဝီရိယကောင်းမှုကြောင့် အခွေဆိုင်မှာ ရွှေရုပ် မထိုင်တော့။ သူမအဖေကြီး ပြောင်းထိုင်လေသည်။

ဒါပေမယ့်လည်း ရွှေရုပ်အပေါ် ချစ်တဲ့အချစ်က အဖေဝဲ ထိုင်ထိုင် သမီးပဲထိုင်ထိုင် မပြောင်းလဲဘူးဆိုတာ သက်သေပြသည့် အနေနှင့် မျက်နှာပြောင်တိုက်ပြီး သွားငှားပါသည်။

"အန်ကယ်. . . ယောက္ခမ"

"ဘာကွ"

ရောက်ရောက်ချင်း ဆောက်နှင့် ထွင်းဆိုသလို သူ့ကို ယောက္ခမဟု အခေါ် ခံလိုက်ရသဖြင့် အဘိုးကြီး နှာတင်းသွားသည်။

"စကားကို ဆုံးအောင်နားထောင်ပါဦး အန်ကယ်ရယ်. . . ယောက္ခမက ရော့ခ်စတားရှိလားလို့ မေးတာပါ"

"အဲဒါ တဆက်တည်း မပြောဘဲ ဘာလို့ ယောက္ခမနေရာမှာ လေဖြတ်နေတာလဲကွ"

အဘိုးကြီးက ကိုယ့်အခွေငှားသူကို ယဉ်ယဉ်ကျေးကျေး တုံ့ပြန်သည်။

"မဟုတ်ပါဘူး အန်ကယ်. . . ယောက္ခမလို့ ပြောပြီး ဆက်ပြော မယ့် ရော့ခ်စတားနေရာမှာ တံတွေးမျိုချနေရလို့ပါ"

www.burmeseclassic.com



"အဲဒီခွေ မရှိသေးဘူးကွ. . . နေပါဦး မင်း ငါ့ဆိုင်မှာ တစ်ခါမှ လာငှားတာလည်း မတွေ့ဖူးပါဘူး. . . မင်း ဘယ်ကလဲ"

"အန်ကယ့် သမီး"

"ငါမေးတာပဲ ဖြေပါ. . . အန်ကယ့်သမီးဆိုတဲ့အခွေ မထွက်သေးဘူး"

"မဟုတ်ပါဘူးခင်ဗျ. . . . ကျွန်တော်က အန်ကယ့်သမီးရဲ့ သူငယ်ချင်းပါ. . . သူဆိုင်ထိုင်နေတုန်းက စငှားတာမို့လို့ အန်ကယ် မမြင်ဖူးတာပါ"

အဘိုးကြီးက ကျော်ဇင်သန်းထိုက်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ရင်း

"မင်း ငါ့သမီးနဲ့ သူငယ်ချင်းဆိုတာ သေချာလား. . . တော်ကြာ တလိမ်ကကျစ်ကျပြီး အခွေလာလိမ်တဲ့သူဆိုရင် ဘယ်လိုလုပ်မလဲ. . . ငါ့သမီးနာမည်ပြော"

ဝင်သက်ထွက်သက်တိုင်းမှာ အလွတ်ရနေခဲ့သော နှလုံးသားထဲက နာမည်လေးတစ်ခုကို ယောက္ခမလောင်းကြီးရှေ့မှာ ရွတ်ပြလိုက်သည်။

"ရွှေရုပ်လွှာ"

"အင်း. . . နာမည်ကတော့ မှန်နေတာပဲ. . . ငါကိုယ်တိုင် သူ့အမေနဲ့တိုင်ပင်ပြီး စံဇာတာဘိုဆီမှာ တွက်ချက်ပေးထားတာ၊ နေဦး. . . နာမည်သိတာ သိပ်မသေချာဘူး. . မင်းက ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်မွေးတွေနဲ့ လမ်းသရဲရုပ်. . . ငါ့သမီးက ဒီလိုသူငယ်ချင်းမျိုး ထားပါ့မလား စဉ်းစားရပဲ . . ."

"ထားပါတယ် အန်ကယ်. . . အန်ကယ့်သမီးကတောင် ပြောသေးတယ်. . ကျွန်တော့်မုတ်ဆိတ်မွေးကို ကြည့်ပြီး အသည်းယား





နေတာတဲ့"

နည်းနည်းဖောရှောလုပ်လိုက်ရာ အဘိုးကြီးတွေဝေသွားပြီး

"ကဲ. . . ငါ့သမီးနဲ့သူငယ်ချင်းဆိုရင် သူအကြိုက်ဆုံး အစားအစာက ဘာလဲ သိရမယ်. . . မှန်အောင်ဖြေနိုင်ရင် ငှားမယ်ကွာ"

ဂွတော့ကျပြီ၊ သူ့ဆီမှာ အခွေတစ်ခါငှားဖို့အရေး ရပ်ကွက်ရုံးခန်းထောက်ခံစာတွေပါ ယူရမလို။

ရွှေရုပ်လွှာ အကြိုက်ဆုံး အစားအစာ ဘာလဲဆိုတာ စန္ဒာတို့ သန္တာတို့ထံတွင် မမေးထားမိလိုက်ခြင်းက သူ့အပြစ်။

စဉ်းစားစမ်း၊ စဉ်းစားစမ်း။

ရွှေရုပ်လွှာ အကြိုက်ဆုံးအစားအစာက ဘာလဲ။

ငှက်ပျောသီးလား၊ အီကြာကွေးလား၊ ပဲမြစ်လား၊ မုန့်လက်ဆုံးလား။

ဩော်. . . သိပြီ. . ဟိုတစ်နေ့က သူဆိုင်ထိုင်ရင်း မုန့်လင်မယားစားနေသည်ပဲ။ ဒါဆို မုန့်လင်မယား ကြိုက်ပုံရသည်။ ကျော်ဇင်သန်းထိုက် ရဲရဲဝံ့ဝံ့ ဖြေချလိုက်ပါသည်။

"ရွှေရုပ်လွှာအကြိုက်ဆုံးအစားအစာက မုန့်လင်မယားပါခင်ဗျ"

"မှန်တယ်. . ကဲ. . ဘာအခွေငှားမလဲ"

"ရေသူမ"

"ရမယ်"

ကျော်ဇင်သန်းထိုက် အခွေငှားသွားတာ အကြောင်းရှိသည်။ နောက်နေ့ ရွှေရုပ်လွှာ ဆိုင်ပြန်ထိုင်ခဲ့လျှင် အခွေထဲမှာ ရည်းစားစာ ထည့်ပေးရန် ဖြစ်သည်။

ဒါပေမယ့် အခွေပြန်ပို့တော့ သူ့အဖေက အိမ်မှာ အိပ်ငိုက်ပြီး ခဏခဏကြည့်သော အင်္ဂလိပ်ရေသူမအခွေကို ကျော်ဇင်သန်းထိုက်ရဲ့

www.burmeseclassic.com



မြန်မာရေသူမအခွေထဲ မှားထည့်ပေးလိုက်တာ ကျော်ဇင်သန်းထိုက် မသိလိုက်။

ရွှေရုပ်လွှာကတော့ ကျော်ဇင်သန်းထိုက်ရဲ့ ရည်းစားစာကို မြန်အပ်သည့်အခွေနှင့်အတူ လက်ခံရရှိလိုက်ပါသည်။

ရွှေရုပ်

ဒီအခွေလေး ဖွင့်ကြည့်လိုက်ပါ၊ မင်းသမီးက မင်းနဲ့ သိပ်တူတာပဲ၊ ကိုယ်ကြည့်နေရင်း မင်းကို သတိရလာလို့ အာရုံထဲက မနည်းဖျောက်ပစ်ရတယ်။ လူယောင်ဖန်ဆင်းပြီး ရေထဲက တက်လာတဲ့ အခန်းများဆို မင်းနဲ့တူလွန်းလို့ ပါးစပ်အဟောင်းသားပဲ။ ကိုယ် မင်းကို အဲဒီပုံစံမျိုး အမြဲမြင်ချင်တယ်။ အဲဒီဖက်ရှင်က မင်းနဲ့ဆို သိပ်လိုက်မှာ... မင်း အခွေဆိုင်ထိုင်ရင် အဲဒီလိုဒီဇိုင်းလေး လုပ်ထားပါလားဟင်၊ ကိုယ် အခွေလာငှားရင်းနဲ့ တသသကြည့်ချင်လို့ပါ...ပြီးရင် အဲဒီကားထဲက မင်းသားလိုမျိုး မင်းကို အစွမ်းကုန်ချစ်ပြချင်တယ်..အဲဒီအခွင့်အရေးလေး ကိုယ့်ကို ပေးသနားပါလားဟင်၊ ပြီးရင် အခွေထဲကအတိုင်း မင်းကို အနမ်းပေးတဲ့ပုံလေး မှတ်တမ်းတင်ပြီး မှန်ဘောင်နဲ့ အိမ်က ဧည့်ခန်းမှာ ချိတ်ထားချင်တယ်။ သူငယ်ချင်းတွေကို ကြွားမလို့ပေါ့။ ပြီးရင် ဓာတ်သိမ်းခန်းထဲကလို မင်းကို ရေထဲမှာ ပွေ့ဖက်ထားချင်တယ်။

ကျော်ဇင်သန်းထိုက်

စာကို ဖတ်ပြီးသောအခါ သူမ မကြည့်ရသေးသော ရေသူမကားကို ရွှေရုပ်လွှာ ထိုးကြည့်လိုက်သည်။





ဒါပေမယ့် မြန်မာရေသူမနဲ့ အင်္ဂလိပ်ရေသူမဆိုတော့ အမိပ္ပာယ်တွေ အလွဲကြီးလွဲကုန်သည်။

ပထမတော့ ကာဟာနှင့်အခွေ လွဲနေသည်ကို သိလိုက်သော်လည်း ကျော်ဇင်သန်းထိုက်က တမင်သက်သက် ပြောင်းထည့်ပေးထားသည်ဟု ထင်ပြီး ဆက်ကြည့်နေလိုက်သည်။

အစကတော့ ချောနေတာပဲ။ မင်းသမီးက သူမနှင့်သိပ်တူတယ် ဆိုတာ ကျော်ဇင်သန်းထိုက်က မြန်မာမင်းသမီးကို ပြောတာ၊ အင်္ဂလိပ်ကားမှာတော့ အင်္ဂလိပ်မချောချောလေးပေါ့။ ရွှေရုပ်လွှာတောင် ဒီလောက်လှတဲ့မင်းသမီး သူမနှင့်တူတယ်ပြောသဖြင့် နည်းနည်း ဘဝင်ခိုက်သွားသည်။

ပြဿနာတက်တာက လူယောင်ဖန်ဆင်းပြီး ရေထဲက တက်လာတဲ့အခန်း။ သူမနဲ့တူလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်ရတယ်ဆိုပဲ။ ကျော်ဇင်သန်းထိုက် ရည်ရွယ်တာက မြန်မာမင်းသမီးလေးက လူယောင်ဖန်ဆင်းပြီး အစိမ်းရောင်ကြေးခွံ ရေသူမဖက်ရှင် အဝတ်အစားလေးနဲ့ ကမ်းပေါ်တက်လာတာ။ ရွှေရုပ်လွှာ ကြည့်နေရတာက အင်္ဂလိပ်ရေသူမ။ ဘာအဝတ်အစားမှ မပါဘဲ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်လုံးတီး တက်လာသဖြင့် မျက်လုံး ပြူးသွားသည်။ အဲဒါကို တူတယ်ဆိုတော့ ဘယ်တုန်းကများ ချောင်းကြည့်ထားပါလိမ့်။

အခွေကိုကြည့်လိုက်၊ စာကိုဖတ်လိုက်နှင့် ရွှေရုပ်လွှာ ဒေါသူပုန်ထနေသည်။ မင်းကို အဲဒီပုံစံမျိုး အမြဲမြင်ချင်တယ်တဲ့၊ အဲဒီဖက်ရှင်တင်းနဲ့ဆို သိပ်လိုက်မှာတဲ့။ အခွေဆိုင်ထိုင်ရင် အဲလိုဒီဇိုင်းလေး လုပ်ထားပါလားဟင်တဲ့။ အခွေလာငှားရင် တသသကြည့်ချင်လို့တဲ့။

ရွှေရုပ်လွှာ ကလော်တုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသာကောင်. . နှာဘူး၊ အဲဒီဒီဗိုင်း နင့်နှမ ဝတ်ခိုင်းပါလား"

နောက်ပိုင်းဆက်ဖြစ်လာတဲ့ ဇာတ်ဝင်ခန်းကတော့ ရွှေရုပ်လွှာ ဒေါသကို မိုင်ကုန်မြင့်တက်သွားစေသည်။

အဲဒီကားထဲက မင်းသားလိုမျိုး မင်းကို အစွမ်းကုန်ချစ်ပြချင်တယ်တဲ့။ မြန်မာကားထဲမှာတော့ အစွမ်းကုန် ချစ်ပြတယ်ဆိုတာ သူ့အပေါ် ဂရုစိုက်တာ၊ ကြင်နာတာ၊ အနားကနေ တစ်ဖဝါးမှ မခွာဘဲ မှက်၊ ခြင်၊ ယင် မသန်းရအောင် ကြွေရုပ်လေးတစ်ရုပ်လို အလှကြည့်ပြီး ယုယတာ။ အင်္ဂလိပ်ကားရဲ့ အစွမ်းကုန် ချစ်ပြတာတတော့ စာဖတ် ပရိသတ်ကြီး သိတဲ့အတိုင်းပေါ့. . ။ ဆင်ဆာမဲ့လေး

အဲဒီလိုမျိုး ချစ်ပြခွင့် အခွင့်အရေးလေး သူ့ကိုပေးပါဆိုတော့ ရွှေရုပ်လွှာ အသားတွေ တဆတ်ဆတ်တုန်ပြီး ကျော်ဇင်သန်းထိုက်ကို ပါးပြေးရိုက်ချင်စိတ် မနည်းထိန်းထားရသည်။ ဘယ်လောက်တောင်များ ဒေါသထွက်သလဲဆိုရင် အဲဒီအခန်းကို နှစ်ခါသုံးခါပြန်ရစ်ပြီး ကြည့်ရသည် အထိ။

ပြီးတော့ အခွေထဲကအတိုင်း သူ့ကို အနမ်းပေးတဲ့ပုံလေး မှတ်တမ်းတင်ပြီး မှန်ဘောင်နဲ့ အိမ်က ဧည့်ခန်းမှာ ချိတ်ထားချင်တယ်တဲ့။

မြန်မာကားထဲမှာက မင်းသားက မင်းသမီးရဲ့ လက်ဖမိုးလေးကို ယုယုယယ နမ်းတာ။ တိုက်တန်းနစ်ကားထဲကလိုပေါ့။

ဒါပေမယ့် ရွှေရုပ်လွှာ ကြည့်ရတဲ့ အင်္ဂလိပ်ကားထဲက အနမ်းတတော့ မျက်စိရှက်စရာ ဆင်ဆာဖြတ်တဲ့အနမ်း။ ကဗျာဆန်ဆန်လေး ပြောရမယ်ဆိုရင် (mouth to mouth)၊ တူညီသော နှုတ်ခမ်းတစ်စုံဖြင့် ချစ်ခြင်း၏အရသာကို ဖော်ကျူးသော တေးသွားတစ်ပုဒ်ပေါ့။

အဲဒီလို အနမ်းကို ဓာတ်ပုံရိုက်ပြီး အိမ်က ဧည့်ခန်းမှာ မှန်ဘောင်နဲ့





ချိတ်ထားချင်သော ကျော်ဇင်သန်းထိုက်ကို ရွှေရုပ်လွှာ ကျိန်ဆဲစရာ စကားလုံးမရှိအောင် ပက်ပက်စက်စက် ပေါက်ကွဲနေသည်။

ပြီးတော့ သူငယ်ချင်းတွေကို ကြွားဦးမယ်ဆိုပဲ။

သူ့ကို ဟိုအတန်းပို့နေတာ။

ဇာတ်သိမ်းခန်းမှာတော့ မြန်မာကားထဲမှာ မင်းသားက မင်းသမီးကို ရေထဲမှာ ပွေ့ဖက်ပြီး ဖေါင်းသွားတာပေါ့။

အင်္ဂလိပ်ကားထဲမှာတော့ နှီကင်ဆာဖြစ်ပြီး သေဆုံးသွားသော မင်းသမီးကို မင်းသားက ရေကန်ထဲမှာ ပွေ့ဖက်ကာ ရင်နင့်ဖွယ် ဇာတ်သိမ်းသွားသည်။

သူ့ကို တစ်ချိန်လုံး ပိုးစိုးပက်စက် ပြစ်မှားခဲ့ပြီး နောက်ဆုံးမှာ နှီကင်ဆာနှင့်ပင် သေခိုင်းလိုက်သော ကျော်ဇင်သန်းထိုက်ကို ရွှေရုပ်လွှာ နင့်နင့်နဲနဲ မေတ္တာပို့လိုက်သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

♫ သိပ်ပျော်လိုက်တာ×××ဖင်တောင်တုန်တယ်×××ပြန်စာ ပြန်စာ သူလေးက ပေးလာ×××ဝမ်းလည်းသာ×××ပျော်တယ် အချစ်ရယ်××× ရွှေရုပ်ကလေး ကောက်ရသလို ♫

"ဟဲ့. . သိပ်အူမြူးပြမနေနဲ့. . . နင့်ကို ရွှေရုပ်က ပေးလိုက်တဲ့ ပြန်စာ မြန်မြန်ဖတ်ပြ"

လေးပွင့်ဖြူက မျက်စောင်းထိုးပြီး ပြောလိုက်ရာ ကျော်ဇင်သန်းထိုက်က ပျော်ရွှင်မြူးထူးစွာဖြင့် ကျောက်ကျောရေပက်ခံရသလို ပြောင်ချော်ချော် လုပ်လိုက်ပြီး

"အခုလို ပရိသတ်ကြီးက တောင်းဆိုနေပြီဆိုတော့လည်း ဖွင့်ပြရတာပေ့ါ. . တစ်လုံးချင်းကို ဂရုစိုက်ပြီး နားထောင်နော်. . မကြားလိုက်ရင် နှစ်ခါပြန် မဖတ်ပြဘူး"

"သိပ် ဈေးကိုင်မနေနဲ့. . . မြန်မြန်ဖတ်"

ကျော်ဇင်သန်းထိုက်က ရွှေရုပ်လွှာရဲ့ ပြန်စာကို စလိုးမိုးရှင်းနှင့် ဖွင့်လိုက်ပြီး စတင်ရွတ်ဖတ်သရဇ္ဈယ် လိုက်သည်။





"အဟမ်း. . . အဟမ်း. . ကျော်ဇင်သန်းထိုက် သေချင်းဆိုး. . တာလနာ. . . မြွေပွေးကိုက်. . . အယုတ်မာ. . ဟာ"

ကျော်ဇင်သန်းထိုက် မျက်နှာ အီးမှန်သလို ဖြစ်သွားသည်။

လေးပွင့်ဖြူက ခွက်ထိုးခွက်လန်ရယ်ရင်း. .

"ဆက်ဖတ်လေ. . . ငါ သေချာ နားထောင်နေတယ်"

ကျော်ဇင်သန်းထိုက် မျက်နှာရှုံ့မဲ့မဲ့နှင့် ဆက်ဖတ်သည်။

"အောက်တန်းစား၊ လမ်းသရဲ. . . အပေအတေ. . ကလေကချေ. . လာမယ့်ဆယ့်လေးရက် နင့်ကို အဖြေပေးမယ်. . ကန်တော်ကြီး မျှော်စင်ကျွန်းမှာ နေ့လည် နှစ်နာရီ စောင့်နေပါတဲ့. . ဘယ်လိုကြီးလဲ"

ကျော်ဇင်သန်းထိုက် အူလည်လည် ဖြစ်သွားသည်။

"နင့်ကို ညွှန်းထားတဲ့ ဂုဏ်ပုဒ်တွေက နည်းတာ မဟုတ်ဘူး. . ဒါပေမယ့် နောက်ဆုံးမှာ အဖြေပေးမယ်ဆိုပါလား. ."

"အေးဟ. . . ဘာပဲဖြစ်ဖြစ် အဖြေပေးမယ်ဆိုတာနဲ့တင် ပျော်သွားပြီဟာ. . . နင်လည်း ငါ့အတွက် ဆုတောင်းပေး"

"ဘယ်လိုဆု တောင်းပေးရမှာလဲ ချီးကားတိုက်သေပါစေ လို့လား"

"ဂန်းနာမ. . နင့်အမေလင် ချီးကားတိုက်သေပါစေလား. . . မင်္ဂလာရှိတဲ့အချိန်မှာ. . . မင်္ဂလာစကားပဲပြော. . . ရွှေရုပ်လွှာရဲ့အဖြေဟာ ငါ့ကိုချစ်တယ်ဆိုတဲ့အဖြေ ဖြစ်ပါစေလို့"

"အေး ဆုတောင်းပေးမယ်. . . ရွှေရုပ်လွှာရဲ့အဖြေက နင့်ကို ချစ်တယ်ဆိုတဲ့အဖြေ ဖြစ်ပါစေ"

ကျော်ဇင်သန်းထိုက် မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"နင့်ကြီးတော် ရွှေရုပ်လွှာရဲ့အဖြေက ငါ့ကို ချစ်တယ် ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာလား. . . ယောက်ျားချင်း ၃၇၇ ဖြစ်အောင် မလုပ်နဲ့. . ရွှေရုပ်လွှာရဲ့ အဖြေတ. . တော်ပြီဟာ. . နင့်ကို ဆုတောင်းခိုင်းရတာ အဆင်မပြေဘူး ငါ့ဘာသာငါပဲ သွားခါနီး အင်္ဂလိမာလသုတ် ရွတ်သွားတော့မယ်"

"ဟဲ့. . အင်္ဂလိမာလသုတ်က ကလေးမီးဖွားမှ ရွတ်ရတာ. . . နင့်ဟာမက မီးဖွားမှာမို့လို့လား"

"ဖွဟဲ့. . လွဲပါစေ ဖယ်ပါစေ. . . ချစ်သူဆီက အဖြေရအောင် ဘာဂါထာရွတ်ရမလဲ ငါမသိလို့"

"ဟဲ့. . ငါတို့ဘုရားက ချစ်သူဆီက အဖြေရတဲ့ဂါထာ ပေးမသွားခဲ့ဘူး အရှုံးရဲ့. . အဘိဓမ္မာသင်တန်းလေး ဘာလေး တက်လိုက်ပါဦး"

"အဲ. . ဟုတ်လား. . ဒါဆိုရင် ဘယ်လိုလုပ်ရမှာလဲ. . ချစ်သူဆီက အဖြေရတဲ့ဂါထာရယ်တော့ မဟုတ်ဘူးပေါ့ဟာ. . လိုရာဆန္ဒပြည့်ပြီး အကြံအစည်အောင်တဲ့ဂါထာ. . ဒါဆိုရင် ငါလိုချင်တဲ့အဖြေ ရတာနဲ့ အတူတူပဲပေါ့"

"နင်လိုချင်ရင် ငါဂါထာတစ်ခု ပေးမယ်. . ဘိုးတော်တစ်ပါးဆီက ရတာ. . ဝိဇ္ဇာရှစ်သောင်းရဲ့ အင်းကွက်စမ္မနဲ့ စီရင်ထားတဲ့. . အဲဒီဂါထာ ရွတ်ပြီး ချစ်သူဆီက အဖြေတောင်းရင် တစ်ပတ်အတွင်း မိန်းမပါ ရသွား စေရမယ်"

ကျော်ဇင်သန်းထိုက် စိတ်ဝင်စားပြီး မျက်နှာကြီး ဝင်းပသွားသည်။

"ဟာ. . . စွမ်းလှချည်လား. . လုပ်စမ်းပါဦးဟာ ငါ အဆင်ပြေသွားရင် နင့်ကို အတွဲချောင်းခွင့် ပေးပါ့မယ်"

"သေချင်းဆိုး. . ငါ ရွတ်သလို လိုက်ရွတ်"

"အေး"

"ကျိုက်ဇင်သန်းထော် ချိုက်ကားတီး"





"ကျိုက်ဇင်သန်းထော် ချိုက်ကားတီး. . ဒါပဲလား. . . ဂါထာတ တိုလိုက်တာ"

"တိုပေမယ့်. . စွမ်းတယ်ဟ. . အဲဒါကို နင်မှတ်မိအောင် ရွတ်နေတော့၊ ငါ ပြန်ရဦးမယ်. . . အိမ်မှာ ဘော်လီတွေ မလျှော်ရသေးဘူး"

လေးပွင့်ဖြူက အတွင်းရေးတွေ ဖော်ပြပြီး ကျော်ဇင်သန်းထိုက်တို့ အိမ်ခြံထဲက အုတ်ထိုင်ခုံလေးပေါ်မှ ထထွက်သွားလိုက်သည်။

ကျော်ဇင်သန်းထိုက် ဂါထာရွတ်ရင်း ကျန်ခဲ့သည်။

"ကျိုက်ဇင်သန်းထော် ချိုက်ကားတီး. . . ကျိုက်ဇင်သန်းထော် ချိုက်ကားတီး"

ရွတ်ရင်း ရွတ်ရင်းနဲ့မှ ဂါထာရဲ့အဓိပ္ပာယ်ကို ကောင်းကောင်း နားလည်သွားတော့သည်။

"ကျိုက်ဇင်သန်းထော် ချိုက်ကားတီး. . . ကျော်ဇင်သန်းထိုက် ချီးကားတိုက်. . ဟာ"

ထိုအခါမှ ကျော်ဇင်သန်းထိုက် လေးပွင့်ဖြူကို ကောင်းကောင်း ကျိန်ဆဲလိုက်တော့သည်။

"× + + × + +"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဗို့အား ၁၅၀၀ ထိ မြင့်တက်နေသော အချစ်စိတ်တွေက ဘယ်ဘက်ရင်အုံရှိ နှလုံးသားကို တဒိန်းဒိန်း ခုန်စေသည်။

မိမိမှာ HIV ရောဂါပိုးရှိမရှိ ဆေးစစ်ချက် အဖြေကို နားထောင်နေရတဲ့သူလို ရွှေရုပ်လွှာရဲ့ အဖြေကရော ဘာဖြစ်မလဲ ရင်ခုန်မိသည်။

တကူးတက ဒီနေရာထိ ချိန်းဆိုတာကို တွေးပြီး ဝမ်းသာမိသလို ရှေ့ပိုင်းမှာ သူ့ကို မှိုချိုးမျှစ်ချိုး ပြောထားသော စကားလုံးတွေကြောင့် ရလဒ်ဆိုးမှာကိုလည်း လန့်နေမိသည်။

မျှော်စင်ကျွန်းဆိုတာ ချစ်သူတွေ နားခိုတဲ့နေရာဆိုတော့ သူရမယ့် အဖြေက ချစ်အဖြေပဲလားလို့ တွေးပျော်မိလိုက်သော်လည်း ရည်းစားရှိရက်နှင့် အဖြေပေးသော သူမလုပ်ရပ်ကို နည်းနည်းတော့ ပူနေမိပြန်သေးသည်။

ဒါမှမဟုတ် သူ့ဘဲနှင့် ပြတ်သွား၍ပဲလား။

ဒါမှမဟုတ်. . . သူ့ကို ဆက်မလိုက်ဖို့ ပြောမှာလား။

ဆက်မတွေးချင်တော့၊ ဆက်တွေးလျှင် စိတ်တွေရှုပ်ရမည်မို့ ညက ကြည့်ခဲ့ရသော ဘီလူးကားအကြောင်းသာ တွေးနေလိုက်သည်။

ဘီလူးကားအကြောင်းကို ပြန်တွေးပြီး သဘောကျစွာ ပြုံးနေမိစဉ် မြုံးမိတဲ့ ငါးသလောက်တစ်ကောင် ရောက်လာ၏။

သူ့နှလုံးသားကွန်ယက်က မြုံးထဲမှာ ထုတ်လို့မရတဲ့ ရွှေငါးမလေး





ရွှေရုပ်လွှာ။

ပျော်မယ်မှ မကြံသေး။ ဘေးနားမှာ သူ့လက်ကို ဆွဲ၍ ကန့်လန့် ကန့်လန့်နှင့် ပါလာသော ငါးထီးကြီးကြောင့် အပြုံးမျက်နှာက ငုံ့ သေတ္တာလို ဖြစ်သွားသည်။

အချိန်မရွေး ထပေါက်တော့မယောင်။

သူ့အနားကို ချစ်သူနှင့်အတူ ရွှေလက်တွဲ၍ ရောက်လာသော ရွှေရုပ်လွှာက ခပ်တည်တည်နှင့် ကြည့်ပြီး

"ကျော်ဇင်သန်းထိုက်. . . ရှင့်ကို ကျွန်မချစ်သူရှေ့မှာ အဖြေပေးမယ်. . သေချာနားထောင်"

အခြေနေ မကောင်းမှန်း ကျော်ဇင်သန်းထိုက် သိလိုက်သော်လည်း အသက်ရှုချိန်ပင် မရလိုက်။

"ဖြန်း"

ထင်မှတ်မထားသော လက်ဝါးရိုက်ချက်ကြောင့် ပါးတစ်ခြမ်း သေဖြန်းသွားသလို နှလုံးခုန်သံတွေလည်း ရှုန်းကန်ထွက်ကုန်သည်။

ကျော်ဇင်သန်းထိုက် မျက်လုံးတွေ မီးဝင်းဝင်း တောက်သွားပြီး

"ရွှေရုပ်. . . မင်း ဒါဘာလုပ်တာလဲ"

"ပါးရိုက်တာလေ. . ဘာလဲ အဓိပ္ပာယ် နားမလည်လို့လား. . Dictionary ထဲမှာ ရှာပေးရမလား"

"ငါ မင်းကို အင်္ဂလိပ်လို မေးနေတာမဟုတ်ဘူး. . ဒါ ဘာသဘောလဲလို့ ပြောတာ"

"အေး. . ဘာသဘောလဲဆိုတော့ နင့်ရဲ့ အောက်တန်းကျတဲ့ ထုတ်မာပက်စက်၊ နှမချင်းမစာနာတဲ့ လမ်းသရဲ ဧကျကျင့်ကို တုံ့ပြန်လိုက်တာ. . နောက်တစ်ခါ ယီးတီးယားတား လုပ်လို့ကတော့ ခြေသလက်ဝါးတင်



www.burmeseclassic.com

www.burmeseclassic.com



မတုတ်ဘူး. . ငါ့ဘဲရဲ့လက်သီးနဲ့ပါ တွေ့သွားမယ်”

ရွှေရုပ်လွှာက ကျော်ဇင်သန်းထိုက်ကို စိတ်ရှိလက်ရှိပြောပြီး သူ့ဘဲဘဲကြီးဘက်လှည့်ကာ. . .

“မောင်. . ကျေနပ်တယ် မဟုတ်လားဟင်. . မောင့်ရှေ့မှာပဲ ကျွန်မကို နှောင့်ယှက်တဲ့သူကို လက်စွမ်းပြလိုက်ပြီ. . . ကျွန်မဘဝမှာ မောင်ကလွဲပြီး ကျန်တာ ဇကွဲနဲ့သလဲဆိုတာ ယုံပြီမဟုတ်လား”

ဘဲဘဲကြီးက ရွှေရုပ်ရဲ့ပခုံးနှစ်ဖက်ကို ရွရွာဖွယ် ဆုပ်ကိုင်၍ မိန့်မိန့်ကြီး ပြုံးလိုက်သည်။

“ယုံပါပြီ ရွှေရုပ်ရယ်. . ကိုယ် မင်းကို အကြွင်းမဲ့ယုံသွားပါပြီ. . အစကတော့ မင်းရဲ့အခွေဆိုင်မှာ ကောင်တစ်ကောင် အခွေငှားသလိုလိုနဲ့ ညတိုင်း လာရစ်နေတယ်ကြားတော့ တွေးပူပြီး စိုးရိမ်မိခဲ့တာ. . ခုတော့ မင်းရဲ့သဘောထားကို ကိုယ်မြင်သွားပါပြီ”

နှစ်ယောက်သား အကျေနပ်ကြီး ကျေနပ်နေပုံက ကျော်ဇင်-သန်းထိုက်ကို ငယ်ထိပ်ပုတ်၊ နားရွက် တံတွေးဆွတ်၊ နဖူးတောက်ပြီး စိန်ခေါ်နေသလို။

ကျော်ဇင်သန်းထိုက်ရဲ့ ရင်တွင်းဂီတ တစ်ပုဒ်ကတော့ စည်းချက်မညီသော အချစ်သံစဉ်တွေကနေ မာနတရားနဲ့ပေါက်ကွဲ သံစဉ်တွေအဖြစ် ပြောင်းလဲသွားသည်။

ရွှေရုပ်လွှာ လက်ဝါးနဲ့ Kiss ပေးထားခဲ့သော ပါးတစ်ဖက်ကို ပွတ်ရင်း သက်ဆိုင်သူရှေ့မှာ အတိအလင်း တရားဝင် စစ်ကြေညာလိုက်သည်။

“ရွှေရုပ်. . ဒီနေ့ မင်း ငါ့ကို ပါးရိုက်တယ် နော်. . ငါ မင်းကို ဘာမှမတုံ့ပြန်ဘူး. . ဒါပေမယ့် ငါ့ရဲ့အချစ်တွေ ရေကြီးသွားပြီ၊ ဇရာဝတီ





မြစ်ရေကြီးရင် ကမ်းစပ်ကလူတွေ ဘေးလွတ်ရာ ရှောင်နေဖို့ သတိပေးချက် ထုတ်ပြန်ရသလို၊ ငါ့ရဲ့အချစ်တွေကလည်း ဒီရေအတက်မှာ မင်းရဲ့ နှလုံးသားကမ်းစပ်ကို ရေလွှမ်းပစ်မယ်၊ သတိသာထားနေပေတော့”

“ဘာတွေ လာပြောနေတာလဲ. . ကဗျာရူးလိုလို စာရူးလိုလို လုပ်မနေနဲ့. . . လူ နားလည်အောင်ပြော”

ရွှေရုပ်ကလည်း တစ်ခွန်းမှ မခံ၊ ပြန်ပက်သည်။

ကျော်ဇင်သန်းထိုက်က သူ့စကားရဲ့အဓိပ္ပာယ်ကိုDefinition ဖွင့်ပေးလိုက်သည်။

“အေး. . . နားလည်အောင်ပြောရရင်. . မင်း ငါ့ကို မင်းကောင်ရှေ့မှာ ပါးရိုက်ခဲ့တဲ့အတွက် တစ်နေ့ မင်းကောင်ရှေ့မှာပဲ ငါ့ပါးကို ပြန်နမ်းရမယ်. . . အဲဒီအတွက် ခုတည်းက ပြင်ဆင်ထားပေတော့”

“ဘာကွ”

ကျော်ဇင်သန်းထိုက်ရဲ့စကားကြောင့် ရွှေရုပ်ဘဲက ဒေါသတကြီး လက်သီးရွယ်ပြီး ရှေ့တက်လာရာ ကျော်ဇင်သန်းထိုက်ကလည်း ပြန်၍ ချိန်လင်းခေါ်သည်။

“လာလေ. . အချိန်မရွေးပဲ. . ဝမ်း ဝမ်းဆွဲမလား. . အဖွဲ့လိုက်ဆွဲမလား. . ကြိုက်တဲ့နေရာမှာ ဆွဲလို့ရတယ်”

ရွှေရုပ်က သူ့ဘဲကို ဆွဲလိုက်ရင်း. . .

“မောင်. . ဒီလို ကလေကချေနဲ့ ရန်ဖက်မဖြစ်နဲ့. . ခွေးရူးနဲ့ ခွေးကောင်းကိုက်ရင် ခွေးကောင်းပဲ နာတယ်၊ လာ သွားမယ်”

ရွှေရုပ်ပြောမှ နှစ်ယောက်လုံး ခွေးလုံးလုံး ဖြစ်ရတော့သည်။

“ဟော့ကောင် မင်းတစ်နေ့တွေ့မယ်. . . ထမင်းဝအောင် စားထား”

ရွှေရုပ်ဘဲက ရွှေရုပ်ခေါ်ရာနောက်ကို ကောင်းတောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝါမသွားဘဲ ကျော်ဇင်သန်းထိုက်ကို ကြိမ်းဝါးသွားသေးသည်။

သူကလည်း ဒါမျိုးတော့ မခံ။

"ဘာလဲ. . ကျုပ် ထမင်းဝအောင်စားပြီးရင် ခင်ဗျား ပန်းကန် လာဆေးပေးမလို့လား"

"ဟာ. . ဒီကောင်ကွာ"

"လာပါ မောင်ရယ်. . သူ့ကို ဂရုစိုက်မနေနဲ့"

ရွှေရုပ်က သူ့ဘဲကြီးကို အတင်းဆွဲခေါ်ထုတ်သွားရာ ယက်ကန် ယက်ကန်နှင့် ပါသွားသည်။ ဒါတောင် ကျော်ဇင်သန်းထိုက်ကို မကျေနပ် လှည့်ကြည့်လှည့်ကြည့် လုပ်သွားသေးသည်။

အဲဒီနေ့ကတော့ ပုဒ်မ ၁၅၀၀ နဲ့ အချစ်ခုံရုံးတင်ခံလိုက်ရသော ရာဇဝတ်သားလို စိတ်လက်မကြည်မသာ ဖြစ်နေခဲ့သည်။

ချစ်သူရဲ့ တရားစွဲဆိုချက်ကြောင့် ဖူးစာရေးနတ်က ချမှတ် လိုက်တဲ့ ပြစ်ဒဏ်က အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ညစဉ်တဲ့။

သူမရဲ့လက်ဝါးကို ရလိုက်တဲ့အချိန်ကစပြီး ညတိုင်း အိပ်မပျော်ခဲ့။

ယောက်ျားဆိုတာ စိန်ခေါ်ပြီးရင် ဘွာခတ်လို့မရ။

ထို့ကြောင့် တစ်နေ့နေ့တော့ သူမရဲ့အနမ်းကို ပြန်ရဖို့အတွက် နည်းလမ်းပေါင်းစုံ စဉ်းစားရင်း အိပ်ပျက်ညတွေ များခဲ့လေပြီ။

♥ ♥ ♥



## အခန်း (၁၅)

"ဖုန်း"

"ဒုန်း"

"အ"

အိပ်ရေးပျက်နေပါတယ်ဆိုမှ အိပ်ပျော်မယ်ကြံကာ ရှိသေး အတင်ပေါ်မှ ကန်ချခံလိုက်ရသောကြောင့် ခွေးကျဝက်ကျ ကျသည်။

အပေါ်မော့ကြည့်လိုက်တော့ မွေးသဖခင် ကျေးဇူးရှင်. .

"ဟာ. . အဖေ ဘာလုပ်တာလဲ၊ နာလိုက်တာဗျာ. . ကျွတ် ကျွတ်"

"အေး. . အလုပ်မရှိ အကိုင်မရှိ တစ်နေကုန် ဂလေလိုက်. . . ဆန်းခေါင်ကျော်မှ ပြန်လာ မနက်ကျ မွန်းတည့်မှ ထတဲ့မင်းကို ထာန္တီးတာ၊ ကိုးနာရီထိုးပြီ ထတော့"

"အဖေကလည်းဗျာ နှိုးတာ၊ ညင်ညင်သာသာ မရှိလိုက်တာ၊ အတင်ပေါ်က ကန်ချရတယ်လို့၊ ကမ္ဘာပေါ်မှာရှိတဲ့ နှိုးစက်တွေ အားလုံး ထဲမှာ အဖေ့နှိုးစက်က အကောင်းဆုံးထင်တယ်၊ ချက်ချင်းကို ငုတ်တုတ် ထထိုင်ရတာပဲ"

"အေး. . ကောင်းကောင်းမွန်မွန် နှိုးတုန်းကတော့ မင်းတာ ထုတ်တုတ်မှမလှုပ်တာ၊ ငါလည်း စိတ်မရှည်တဲ့အဆုံး ထကန်ရတာပဲ. . ညဘက် ညဘက် မင်း ဘယ်တွေ သွားနေတာလဲဟင်. . . အော်ဒါ သွားတာလား"

"အဖေကလည်းဗျာ. . အဖေပြောမှ ကျွန်တော်လည်း မိန်းမရှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့တယ်၊ ကျွန်တော် ညဘက် အပြင်ထွက်နေတယ်ဆိုတာက"

"ဘာဖြစ်လဲ"

"ဖွန်ကြောင်နေလို့ပါ အဖေရဲ့ ဟဲ. . ဟဲ"

ကျော်ဇင်သန်းထိုက်က အဖေဖြစ်သူကို မျက်နှာချိုသွေးရင်း သူပြုတ်ကျသွားသော ကုတင်ပေါ် ပြန်တက်ထိုင်သည်။

"အေး. . ကြောင်တာလဲ ကြောင်တာပေါ့ကွာ၊ ငါလည်း ငယ်ငယ်က ကြောင်ခဲ့တာပဲ. . . ဒါပေမယ့် မင်းလိုတော့ သန်းခေါင်တလွဲ ပြန်မလာဘူး. . နေစမ်းပါဦး. . မင်းကြောင်နေတာ ညမွှေးပန်းလားကွ"

ကျော်ဇင်သန်းထိုက် မျက်လုံး ပြူးသွားသည်။

"ဗျာ. . အဖေ. . . ဘာတွေ ပြောနေတာလဲ"

"ဟေ့ကောင်. . တလွဲမတွေးနဲ့၊ ညမွှေးပန်းဆိုတာ ဟိုသီချင်းထဲက မိန်းကလေးကို ပြောတာ"

"ဘယ်သီချင်းထဲကလဲ အဖေ"

ကျော်ဇင်သန်းထိုက်အဖေ ဦးသန်းထိုက်က အသံနေအသံထားဖြင့် ဆိုပြလိုက်သည်။

"♫ညတုန်းက တွေ့လိုက်တဲ့ ကောင်မလေးတစ်ယောက် ပျောက်သွားလို့ လိုက်ရှာနေတယ်×××ညမွှေးပန်းလေးရယ် ဘယ်ဆီများ ရောက်နေလဲကွယ်×××ဖွေရှာသူမောလို့ ငိုရတော့မယ်×××ဖွေရှာသူ မောလို့×××ငိုး×××ငိုရတော့မယ် ♫

အဲဒီသီချင်းထဲကလို မင်းကောင်မလေးက ညမွှေးပန်းလားလို့ မေးတာ"

"ဟာဗျာ. . အဖေကလဲ. . အဖေ့ယောက်ျားက အဲဒီလိုညဘက် မလေးတွေ ကြိုက်ပုံ့မလားဗျ. . . ရက်စက်လိုက်တာ. . မှိုချိုး မျှစ်ချိုး"

"ပြောလို့ မရဘူးလေကွာ. . မင်းက ညဘက် ညဘက် အပြင်



ထွက်ပြီး ညမင်းသားလုပ်နေတာကိုး. . ကဲ၊ အဲဒါ အသာထား. . မင်းကို ပြောစရာရှိတယ်. . မျက်နှာသစ်၊ သွားတိုက်ပြီးရင် အိမ်ရှေ့ ထွက်လာခဲ့"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ဦးသန်းထိုက် ပြန်ထွက်သွားသောအခါ ကျော်ဇင်သန်းထိုက်တ ခင်၏စကားကို နာခံသည့်အနေနှင့် ဆက်အိပ်နေလိုက်သည်။

မိဘနှစ်ပါးကတော့ သားဖြစ်သူ လာနိုး လာနိုးနှင့် စောင့်နေတာ ဆယ်နာရီ ထိုးသွားသည်။

နောက်ဆုံး သည်းမခံနိုင်တော့သဖြင့် မိခင်ဖြစ်သူက တုတ်ကိုင်၊ ခင်ဖြစ်သူက ရေတစ်ပုံးဆွဲပြီး ကျော်ဇင်သန်းထိုက် အခန်းထဲသို့ ချီတက် သွားကြတော့သည်။

"ဗွမ်း"

အိပ်မက်ထဲမှာ ရေသူမလေးနဲ့ ရေထဲမှာ ရေသဘင်ပွဲ ဆင်နွှဲ နေစဉ် မျက်နှာကို ရေနဲ့ပက်ခံလိုက်ရသောကြောင့် ကျော်ဇင်သန်းထိုက် အလန့်တကြား ထထိုင်သည်။

"ဖူး. . အဖေ. . ဟာ ဘာလုပ်တာလဲ"

"အေး. . အဲဒီစကား မင်းကို မေးရမှာကွ၊ မင်းကို ငါခေါ် သားတာ တစ်နာရီတိတိ မင်းရောက်မလာဘူး. . ဘာလုပ်တာလဲ"

"ဟို. . မျက်နှာသစ်မယ်လို့ စဉ်းစားပြီးမှ ရုတ်တရက် ပြန်အိပ် ပျော်သွားတာပါ အဖေရာ"

မိခင်ဖြစ်သူကလည်း သူ့ခေါင်းကို တုတ်နှင့် ခေါက်လိုက်ရင်း. .

"ဒီမှာ ကျော်ဇင်သန်းထိုက်. . မင်း မိဘစကားကို အရေးမထား ထုပ်နဲ့၊ ငါတို့က သူများမိဘတွေလို အလိုလိုက်နေမှာ မဟုတ်ဘူး. . ပြောသင့်ရင် ပြောရမယ်. . ရိုက်သင့်ရင် ရိုက်ရမယ်. သင့်သင့်ရင်. .

www.burmeseclassic.com



သတ်ရမယ်. . သားတစ်ယောက်တည်း မွေးထားတယ်ဆိုပြီး ညှာမယ် မထင်နဲ့"

ကျော်ဇင်သန်းထိုက်ရဲ့ မိဘတွေက သားလေးအပေါ် အဲဒီလို အလိုလိုက်တာ။ ကျော်ဇင်သန်းထိုက်ကလည်း ကျော်ဇင်သန်းထိုက်ပါပဲ။

သနားစရာပုံစံ ဖမ်းလိုက်ရင်း

"ဖေတို့မေတို့က သားသားအပေါ် အဲဒီလို မေတ္တာထားတော့ ခုပဲ လိုက်လာပါ့မယ်. . သွားနှင့်ပါ"

"ဟေ့ကောင်. . ပြောင်ချော်ချော် လုပ်မနေနဲ့. . ဒီတစ်ခါ ထွက်မလာရင် မျက်နှာကို ရေနဲ့ မပက်တော့ဘူး. . . အက်စစ်နဲ့ပက်မှာ"

"အေး. . ငါကလည်း ဒီတစ်ခါ ထွက်မလာရင် ခေါင်းကို တုတ်နဲ့ မခေါက်တော့ဘူး၊ တင်းပုတ်နဲ့ ထုမှာ"

မိဘနှစ်ပါးရဲ့ ခုလို အကြင်နာစကားလေးတွေ ကြားရတော့လည် ကျော်ဇင်သန်းထိုက် ကြည်နူးမိသည်။

ထို့ကြောင့် မယားငယ်ဖင်ထဲ မျှော့ဝင်သည့်ရုပ်နှင့် ခေါင်းညိုင် ပြလိုက်သည်။

♥ ♥ ♥

ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းခံရသလို ထိုင်ခုံမှာ ထိုင်၍ ကြာကာရှိသေး ဖခင်ရဲ့ ဆီးပြောလိုက်သော စကားကြောင့် ပြန်ကြွ သွားသည်။

"မင်းကို မိန်းမ ပေးစားမယ် ကျော်ဇင်သန်းထိုက်"

"ဗျာ"



"ဟေ့ကောင် ဣန္ဒြေရရနေစမ်း. . မိန်းမပေးစားမယ်ဆိုလို့ အူမြူးမနေနဲ့၊ ဒီလိုမှ မလုပ်ရင် မင်းဘဝက ဂျလေဘီဘဝနဲ့ ပြီးသွားမယ်"

"အူမြူးနေတာ မဟုတ်ဘူး၊ အဖေ. . . အံ့ဩသွားတာ၊ ကျွန်တော့်ကို ဘယ်သူနဲ့ ပေးစားမှာလဲ"

"လေးပွင့်ဖြူနဲ့"

"ဗျာ"

ဒုတိယကမ္ဘာ အံ့ဩသွားပြန်သည်။

"ဟုတ်တယ်. . ကျော်ဇင်သန်းထိုက် မင်းကို လေးပွင့်ဖြူနဲ့ ပေးစားဖို့ မနေ့က လူကြီးချင်း စကားပြောပြီးပြီ၊ အားလုံး အဆင်ပြေတယ်"

"မပြေဘူး အမေ. . လေးပွင့်ဖြူနဲ့ ကျွန်တော်က သူငယ်ချင်းတွေ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲကွ. . ပိုတောင်ကောင်းသေးတယ်၊ သူငယ်ချင်းဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် ဂဃနဏ သိတာပေါ့"

"ဘာဆိုင်လဲ. . အဖေရာ၊ သူငယ်ချင်း ဖြစ်တာနဲ့ သူ့အကြောင်း ဂဃနဏ သိရအောင် သူနဲ့ကျွန်တော် လင်မယားမှ မဟုတ်တာ"

"ဟေ့ကောင်. . လျှာမရှည်နဲ့၊ အခုမသိလည်း ယားရင် သိသွားမှာပဲ. . . အဲလေ လင်မယားဖြစ်ရင် သိသွားမှာပဲ၊ မင်း လေးပွင့်ဖြူကို ယူရမယ်"

ဖခင်၏ တစ်ချက်လွှတ်အမိန့်က ပြင်းထန်သည်။

"ကျွန်တော် မယူရင် ဘာဖြစ်မလဲ အဖေ"

ကျော်ဇင်သန်းထိုက်က ဖခင်ကို အကဲစမ်းကြည့်သည်။





www.burmeseclassic.com

www.burmeseclassic.com



"မင်း မယူရင် ငါယူရမှာပေါ့ကွ"

"ဘာပြောတယ်"

ကျော်ဇင်သန်းထိုက်မိခင် ဒေါ်အိန္ဒြာကျော်က ဦးသန်းထိုက်ကို ပေါင်တွင်းကြော ဆွဲလိမ်လိုက်သည်။

"အား. . . မဟုတ်ဘူးလေကွာ. . ငါ ဒီကောင်ကို အရေးယူမယ် လို့ပြောတာ"

"ရှင်နော် စကားကို ရှင်းအောင်ပြော"

"ကျွန်တော်ကတော့ မရှင်းဘူး အမေရာ၊ ဘာလို့ ကျွန်တော့်ကို လေးပွင့်ဖြူနဲ့ ပေးစားဖို့ စီစဉ်ရတာလဲ"

"ရှင်းရှင်းလေးပါ. . လေးပွင့်ဖြူက မင်းနဲ့ ငယ်ငယ်တည်းက သံယောဇဉ် ရှိခဲ့တာ၊ ပြီးတော့ သူက မိန်းမပီသတယ်၊ လိမ္မာရေးခြားလည်း ရှိတယ်၊ အမေငယ်ငယ်က အတိုင်းပဲ၊ မင်းအပေါ်လည်း နားလည်တယ်၊ အဲဒီတော့ မင်းနဲ့အသင့်တော်ဆုံး မိန်းကလေးကို ငါတို့ ချွေးမတော်ဖို့ ဆုံးဖြတ်လိုက်တာပဲ၊ မင်းလည်း မငယ်တော့ဘူး၊ လေးပွင့်ဖြူနဲ့ လက်ထပ်ပြီးတာနဲ့ မင်းအဖေရဲ့အလုပ်မှာ ဝင်လုပ်ပေတော့၊ ဒါ မင်းဘဝရှေ့ရေးအတွက် တည်ငြိမ်မှုရှိသွားအောင် မိဘတွေက ကောင်းမယ်ထင်လို့ စီစဉ်တာပဲ"

"သူ့ဘက်ကရော ဘာပြောလဲ အမေ"

"သူ့ဘက်ကတော့ အဆင်သင့်ပါပဲတဲ့"

ဦးသန်းထိုက်စကားကြောင့် ကျော်ဇင်သန်းထိုက် လေးပွင့်ဖြူတို့ စိတ်ထဲမှာ ဒီဟာမ ဘယ်အချိန်တည်းက လင်လိုချင်နေလဲ မသိဘူးဟု တွေးရင်း နှာခေါင်းရှုံ့လိုက်သည်။

"ရှင်ကလည်း. . . ပြောပုံကြီးက ကဗျာမဆန်လိုက်တာ၊ ချွေးမ





လောင်းလေးက အဲဒီလိုပြောတာ မဟုတ်ပါဘူး. . . ကျော်ဇင်သန်းထိုက်ရဲ့ သဘောကို မေးကြည့်ပါဦးတဲ့. . သူသဘောတူရင် လူကြီးတွေ သဘောပါတဲ့၊ သူ့ဘက်က ငြင်းစရာ မရှိပါဘူးတဲ့. . . အဲလို ပြောတာပါ. . တဲ ဘယ်လောက်လိမ္မာရေးခြားရှိလိုက်သလဲ"

ဒေါ်အိန္ဒြာကျော်က ခုတည်းက လေးပွင့်ဖြူဘက်မှ ရှိနေပြီပဲ၊ ကျော်ဇင်သန်းထိုက် စိတ်ပျက်သွားသည်။

"ကျွန်တော်ကတော့ ဒီကိစ္စကို စဉ်းစားစေချင်သေးတယ်ဗျာ"

"ဘာစဉ်းစားစရာရှိလဲကွ. . မိန်းမယူတာ ကောင်းတဲ့ကိစ္စပဲ၊ သူများတွေ လိုချင်လို့တောင် မရဘူး. . ပေးစားတုန်းယူလိုက်"

"ကျွန်တော် သူ့ကို ဇနီးတစ်ယောက်အနေနဲ့ ခံစားလို့ မရဘူး အဖေ၊ သူငယ်ချင်းသံယောဇဉ်ပဲ ရှိတယ်"

"အဲဒါ စိတ်ကြောင့်ပါကွာ၊ နောက်တော့လဲ ခံစားလို့ ရသွားမှာပါ"

ကျော်ဇင်သန်းထိုက်က ခေါင်းကို ခါယမ်းလိုက်သည်။

"ဘာတွေ. . . ခေါင်းခါနေတာလဲ ကျော်ဇင်သန်းထိုက်. . မင်း သူ့ကို မယူရင် ဘယ်မိန်းမမှ ယူဖို့ မစဉ်းစားနဲ့"

"ဒါဆို သူ့ကို ယူပြီးရင် ဘယ်မိန်းမယူယူ ရတယ်ပေါ့နော်"

"ဟာ. . ဒီကောင်တော့"

ဒေါ်အိန္ဒြာကျော်က မျက်နှာပြောင်သော သားဖြစ်သူကို အနီးရှိ တောင်ဝှေးနှင့် ကောက်ရိုက်ရာ ကျော်ဇင်သန်းထိုက် အိမ်ပြင် ထွက်ပြေးလေသည်။

"ဟေ့ကောင်. . ဒါက ဘယ်လဲ"

ဖခင်ဖြစ်သူက လှမ်းမေးသည်။

"လေးပွင့်ဖြူဆီ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးက အချင်းချင်းကြည့်ပြီး ပြုံးလိုက်ကြသည်။

"ပြောတော့ဖြင့် မလိုချင်ဘူးတဲ့. . ခုပဲ ပြေးပြီ"

"ဟုတ်ပါ့တော်. . . ရှင် ငယ်ငယ်ကအတိုင်းပဲ. . . မချစ်ဘူး မချွန်ဘူးနဲ့၊ ခြင်ထောင်ထဲထိရောက်လာလို့ အလောတကြီး လက်ထပ်လိုက် ရတယ်"

"အဲဒီအကြောင်းတွေ ပြန်မပြောပါနဲ့တော့ကွာ. . . မူးလို့ လွဲသွားတာပါ"

ဦးသန်းထိုက်ရဲ့အတွေးတွေက လွန်ခဲ့တဲ့ နှစ် ၃၀ ခန့်ကို ပြန်ရောက်သွားသည်။

အဲဒီတုန်းက အမှန်တကယ် ဦးသန်းထိုက်နှင့် ဒေါ်အိန္ဒြာကျော်မှာ သူငယ်ချင်းတွေဖြစ်သည်။

ဦးသန်းထိုက်ရဲ့ချစ်သူက ဒေါ်အိန္ဒြာရဲ့ ညီမဝမ်းကွဲ ဒေါ်ခင်သူဇာ၊ အဲဒီအချိန်တုန်းကတော့ အလှသွေးကြွယ်နေတဲ့ ခင်သူဇာပေါ့။

ဒေါ်အိန္ဒြာကျော်က သူငယ်ချင်းနှင့် ညီမဖြစ်သူကို အကျိုးဆောင်ပေးရန် အိမ်ကို ညဘက် ချိန်းလိုက်သည်။

ဖြစ်ချင်တော့ ညီအစ်မနှစ်ယောက် ဦးသန်းထိုက်ကို အခန်းထဲမှာ အတူစောင့်နေရင်း ညီမဖြစ်သူ ခင်သူဇာက ရင်ခုန်ပြီး ကြောက်ချေးပါချင်သလို ဖြစ်လာ၍ အိမ်သာပြေးသည်။

ဒေါ်ခင်သူဇာ အိမ်သာပြေးနေသည့်အချိန်မှာပင် ရဲဆေးတင်ပြီး လူမှန်းမသိသူမှန်းမသိ အခန်းပြတင်းပေါက် ကျော်ဝင်လာသော ဦးသန်းထိုက်က အစ်မနှင့်ညီမ မှားပြီး အတွာပြုလိုက်သည်။

ဒေါ်ခင်သူဇာက ပြန်လာသောအချိန်တွင် အရာအားလုံး နောက်ကျသွားခဲ့ပြီ။





အိမ်သာသွားတဲ့ ခဏလေးမှာ ဖြစ်ပျက်သွားပုံက နာကျင်အချိန်ပိုသုံးမိနစ်မှာ ဂိုးသွင်းခံလိုက်ရတဲ့ ဂိုးသမားလို ဟတ်ကောကြီး ဖြစ်သွားစေသည်။ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သွားသော ဖူးစာကြောင့် ဓမ္မလင်းတော့ ရုံးမှာ ဦးသန်းထိုက်နှင့်ဒေါ်အိန္ဒြာကျော် တရားဝင် လက်မှတ်ထိုးပြီး ယူလိုက်ရသည်။

သားတင် လွဲခဲ့တာမဟုတ်။ ဖအေပါ လွဲခဲ့သောကြောင့် ကျော်ဇင်သန်းထိုက် ရွှေရုပ်လှသာရဲ့ ပါးရိုက်ခံရတာ မဆန်းပေ။

နောက်တော့လည်း ဦးသန်းထိုက်နှင့်ဒေါ်အိန္ဒြာကျော် သူငယ်ချင်းသံယောဇဉ်ပါ ထပ်ပေါင်းပြီး ချစ်သွားကြတာပါပဲ။

"ဘာတွေ တွေးနေတာလဲ ကိုသန်းထိုက်. . ရှင် အတိတ်တအဖြစ်အပျက်တွေ ပြန်စဉ်းစားပြီး နောင်တရနေတာလား"

"မဟုတ်ပါဘူးကွာ. . ကံကြမ္မာကို ကျေးဇူးတင်တာ"

"ဘာဖြစ်လို့"

"အဲဒီညတုန်းက မင်းနေရာမှာ မင်းညီမသာဆိုရင် ငါ ဒီနေ့ထိ နိမ့်မရဦးမှာ မဟုတ်သေးဘူးလေ"

"ဘာ"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ငါတော့ နင့်ကို နားမလည်တော့ဘူး ပွင့်ဖြူ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ. . နင်နဲ့ငါ့ကို လူကြီးတွေက ပေးစားဖို့ စီစဉ်တာ လက်ခံလိုက်တယ်ဆို"

"ဒါကတော့ဟာ. . ."

လေးပွင့်ဖြူ ဆက်မပြောနိုင်ဘဲ တန့်နေသည်။

"ဒါကတော့ ဘာဖြစ်လဲ. . . ငါတို့နှစ်ယောက်က သူငယ်ချင်းတွေဆိုတာ နင် မပြောပြဘူးလား"

"ပြောစရာမလိုပါဘူးဟာ၊ နှစ်ဘက်မိဘတွေက သိနေကြတာပဲ၊ ဒါပေမယ့် သူတို့ ဖြစ်စေချင်လို့ ဖွတ်အတင်းစီစဉ်တာ ငါ ဘယ်လို ငြင်းနိုင်မှာလဲ"

"အေး. . နင်တောင် မငြင်းနိုင်ရင် ငါ ငြင်းလို့ ကောင်းမလားဟာ၊ ဒီကိစ္စမျိုးက မိန်းကလေးဘက်က ငြင်းမှ မျက်နှာ မပျက်မှာ"

"ဒါဆို နင်က ငါ့ကို ငြင်းခိုင်းတာပေါ့"

"အေးလေ. . နင်လဲ သိသားပဲ၊ ငါ ရွှေရုပ်ကို ဘယ်လို သဘောထားတယ်ဆိုတာ၊ ဒါပေမယ့် သူ ငါ့ကို ပါးတစ်ချက်ရိုက်ပြီး စိန်ခေါ်သွားတယ်၊ ငါ့တစ်သက်မှာ အဖေနဲ့အမေတောင် ငါ့ကို ပါးရိုက်ဖူးတာ မဟုတ်ဘူး၊ အဲဒီအကြွေးကို ရအောင် ပြန်ယူရမယ်၊ အဲလိုအချိန်မျိုးမှာ နင်နဲ့ငါ့ကို ပေးစားမယ်ဆိုတော့ ငါ့ရည်ရွယ်ချက်တွေ အလကား





ဖြစ်ကုန်မှာပေါ့၊ ငါ ကျခဲ့တဲ့သိက္ခာကို ဘယ်သူ ပြန်ဆယ်ပေးမှာလဲ"

လေးပွင့်ဖြူက ကျော်ဇင်သန်းထိုက်ကို လေးနက်စွာ စိုက်ကြည့်လိုက်ပြီး. .

"ငါ တစ်ခု မေးမယ် ကျော်ကျော်. . နင် ရွှေရုပ်ကို အကြွေးပြန်ယူချင်လို့ ငါတို့နှစ်ယောက်ကိစ္စကို ငြင်းခိုင်းတာလား၊ ဒါမှမဟုတ် ရွှေရုပ်ကိုပဲ ရအောင်ယူမယ်လို့ စဉ်းစားထားလို့လား၊ ရှင်းအောင်ပြော"

"ရှင်းအောင်ပြောရရင် ငါ သူ့ကို ချစ်ပေမယ့် အရင်ဆုံး အကြွေးပြန်ယူချင်တယ်၊ ဒီအချိန်မှာ ဘယ်သူနဲ့မှ လက်ထပ်လို့ မဖြစ်ဘူး၊ အဲဒီအတွက် နင် ငါ့ကို ကူညီပါဟာ၊ ဖြစ်နိုင်ရင် ငါတို့နှစ်ယောက်ရဲ့ကိစ္စကို နင် အချိန်ဆွဲထားပေးပါ၊ ငါ ရွှေရုပ်လွှာရဲ့ အနမ်းကို ပြန်မရမချင်း အိပ်လို့ မပျော်၊ စားလို့ဝင်မှာ မဟုတ်ဘူး"

"ကောင်းပြီ ကျော်ကျော်၊ နင် ဖြစ်စေချင်တဲ့ဆန္ဒအတိုင်း ငါ လိုက်လျောပေးမယ်၊ ဒါတောင် မိဘစကား တစ်သက်လုံး မပယ်ရှားခဲ့တဲ့ ငါ နင့်ကြောင့် အချိန်ဆွဲထားပေးမှာနော်၊ နင့်ရည်ရွယ်ချက်ပြည့်တဲ့နေ့ကျရင်သာ ဘယ်လိုဆက်လုပ်မှာလဲ စဉ်းစားထား၊ ငါ သွားမယ်"

လေးပွင့်ဖြူ ဆိုင်ထဲမှ ထထွက်သွားသည်။ တကယ်တော့ ကျော်ဇင်သန်းထိုက်ကို သူမ အထာပေးသွားခြင်း ဖြစ်သည်။ ရွှေရုပ်လွှာကို တလဲ့စားချေပြီးရင် သူမနဲ့ လက်ထပ်မှာလားဟု မမေးချင်၍ သွယ်ဝိုက်ပြီး သမ်းကြောင်းခင်းသွားခြင်းပင်။

ဒါကို အရိပ်ပြလို့ အကောင်မမြင်သော ကျော်ဇင်သန်းထိုက် အထာမနပ်ခဲ့။

သူထင်လိုက်တာက

"သြော်. . ပွင့်ဖြူ ပွင့်ဖြူ ကုန်းဘောင်ကြီးကြော်ပြီ နှောတထိုက်



www.burmeseclassic.com

www.burmeseclassic.com



မစ်ရှိတ်ဖိုးတွေ သူစားထားတာ မရှင်းချင်တာနဲ့ ငါ့ကို စကားစဖြတ်ပြီး အမြန်လစ်သွားတယ်၊ လူလည်မ”

♥ ♥ ♥

ဒီည အခွေဆိုင်မှာ မတော်ရသည့် ယောက္ခမကြီး ထိုင်သည် ဖြစ်သောကြောင့် ချစ်သူလေးရဲ့အိမ်ရှေ့မှာ ဂစ်တာတီးပြီး တစ်ကိုယ်တော် Live-show ဖျော်ဖြေမည်ဖြစ်သည်။

မမာသည့်မိခင်ကို ပြုစုနေသော သမီးအလိမ္မာ ကြင်နာသူလေး ကြားနိုင်ကောင်းရဲ့။

သူငယ်ချင်း အောင်ကိုကိုခေါ်ပြီး မြတ်နိုးသူအတွက် ကိုယ်တိုင် ရေးစပ်ထားသည့် အချစ်သီချင်းတစ်ပုဒ်ကို မှူးမှူးရှူးရှူးနှင့် ရင်ဖွင့်ဖြ တော့မည်။

“ကဲ. . သူငယ်ချင်း တီးတော့ကွာ၊ ငါ ပါးစပ်တွေ ယားနေပြီ ဆိုချင်ပြီ. . . အေ့”

“စိတ်ချ သူငယ်ချင်း ယမကာတန်ခိုးနဲ့ နှစ်ဆတိုးပြီး တီးပြလိုက် မယ်. . . အေ့ တစ်ရပ်ကွက်လုံး ကြားအောင် အော်ပေတော့”

♫ ×× ××♫ .. ×× ××♫

အောင်ကိုရဲ့ တီးလုံးသံ စတင်လိုက်သည်နှင့်

V1 မင်းနဲ့တွေ့မှ ငါ့ရဲ့အချစ်များသည် နိုးထလို့ အသစ်တဖန် ရှင်သန်ခဲ့ပြီ ချစ်ချစ် မချစ်ချစ် ကားနဲ့တင်ပြေးမည်. . လက်မခံရင် အိမ်ပေါ်တက် ဆွဲချမည်. . .

V2 ငါ့ရဲ့အချစ်က ဒိုင်းနမိုက်ထက် ပြင်းသည် ဘီလူးခေါင်းနဲ့





ဒဿတောင် ထိုင်ငိုသွားမည် စည်းခြားထားလည်း ဓါးဆွဲဝင်ခဲ့မည် စိတ်မထင်ရင် မဆိုင်သူတွေပါ ခုတ်သတ်မည်. . . အေ့

အိမ်ရှေ့မှာ ကြားလိုက်ရတဲ့ သီချင်းသံကြောင့် အိမ်ထဲက ရွှေရုပ်လွှာ မျက်ခုံးမွေးတွေ ပင့်တက်သွားသည်။

ဒါကျော်ဇင်သန်းထိုက်ရဲ့ ခုနှစ်အိမ်ကြား ရှစ်အိမ်ကြား မူးနေတဲ့ အသံ။ ဆိုတဲ့သီချင်းကလည်း ချစ်သူကို ဖောပိုးတာနဲ့မတူ၊ မိုက်ကြေးခွဲပြီး ခြိမ်းလာခေါ်တာနဲ့ တူနေသည်။

ရွှေရုပ်လွှာရဲ့အမေ လူမမာဆိုလျှင် ကြားရတဲ့သီချင်းကြောင့် နှတ်ဖြုလန်နေသလို ရွှေရုပ်လွှာလည်း ဆင်းပြီးပြောရမလား ဒီအတိုင်း ငြိမ်နေရမလား ဘာလုပ်လို့ လုပ်ရမှန်းမသိ။

သူမအဖေသာ အိမ်မှာရှိလျှင် ဒီငနာကို ထွက်ရိုက်မှာ သေချာသည်။

V3ရည်းစားစကားလေး ပြောမိတာနဲ့တင် ပါးရိုက်တဲ့ နင့်ကိုလေ ငါ မကျေနပ်ပြီ. . နင့်ရဲ့အပြစ်အတွက် နမ်းပြီး ပြန်တောင်းပန် တောင်းပန်ရင် ငါကိုယ်တိုင် တရားစွဲမည်. .

V4ဘယ်သူမှ မကြောက်လို့ မူးပြီး လာရမ်းသည်. . သွေးမရှိတဲ့ နင့်အကောင်ပါ စိန်ခေါ်လိုက်ပြီ. . ရှုံးရောက်ဂတ်ရောက် မဖြစ်ဖို့ နင် ထွက်လာ ထွက်မလာရင် အိမ်ကိုပါ မီးရှို့မည်

သီချင်းအဆုံးမှာ ရွှေရုပ်တော့ ထွက်မလာ၊ ရွှေရုပ်တို့လမ်းထဲက ဆိတ်တာလုပ်ချင်သော ငနဲတွေ တုတ်ကိုင်ပြီး ထွက်လာသည်။

“ဟေ့ကောင်. . . မင်း ဘာကောင်လဲ၊ သူများ ရက်ကွက်ထဲ မူးပြီး လာအော်တဲ့ကောင်”

လူတွေ ခုလိုဝိုင်းလာသောအခါ ကျော်ဇင်သန်းထိုက် မူးနေသော အချိန်ဖြင့် ကြောက်ရကောင်းမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့က ဘာလဲ ဖိုက်တာတွေလား. . . အေ့”

“ဟုတ်တယ် ငါတို့က ဒီရပ်ကွက်ထဲက ဖိုက်တာတွေပဲ”

“ဖိုက်တာဆို ဈေးပုံးထမ်းလိုက်လေ”

ပြဿနာလာရှာတဲ့လူအုပ်ကြီး အချင်းချင်းကြည့်လိုက်ပြီး. . .

“လာ သူငယ်ချင်း. . . သွားထမ်းကြစို့ . အဲလေ. . ဟော့ကောင် မင်း ဘာစကား ပြောတာလဲ”

“ချကွာ”

“ယား”

လူအုပ်ကြီးက ညာသံပေးပြီး ကျော်ဇင်သန်းထိုက်တို့ သူငယ်ချင်း နှစ်ယောက်ဆီ တုတ်တွေနှင့် ပြေးလာရာ အောင်ကိုက အလျှင်အမြန် လက်ကာပြပြီး

“ခဏလေး နေကြပါဦးဗျာ. . . ရပ်ကြပါဦး”

လူအုပ်ကြီး ခဏတော့ တွန့်သွားသည်။

“ဘာပြောမလို့လဲ”

“ဒီညကန်မယ့် မန်ယူနဲ့မန်စီးတီးပွဲ ဘယ်လိုပေါက်လဲ မေးချင်လို့ပါ”

“ကော့ပေါက်တယ်. . . အဲလေ ဟော့ကောင် ဈေးရှုံးသွားတန်းနဲ့ ဘာတွေ လာပြောနေတာလဲ”

အောင်ကိုက ထပ်ဆင့်တောင်းပန်သည်။

“ကျွန်တော့်သူငယ်ချင်းက အပြောမတတ်လို့ပါ. . . သူ့အစား ကျွန်တော် တောင်းပန်ပါတယ်. . အေ့”

ကျော်ဇင်သန်းထိုက်က အောင်ကိုကို လက်တို့ပြီး

“ဟော့ကောင်. . ဘာမှ တောင်းပန်နေစရာ မလိုဘူး”

“မင်း အသာနေစမ်းပါကွာ. . ငါပြေရာပြေကြောင်း ပြော





တယ်၊ တောင်းပန်ပါတယ် အစ်ကိုတို့ရာ. . . ကျွန်တော့်သူငယ်ချင်းက မူးနေလို့ပါ”

“ဒါဆို မင်းကရော”

“ကျွန်တော်က ပိုဆိုးတယ်. . အေ့”

“ဟင်. . ဒါမျိုး လာတောင်းပန်နေရသေး”

“မတောင်းပန်လို့ ဘယ်ရမလဲဗျာ. . ကျွန်တော့်သူငယ်ချင်း စကားပြောတာ မတတ်လို့ပါ၊ နောက်တစ်ခါ သူ့အစ်ကိုတို့ကို ဈေးပုံး ထမ်းခိုင်းစေရပါဘူး. . . ကျွန်တော် တာဝန်ယူပါတယ်”

“ကျေးဇူးတင်ပါတယ်ကွာ. . အာ. . . ဟော့ကောင် မင်းပြောမှ ပိုဆိုးနေပြီ”

“ဟော့ကောင်တွေ ချကွာ”

“ယား”

ဒီတစ်ခါတော့ ဘယ်လိုမှ တားမရတော့။ သူငယ်ချင်းအောင်ကို၏ ချွန်ဖြေကောင်းမှုကြောင့် လူအုပ်ကြီးနှင့် ကျော်ဇင်သန်းထိုက်တို့ နှစ်ယောက် အပီဖိုက်ကြတော့သည်။

“ဖြောင်း”

“ခွပ်”

“အု”

“အား”

“ဒုတ်”

“အင့်”

ကျော်ဇင်သန်းထိုက်ရဲ့ဂစ်တာ တစ်ခုလုံးလည်း လက်နက်အဖြစ် အသုံးပြုမှုကြောင့် စုတ်ပြတ်သတ်သွားသည်။ အောင်ကိုလည်း ခါတို

www.burmeseclassic.com



ပုဆိုးမရှိတော့။

ဖြစ်ချင်တိုင်း ဖြစ်နေသော သူတို့ရန်ပွဲကို အိမ်ပြတင်းပေါက်မှ နေ၍ ရွှေရုပ်တို့သားအမိ ချောင်းကြည့်နေကြသည်။

"သမီးရေ. . ဟိုကောင်လေးတွေ ရန်ဖြစ်နေတာ ပုဆိုးတောင် မရှိတော့ဘူး. . . သွားမကြည့်နဲ့နော်၊ ဒါမျိုးက အပျိုလေးတွေ မမြင် အပ်ဘူး"

"ဟုတ်ကဲ့ပါ အမေ. . သမီး မကြည့်ပါဘူး၊ အမေလည်း မကြည့် နဲ့နော်. . . အမေက နေသိပ်ကောင်းတာ မဟုတ်ဘူး. . . တော်ကြာ အဖျားဝင်နေမှ ခက်မယ်"

"အေးကွယ်. . သူတို့ကိုကြည့်ပြီး အမေ အဖျားဝင်ချင်လာပြီ. . အခန်းထဲပဲ ပြန်ပြီး လှဲနေတော့မယ်. . လာ သမီး"

ရွှေရုပ်လွှာ မိခင်ဖြစ်သူကို တွဲရင်း အထဲပြန်ဝင်သွားသည်။ စိတ်ထဲမှာတော့ ကျော်ဇင်သန်းထိုက်ကို မေတ္တာပို့လိုက်သည်။

"အဲဒီမှာ တစ်ခါတည်း ခေါင်းကွဲပြီး သေပါစေ"

နောက်ဆုံးတော့ ရပ်ကွက်လူကြီးတွေနဲ့ တာဝန်ရှိသူတွေရော တာဝန်မရှိသူတွေပါ ရောက်လာပြီး အားလုံးကို ဖမ်းချုပ်လိုက်မှ ရန်ပွဲ ပြီးလေ၏။

♥ ♥ ♥



## အခန်း (၁၆)

ကျော်ဇင်သန်းထိုက်တို့ သူငယ်ချင်းနှစ်ယောက် အချုပ်ထဲမှာ တစ်ည အိပ်လိုက်ရသည်။

မြောက်ကနေ တောင်ကို နယ်ကျော်ပြီး မူးရစ်ရမ်းကားသောကြောင့် အာမခံပေးမည့်သူမရှိ။ မိဘနှစ်ပါးကလည်း အမြင်ကတ်ဝဒ်မနှင့် လာတောင် မတွေ့။ ချစ်ဖို့ကောင်းပေစွ။

ငရုတ်သီးနဲ့ပေါင်းပြီး ကြက်သွန်ပါရော အထောင်းခံရသော အောင်ကိုရဲ့ ကောင်မလေးကတော့ မိုးလင်းသော် သူတို့နှစ်ယောက်တို့ အာမလာခံပေးပါသည်။

အဲဒီမတိုင်ခင် ညဘက် အချုပ်ထဲမှာ ကျော်ဇင်သန်းထိုက် ခြင်မတွေနှင့်အတူ အိပ်ရင်း အိပ်မက်ဆန်းလေးတစ်ခု မြင်မက်ခဲ့သည်။

အိပ်မက်ထဲမှာ ဒီလိုပေါ့။ ကျော်ဇင်သန်းထိုက်က ပြေတီဦးစတိုင်နှင့် မုတ်ဆိတ်မွေး နုတ်နေသည်။

ရွှေရုပ်လွှာက သက်မွန်မြင့်စတိုင်နှင့် နှုတ်ခမ်းစူနေသည်။ ရွှေရုပ်ဘဲကြီးကတော့ စိုင်းစိုင်းခမ်းလှိုင်စတိုင်နှင့် ရက်ပါ [illegible]နေသည်။

ကျော်ဇင်သန်းထိုက်က မုတ်ဆိတ်မွေး နုတ်လက်စ [illegible]သို့ စိတ်ချလိုက်ရင်း စတင်၍

www.burmeseclassic.com



"ဒီမှာ ရွှေရုပ်"

"ဘာလဲ"

"မင်း ငါ့ကို ဟိုမျောက်က ကနေတဲ့ ကောင်ရှေ့မှာ ပါးရိုက်ခဲ့တယ်နော်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ. . . အဲဒီအတွက် ငါ မင်းကို အကြွေးပြန်တောင်းမလို့ မင်း ဟိုကား ကြည့်ဖူးတယ် မဟုတ်လား"

"ကျွန်မ အဲဒီလို ကားတွေ ခဏခဏ မကြည့်ဘူး"

"ဘာတွေ ပြောနေတာလဲ. . ဟိုကားဆိုတာ အာဒံရယ်၊ ဧဝရယ်၊ သသာရယ်ကိုပြောတာ"

"မကြည့်ဖူးဘူး"

"အေး အဲဒါဆို အခု ကြည့်ရတော့မယ်"

ကျော်ဇင်သန်းထိုက်က ပြောပြောဆိုဆို ရွှေရုပ်လွှာရဲ့ ပခုံးနှစ်ဖက်ကို တရကြမ်း ဆုပ်ကိုင်ရင်း. .

"ရွှေရုပ်. . မင်း ငါ့ကို မင်းကောင်ရှေ့မှာ နမ်းစမ်း. . မင်း မနမ်းရင် ငါ နမ်းမှာနော်"

ပြေတီဦးစတိုင်နှင့် လုပ်ချလာသော ကျော်ဇင်သန်းထိုက်၏ တျားစီးဖားစီး အမူအရာကြောင့် ရွှေရုပ်လွှာ သက်မွန်မြင့်စတိုင်နှင့် ပါးရိုက်လိုက်သည်။

"ဖြန်း"

ကျော်ဇင်သန်းထိုက် ပါးတစ်ဖက် ပူခနဲ ဖြစ်သွားသည်။

"မှတ်ထား. . . ကျွန်မက အဲဒီကားကို အစအဆုံး မကြည့်ဖူးပေမယ့် ကြော်ငြာမှာတော့ ကြည့်ရတယ်. . သက်မွန်မြင့် အကယ်ဒမီ





ရတာ အဲဒီရိုက်ချက် 'ပီပြင်လွန်းလို့"

"သေဟ"

အိပ်မက်က လန့်နိုးတော့ ကိုယ့်ပါးကိုယ် စမ်းမိသည်။ ပါးတစ်ဖက် ပူခနဲ ဖြစ်နေတာ ခြင်ကိုက်လို့ လက်က အလိုအလျောက် ကိုယ့်ပါးကိုယ် ရိုက်မိတာကိုး။

♥ ♥ ♥

*ရွှေရုပ်*

*မင်းအဖေနဲ့အမေကို ဆေးခန်း သွားတဲ့လမ်းမှာ မြတ်ပြီး ပြန်ပေး ဆွဲထားတယ်၊ မင်း ဘာအကြီး ပါ ခေါ်ပြီး အာဘွား တစ်ချက်နဲ့ လာရွေးပါ။ ရဲတွေဘာတွေ ခေါ် လာမယ်ဆိုရင်တော့ မင်းမိဘတွေရဲ့ အသက်ကို အာမမခံဘူး၊ စာရဦးတာနဲ့ နောက်ကျောမှာ ရေးထားတဲ့ လိပ်စာအတိုင်း ချက်ချင်းလိုက်လာခဲ့။*

*ကျော်ဇင်သန်းထိုက်*

"အဲဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ မောင်. . အဖေနဲ့အမေတော့ ဒုက္ခပါပဲ. . ကယ်ပါဦး မောင်ရယ်"

စိုးရိမ်တကြီး အကူအညီတောင်းနေသော ရွှေရုပ်ကို မင်းထင်ကျော် ခုံးလေးကိုင်၍ အားပေးသည်။

"ဘာမှ မစိုးရိမ်ပါနဲ့ ရွှေရုပ်ရယ် မောင်တို့ ရဲစခန်းကို ဖုန်းဆက်ကြတာပေါ့"

"ဟာ. . . မဖြစ်ဘူးလေ မောင်. . . သူ့စာထဲမှာ ရဲတိုင်ရင် အဖေနဲ့ အမေရဲ့အသက်ကို အာမမခံဘူးလို့ ရေးထားတယ်လေ၊ မောင်က အဖေနဲ့အမေကို သေစေချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

"ဘာ"

"ဟာ. . ဆောရီး ဆောရီး၊ မှားသွားလို့ပါ ရွှေရုပ်ရယ်. . မောင်က မောင့်ယောက္ခမလောင်းကြီးတွေကို သေစေချင်ပါ့မလား၊ ဒီလိုကိစ္စမျိုးက ရာဇဝတ်မှုဆိုတော့ ရဲမတိုင်ရင် မောင်တို့ဝတ္တရား ပျက်ကွက်ရာကျမယ်လေ အဲဒါကြောင့် ပြောတာ"

"ဒါပေမယ့် သူက ပိုက်ဆံလိုချင်လို့ ပြန်ပေးဆွဲတာမှ မဟုတ်ဘဲ မောင်ရယ်၊ ရွှေရုပ်ကို မကျေနပ်လို့ အဖေနဲ့အမေကို ဓါးစာခံလုပ်သွားတာပဲ၊ ရွှေရုပ်တို့ကိစ္စ ရွှေရုပ်တို့ဘာသာ ရှင်းလိုက်ရင် ကောင်းမယ်ထင်တယ်"

ထိုအခါ မင်းထင်ကျော် မျက်နှာပျက်သွားပြီး

"ဒါဆို မင်းက ဟိုလမ်းသရဲကောင်ကို အာဘွားပြန်ပေးပြီး မင်းအဖေနဲ့အမေကို ကယ်မယ်ပေါ့"

"ဒါပဲ ရှိတော့တာပေါ့ မောင်ရယ်. . မိဘကျေးဇူးကို ဆပ်ဖို့ ရွှေရုပ်နှာခေါင်းလေး ရင်းလိုက်ရတာ မများပါဘူး"

ရွှေရုပ်စကားကြောင့် မင်းထင်ကျော် ဆွေ့ဆွေ့ခုန်သွားပြီး

"များတယ်ကွ၊ များတယ်၊ မင်း ငါ့နေရာက စဉ်းစားကြည့်စမ်း ကိုယ့်ချစ်သူက ကိုယ့်ရှေ့မှာ တခြားကောင်ကို နမ်းတာ ငါ ဘယ်လို နှလုံးသားနဲ့ လက်ခံပေးရမှာလဲ"

"ဒီမှာ မောင်. . အဲဒီလောက် အယူမသီးစမ်းပါနဲ့၊ ရွှေရုပ် စိတ်ပါလို့မှ မဟုတ်တာ၊ အဖေနဲ့အမေအတွက် ဒီလောက်လေးလုပ်ပေးတာ မောင် သဘောထားကြီးကြီးနဲ့ နားလည်ပေးရမှာပေါ့"

"ရွှေရုပ်. . ဒီကိစ္စကို မင်းဘာလို့ အလွယ်တကူ လိုက်လျောချင်





ရတာလဲ၊ ငါ ဘယ်လောက် သဝန်တိုတတ်လဲဆိုတာ မင်းလဲ သိသားနဲ့ ရဲ့ခေါ်လိုက် ပြီးရောကွာ၊ ဒီကောင် လူသတ်တဲ့အထိ မိုက်လိမ့်မယ်လို့ ငါ မထင်ပါဘူး"

"ဒီမှာ ကိုမင်းထင်ကျော်. . ရှင် ကျွန်မကို ချစ်တယ်ဆိုတာ ဘာလဲ၊ ဒီလောက်လေးတောင် သဘောထားမကြီးနိုင်ဘူးလား၊ ကျွန်မ အသားပုံ့ပါသွားတာမှ မဟုတ်တာ၊ ရှင်ဟာ တကယ့် အတ္တသမားပဲ"

အခြေအနေတွေက တင်းမာကုန်သည်။ ရွှေရုပ်နှုတ်ဖျားက မောင်ဟု ခေါ်ခဲ့သမျှ အခုတော့ ရှင်တွေ ကျွန်မတွေ ဖြစ်ကုန်ပြီ။

"အသားပုံ့ပါသွားတာ မဟုတ်ပေမယ့် မင်းနဲ့ငါနဲ့ မင်္ဂလာဆောင်ရင် အဲဒီကောင်က စင်အောက်ကနေထိုင်ပြီး မင်းထင်ကျော် လက်ထပ်တဲ့ သတို့သမီးဟာ ငါ့ပါးကို အာဘွားပေးဖူးတယ်ဆိုပြီး ထိုင်ဟားနေရင် ဘယ်လိုလုပ်မလဲ. . ငါ ဒီကောင့်ကို ဘယ်လို မျက်နှာချင်းဆိုင်ရမလဲ ရွှေရုပ်ရဲ့"

ရွှေရုပ် သူ့ဘဲကြီးကို သည်းမခံနိုင်တော့။ ပြတ်သားသော ဆုံးဖြတ်ချက်ကို ချလိုက်ပြီး. .

"ဒီမှာ ကိုမင်းထင်ကျော်၊ စကားတွေ ရှည်ရှည်ဝေးဝေး ပြောနေရင် အဖေနဲ့အမေအတွက် စိုးရိမ်ရတယ်၊ ကျွန်မ နောက်ဆုံး တစ်ခွန်းပဲ မေးမယ်၊ ပြတ်ပြတ်သားသားဖြေ၊ ရှင် ကျွန်မနဲ့ လိုက်မှာလား လိုက်ဘူးလား"

မင်းထင်ကျော်ကလည်း ပြတ်သည်။

"လိုက်မယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ပုံစံကတော့ တကယ့်ကို မြန်မာဗီဒီယိုကားတွေထဲက အတိုင်းပင် အောင်နိုင်သူမျက်နှာဘေးနှင့် မိန်းကလေးတစ်ယောက်ဆီက အကြွေးတို့ အတိုး ၁၅၀၀ ထပ်ပေါင်းပြီး ထောင်ချောက်ဆင်ယူရန် အသင့်ရှိနေသည့် ကျော်ဇင်သန်းထိုက်။

အဖေနဲ့အမေအတွက် ဝင်သက်တစ်ချက်ဖြင့် ကယ်တင်ရန် မချစ်မနှစ်သောသူရဲ့ပါးကို နမ်းရတော့မှာတွေးပြီး နာကြည်းစွာ အံကြိတ်နေသော ရွှေရုပ်လွှာ။

ကိုယ်ချစ်တဲ့မိန်းကလေး တခြားသူကို အာဘွားပေးမှာတွေးပြီး ရင်ထဲမှာ ကလိကလိဖြစ်နေသော်လည်း မလှုပ်သာမလူးသာ အခြေ အနေကြောင့် မျက်နှာကြီး လငပုပ်ဖမ်းနေသည့် မင်းထင်ကျော်။

သူတို့သုံးယောက်၏ ကစားပွဲကို ရွှေရုပ်က စတင်အသက်သွင်း လိုက်သည်။

"ကျွန်မမိဘတွေ ဘယ်မှာလဲ ကျော်ဇင်သန်းထိုက် ရှင် ခုလွှတ် ပေးပါ"

"မင်း မိဘတွေ ဘေးမသီရန်မခ ရှိနေပါတယ် ရွှေရုပ်. . မင်းသာ





ငါ့ကို အကြွေးပေးပြီးတာနဲ့ သူတို့တွေ ဘေးမသန်းဘဲ အေးချမ်းသွား မှာပါ"

"ရှင်ဟာ တော်တော်ယုတ်မာတဲ့ကောင်ပဲ ကျော်ဇင်သန်းထိုက် ကျွန်မတို့ချင်း ဖြစ်တဲ့ပြဿနာကို မဆီမဆိုင် မိဘတွေကို ဓားစာခံ လုပ် တယ်၊ အခုချက်ချင်း အဖေနဲ့အမေကို ထုတ်ပေးပါ။ ကျွန်မ တွေ့ချင်တယ်"

"တွေ့ရမယ်. . ဒါပေမယ့် မင်းငါ့ကို အရင်နမ်းရမယ်. . ပြီးတာနဲ့ မင်းမိဘတွေကို မင်း ပြန်ခေါ်သွားလို့ရပြီ၊ ကြာတယ်ကွာ၊ အချိန်ရှိတုန်း မြန်မြန်လုပ်"

ရွှေရုပ်က ကျော်ဇင်သန်းထိုက်ကို မီးဝင်းဝင်းတောက် မျက်လုံး တွေနဲ့ စိုက်ကြည့်ပြီး

"ကောင်းပြီ. . ရှင် အဆင်သင့်ပြင်ထားပါ"

မင်းထင်ကျော်ကတော့ ရွှေရုပ်ကိုတစ်လှည့် ကျော်ဇင်သန်းထိုက်ကို တစ်လှည့်ကြည့်ပြီး ငါးရံ့ပြာလူးသလို ဖြစ်နေသည်။

ဒီအချိန်မှာ သူလည်း ရွှေရုပ်ကို မတားဆီးနိုင်တော့။ ရွှေရုပ်ရဲ့ နှုတ်ခမ်းစင်းစင်းလေးက ကျော်ဇင်သန်းထိုက်ရဲ့ ပါးနား တဖြည်းဖြည်း တိုးကပ်လာသဖြင့် မင်းထင်ကျော်မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

"ခဏနေဦး"

"ဘာပြောမလို့လဲ"

"မင်းကို စည်းကမ်းချက် နှစ်ခု ပြောမယ်၊ တစ်. . မင်း ငါ့ကို နမ်းတဲ့အခါ နှုတ်ခမ်းနဲ့ပါးထိရုံပဲ အသက်အောင့်ပြီး နမ်းလို့ မရဘူး ငါ့ကို ထာထိတဲ့ မင်းရဲ့နှာသီးဖျားမှာ အသက်ရှူသံမပါဘူးဆိုရင် နှစ်ခါ ပြန်နမ်းရမယ်၊ နှစ် မင်းငါ့ကိုနမ်းတဲ့ပုံရိပ်ကို မင်းလူကြီး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှိတ်ထားရင် နှစ်ခါ ပြန်နမ်းရမယ်၊ အဲဒီနှစ်ချက်ကို လိုက်နာရမယ်"

ကျော်ဇင်သန်းထိုက်ရဲ့ စည်းကမ်း ထုတ်ပြန်ချက်ကြောင့် အသက်မရှူဘဲ ညာနမ်းမည့် ရွှေရုပ်ရဲ့ အကြံအစည်ပျက်သွားသလို မျက်လုံးမှိတ်နေသည့် မင်းထင်ကျော်ရဲ့ စိတ်ကူးလည်း ပျက်ဆီးသွားသည်။

ကျော်ဇင်သန်းထိုက်က သူတို့ထက် ပိုပါးနပ်သည်။ ကြိုပြီး သိနေ ပုံပဲ။

"ပထမအချက်ကို ကျွန်မ လိုက်နာနိုင်ပါတယ်၊ ဒါပေမယ့် ဒုတိယအချက်က ရှင် သက်သက်မဲ့ သူများတကာကို ညစ်တာပဲ. . သူ ဘာသာသူ မျက်လုံးမှိတ်နေတာ ဘာဖြစ်လဲ"

ရွှေရုပ်က သူ့ဘဲဘက်မှ မခံနိုင်သဖြင့် ဒုတိယအချက်ကို အယူခံ ဝင်သည်။

"မရဘူးလေ၊ မင်း ငါ့ပါးကို ရိုက်ခဲ့တုန်းက သူကိုယ်တိုင် ကြည့်ပြီး အရသာခံ ပြုံးနေခဲ့တာပဲ၊ အခုလည်း ငါ့ပါးကို မင်းနမ်းနေတဲ့ပုံ သူ တဝကြီး ကြည့်ရမယ်. . ကျော်ဇင်သန်းထိုက်ဆိုတဲ့ကောင်က ရစရာရှိတဲ့အကြွေးကို အစွန်းထွက်မချန်ဘဲ ပြန်တောင်းတတ်တယ် မှတ်ထား ရွှေရုပ်"

"တောက်"

မင်းထင်ကျော်က တောက်တစ်ချက် ပြင်းစွာခေါက်ပြီး ကျော်ဇင်သန်းထိုက်ကို လက်ညှိုးထိုး၍

"မင်းတော်တော် မိုက်ရိုင်းတဲ့ကောင်ပဲ၊ သတ္တိရှိရင် ငါနဲ့ တစ်ယောက်ချင်း ချမလား"

ကျော်ဇင်သန်းထိုက်က မင်းထင်ကျော်ကို ဟားတိုက် ရယ်လိုက် သည်။





"ဟား. . ဟား. . ဟား၊ အချိန်မရွေး နေရာမရွေးဘဲ ကိုယ်နဲ့လူ ဒါပေမယ့် အခုတော့ မဟုတ်ဘူး၊ ကျုပ် ရွှေရုပ်ရဲ့အနမ်းကို ရပြီးရင် ကြိုက်တဲ့နေရာမှာ စိန်ခေါ်လို့ရတယ်၊ Welcome ပဲ"

"အေး. . မင်းစကား မင်းမှတ်ထား"

ရွှေရုပ်က မင်းထင်ကျော်ဘက်လှည့်ပြီး

"မောင် ခွေးရူးနဲ့ခွေးကောင်း ဖက်မကိုက်ရဘူးလို့ ရွှေရုပ် ပြောထားတယ်လေ၊ မောင် ခွေးကောင်းဆိုရင် မဟောင်ပါနဲ့ အဲလေ. . သူနဲ့ ဖက်မဖြစ်ပါနဲ့"

"ကောင်းပြီ ရွှေရုပ် မင်းရဲ့စကားကို နာခံတဲ့အနေနဲ့ မောင် မဟောင်တော့ဘူး၊ အဲလေ ဘာမှ မပြောတော့ဘူး၊ မင်း နမ်းစရာရှိတာ အမြန်နမ်းလိုက်ပါ၊ ပြီးရင် အဖေနဲ့အမေကိုခေါ်ပြီး မောင်တို့ ပြန်ကြမယ်"

ကျော်ဇင်သန်းထိုက်က ရွှေရုပ်နှာခေါင်းရှေ့သို့ ပါးလေး ထိုးပေး လိုက်သည်။

"ရွတ်"

အားပါးပါး၊ ကမ္ဘာလောကကြီးတစ်ခုလုံး ဖောက်ထိုးမိုးမျှော် ဖြစ်သွားပြီလား အောက်မေ့ရသည်။

ချစ်သူရဲ့ အနမ်းတစ်ချက်ဟာ ဒီနေရာမှာတင် ရှင်အာနန္ဒာရဲ့ အသည်းနှလုံးကို မာနတ်ရှ ချုပ်ကိုင်ခြင်းခံလိုက်ရတဲ့ ခံစားမှုလို နှုတ်မျှားတွေ ဆွံ့အသွားစေသည်။

မင်းထင်ကျော်ကတော့ မျက်နှာကြီး ရှစ်ခေါက်ချိုးနေပြီး

"ကဲ. . ရှင့်ဆန္ဒပြည့်ပြီ မဟုတ်လား၊ ကျွန်မအဖေနဲ့အမေကို ထုတ်ပေးတော့"

ကျော်ဇင်သန်းထိုက် ရွှေရုပ်မျက်နှာလေးကို မသာမာစွာ စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး . . .

"မင်းအဖေနဲ့အမေ အိမ်ပြန်ရောက်နေလောက်ပါပြီ ရွှေရုပ်ရယ် ကိုယ် မင်းမိဘတွေကို လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး၊ သူတို့ ဆေးခန်း သွားတာသိလို့ မင်းကို တမင်စာရေးပြီး ညာခေါ်လိုက်တာပါ"

"ဘာ"

♥ ♥ ♥



## အခန်း (၁၈)

လိုချင်တာကို မရ ရအောင်ယူတတ်တဲ့ ကိုယ့်ရဲ့အကျင့်ကို အစကတည်းက စိတ်ဓာတ်ပြင်းထန်သူတစ်ယောက်လို့ ခံယူထားခဲ့ပေမယ့် ကိုယ်လိုချင်တာရဖို့ မသမာသောနည်းလမ်းတွေသုံးတာ တရားမျှတမှု ရှိပါရဲ့လား ကျော်ဇင်သန်းထိုက် ကိုယ့်ကိုယ်ကို ပြန်မေးကြည့်သည်။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် စစ်ထိုးကြတဲ့အခါ ဘုရင်တွေတောင် စစ်ရဲ့ဗျူဟာ၊ ပရိယာယ်သုံးရတာ မမှားတာပဲလေ၊ ညံ့တဲ့သူခံပေါ့၊

မိဘဆိုတဲ့စိတ်နဲ့ ပြဿနာကို သေချာစဉ်းစားချင့်ချိန်ဖို့ သတိလွတ်လွတ်ဖြစ်ခဲ့သော ရွှေရုပ်အဖို့ ကျော်ဇင်သန်းထိုက်ကို အနမ်းတစ်ချက်နှင့် အကြွေးဆပ်လိုက်ရလေပြီ။

အိမ်ပြန်ရောက်တော့ မိဘနှစ်ပါးမှာ ဆေးခန်းကပြန်လာလို့ [illegible] ယားကားပင်ကြည့်ပြီး ငြိမ်နေပြီ။ သမီးရဲ့အဖြစ်ကို ဘာမှမသိ အဖေနဲ့ အမေ ဘေးမသီရန်မခဘဲ ရှိနေသည့်အတွက် စိတ်အေးသွားသော်လည်း သူမကို တစ်ပတ်ရိုက်သွားသည့် ကျော်ဇင်သန်းထိုက်ကိုတော့ အသည်း ခိုက်အောင် နာကြည်းမိသည်။

"ငါ မှားသွားပြီ ပွင့်ဖြူ"

"ဘာကိုလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရွှေရုပ်ကို ကလဲ့စားချေလိုက်တာ မှားသွားပြီလို့ ပြောတာ အခုမှ ပြဿနာအစကို သိသွားတာ၊ ငါ ရွှေရုပ်ကို ရေသူမအခွေနဲ့အတူ ရည်းစားစာတွဲပြီး ပေးလိုက်တော့၊ ရေသူမအခွေက သူ့ဆီကို အင်္ဂလိပ်ကားကြီး မှားပါသွားတာ၊ အိမ်မှာ မြန်မာရေသူမအခွေ ကျန်နေတယ် အဓိပ္ပာယ်တွေ အကြီးအကျယ် လွဲကုန်ပြီဟာ"

"ဘယ်လိုတွေ လွဲကုန်တာလဲဟ"

"အဲဒါတွေ ငါ နောက်မှ ရှင်းပြတော့မယ်ဟာ၊ ငါ ရွှေရုပ်ကို နားလည်သွားပြီ၊ သူ ငါ့ကို ပါးရိုက်ခဲ့တာ ရည်းစားစာပေးရဲ့ သက်သက်ကြောင့် မဟုတ်ဘူး၊ သူ့သိက္ခာကို ငါ မထီမဲ့မြင်ပြုသလို ဖြစ်သွားတာ ရွှေရုပ်နေရာမှာ ဘယ်မိန်းကလေးမဆို ဒီလို တုံ့ပြန်မှာပဲ၊ ငါကတော့ သူ့ကို နာကြည်းချက်နဲ့ ပြန်ဂလဲ့စားချေလိုက်တယ်၊ သူ ငါ့ကို တော်တော် မုန်းသွားမှာပဲ"

"နင် ဘာဖြစ်ချင်နေတာလဲ ကျော်ကျော်၊ အခု နင်လိုချင်တာ ပြန်ရပြီးပြီ၊ ဒါကိုတောင် မကျေနပ်နိုင်သေးဘူးလား"

"မဟုတ်ဘူး ပွင့်ဖြူ. . ငါ သူ့ကို သွားပြန်တောင်းပန်မယ်. . ငါ အခွေမှားပေးလိုက်တာပါဆိုတဲ့ အကြောင်းပါ ရှင်းပြပြီး သူ့အပေါ် ကျူးလွန်ခဲ့တာတွေအတွက် အယူခံဝင်မယ်. . ဒီတစ်ခါ သူ့ဘက်က ဘယ်လို တုံ့ပြန်မှုရှိရှိ ငါ ကျေကျေနပ်နပ်ကြီး လက်ခံမယ်ဟာ"

လေးပွင့်ဖြူက ကျော်ဇော်သန်းထိုက်မျက်နှာကို နားမလည်သလို ကြည့်လိုက်ပြီး

"နင် ရွှေရုပ်အပေါ်ကို လုံးဝမျောနေပြီလား ကျော်ကျော် နင် ငါ့ကို ဘယ်လိုကတိပေးခဲ့လဲ၊ ငါ့မှာ နှစ်ဖက်မိဘတွေကို နင်လိုချင်တဲ့ အချိန်အတိုင်းအတာအထိ ဆွဲထားပေးခဲ့ပြီးပြီ၊ အခု နင်ဖြစ်ချင်တာလည်း



ဖြစ်ပြီးပြီပဲ၊ နင် ဘာတွေထပ်လိုချင်နေသေးတာလဲ"

"ငါ သူ့ဆီက ဘာမှ ထပ်မလိုချင်တော့ပါဘူး. . ပွင့်ဖြူရယ်၊ တစ်ခုပဲ၊ သူ့ဆီက ခွင့်လွှတ်မှုလေးတစ်ခုပဲ ငါပြန်လိုချင်တယ်၊ ငါ့အပေါ် သူမုန်းနေတဲ့ အမုန်းတွေကို ငါ အယူခံဝင်ပြီး ဖြေရှင်းချက်ပေးမယ်၊ အဲဒီအတွက် ငါ့ကို သူ့ဆီပြန်သွားခွင့်ပြုပါ ပွင့်ဖြူ"

လေးပွင့်ဖြူက စိတ်ပျက်သလို ခေါင်းယမ်းလိုက်ရင်း

"နင် ရူးနေပြီ ကျော်ကျော်. . . ခုပဲ ဂလဲ့စားချေလိုက်၊ ခုပဲ တောင်းပန်လိုက်"

"ပြောချင်ရာ ပြောတော့ဟာ. . ငါ ရွှေရုပ်ကိုမှ မတောင်းပန်ရရင် စားလို့မဝင် အိပ်လို့ပျော်မှာ မဟုတ်တော့ဘူး၊ အခုပဲ အခွေယူပြီး သွားတော့မယ်"

ဖြစ်ချင်တာတစ်ခုကို အချိန်မဆိုင်းပဲ မဖြစ်ဖြစ်အောင် လုပ်တတ်သော ကျော်ဇော်သန်းထိုက်ကို လေးပွင့်ဖြူ တားဆီးနိုင်မှာ မဟုတ်။

ကျော်ဇော်သန်းထိုက်ရဲ့ ကျောပြင်ကိုသာ ငေးပြီး ငုတ်တုတ်လေး ကျန်ခဲ့ရှာသည်။

"ကျော်ကျော်. . ကျော်ကျော်၊ နင်က ငယ်ငယ်လေးတည်းက ကိုယ်ဖြစ်ချင်တဲ့ဆန္ဒတစ်ခုကို အခက်အခဲတွေကြားက ရအောင်ယူတယ်၊ နင့်ရဲ့ အဲဒီအမူအကျင့်လေးတွေကိုပဲ ငါက ချစ်နေရတဲ့သူပါဟာ၊ ဒါပေမယ့် နင့်နှလုံးသား ဘယ်ဆီရောက်နေလဲဆိုတာ ငါ သိလိုက်ပါပြီလေ"

♥ ♥ ♥

ရွှေရုပ်ရယ် လောကမှာ မမှားသောရှေ့နေ မသေသော ဆေးသမားဆိုတာ မရှိပါဘူး။

ကိုယ်လည်း မထင်မှတ်တဲ့အမှားလေးတစ်ခုကြောင့် မင်းရဲ့အမုန်းတွေ

www.burmeseclassic.com



တစ်လျှောကြီး ရလိုက်ပြီ။

အဖြစ်မှန်တွေ မင်းသိခဲ့ရင်တော့ ကိုယ့်ကို ကျေပါနော်။

ကိုယ့်ရဲ့အမှားအတွက် မင်းရှေ့မှာ ဒူးထောက်ဖို့ လာခဲ့ပြီ၊ ကိုယ့်ကို မမုန်းပါနဲ့တော့ ရွှေရုပ်ရဲ့ယ်။

မတွေ့ချင် မမြင်ချင်သော မြင်ကွင်းတစ်ခုကို မျက်စိထဲမှာ မြင် လိုက်ရတာက ရင်ထဲကို အောင့်သက်သက်ဖြစ်သွားစေသည်။

ရွှေရုပ်နှင့်အတူ အခွေဆိုင်မှာ ထိုင်ပြီး ကြည်နူးနေသည့် မင်းထင်ကျော်။

ကျော်ဇင်သန်းထိုက် ခြေလှမ်းတွေ နှေးကွေးသွားသည်။

ဒါပေမယ့်လည်း ချစ်သူရှိရာကို မရောက်ရောက်အောင်လာဖို့ စိတ်ပိုင်းဖြတ်ပြီးသားဖြစ်သဖြင့်

"ရွှေရုပ်"

အသံကြောင့် နှစ်ဦးသား ရယ်မောပျော်ရွှင်နေရာမှ ပြိုင်တူမော့ ကြည့်လိုက်ရာ သူတို့အတွက် ကမ္ဘာမကျေဖြစ်ခဲ့သော ဆံရှည်လုလင် ဖြစ်ကြောင်းကို နာနာကြည်းကြည်း သိလိုက်ရသည်။

"ဟင်. . ရှင်က ဘာလာလုပ်တာလဲ"

မီးဝင်းဝင်းတောက်တဲ့ မျက်လုံးတွေနှင့် ရွှေရုပ်၏အမေးကို ကျော်ဇင်သန်းထိုက် ဇီးရွက်လောက်ရှိသော မျက်နှာဖြင့် ဖြေသည်။

"ကိုယ်. . မင်းကို ရှင်းပြချင်လို့ပါ"

"ဟော့ကောင်. . မင်း ဒီနေရာကို လာရဲသေးတယ်နော်၊ တွေ့ ကြသေးတာပေါ့၊ ရွှေရုပ် ကိုယ့်ကို တုတ်ပေးစမ်း"

မင်းထင်ကျော်က ကျော်ဇင်သန်းထိုက်ကို ရိုက်ရန် ရွှေရုပ်ထံမှ တုတ်တောင်းသည်။

"ရွှေရုပ်မှာ တုတ်တော့ မရှိဘူးမောင်"

"ဒါဆို ဘာရှိလဲ"

"ဓားတော့ ရှိတယ်"

"မလုပ်နဲ့လေ. . ဓားဆိုရင် မောင် ထောင်ကျနေဦးမယ်. . အဲ တုတ်ပြီ"

မင်းထင်ကျော်က အခွေဆိုင်ရှေ့မှာ ရပ်ထားသော သူ့ကားထဲ ပြေးသွားပြီး ဆောင်နေကျ သံတုတ်ကို ပြေးယူသည်။

"မောင်. . ဘယ်လဲ"

"ခဏလေး ရွှေရုပ်"

ကျော်ဇင်သန်းထိုက် အဲဒါတွေ ဂရုမစိုက်နိုင်၊ ရွှေရုပ်ကို အဖြစ်မှန် ရှင်းပြရန်သာ စိတ်က စောနေသည်။

"ရွှေရုပ် ကိုယ်တောင်းပန်ပါတယ်၊ တကယ်တော့ မင်းကို ကိုယ် ပေးလိုက်တဲ့ ရည်းစားစာမှာ ရေသူမအခွေ မှားထည့်ပြီး ပြန်အပ်လိုက်တာပါ၊ ကိုယ် အခုမှသိလို့ ပြန်ယူလာတယ်. . . ဒီမှာ မင်းတို့ဆိုင်က ရေသူမခွေ"

ကျော်ဇင်သန်းထိုက် ရွှေရုပ်ကို အခွေလှမ်းပြနေစဉ် နောက်မှ မာကျောသော အရာတစ်ခုနှင့် ခေါင်းကို ပြင်းထန်စွာ မိတ်ဆက်ခြင်း ခံလိုက်ရသည်။

"ဒုတ်"

"အ"

နောက်ပြန် စမ်းကြည့်လိုက်တော့ ပူနွေးပြီး ပျစ်ချွဲနေတဲ့ သွေးစသွေး မင်းထင်ကျော် သူ့ကို အမုန်းကျွေးပြီ။

ကျော်ဇင်သန်းထိုက်ခေါင်းကို ကိုင်ရင်း မျက်လုံးတွေ ပြာဝေ







www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဒူးတွေ ညွတ်မကျခင်မှာ နောက်ဆုံးခွန်အားလေးနှင့် ရွှေရုပ်ကို အယူခံဝင်သည်။

"ရွှေရုပ်. . အ၊ ကိုယ်. . မင်းကို တောင်းပန်ပါတယ်၊ ကျေပါနော်"

ကျော်ဇင်သန်းထိုက် စကားဆုံးသည်နှင့် ရွှေရုပ်ရှေ့မှာ ဘိုင်းခနဲ လဲကျသွားတော့သည်။

"ဘိုင်း"

"ဟယ်. . သွားပြီ"

ရွှေရုပ် စိုးရိမ်တကြီးနှင့် ကျော်ဇင်သန်းထိုက်ကို ပြေး၍ ထူသည်။

"ကျော်ဇင်သန်းထိုက်. . ကျော်ဇင်သန်းထိုက်၊ ထပါဦး"

မင်းထင်ကျော်ကတော့ သူလက်လွန်သွားပြီဆိုတာ သိသည်နှင့် ကြောက်ကြောက်လန့်လန့်ဖြင့် ကားထဲ ပြန်ပြေးကာ အဝေးဆုံးကို မောင်း ထွက်သွားတော့သည်။

"ဝူး"

"ဟာ. . မောင်၊ ဒါက ဘယ်ပြေးတာလဲ"

သတ္တိခဲချစ်သူကြောင့် ရွှေရုပ်လွှာ အခွေဆိုင်မှာ သွေးအိုင်ထဲ လဲနေသော ကျော်ဇင်သန်းထိုက်နှင့်အတူ နှစ်ပါးသွားပြီး ကျန်ခဲ့တော့ သည်။

"လာကြပါဦးရှင်. . လာကြပါဦး"

ရွှေရုပ်လွှာ၏အော်ဟစ် အကူအညီတောင်းမှုကြောင့် လမ်းပေါ်က လူတွေ ပြေးလာကြပြီး ကျော်ဇင်သန်းထိုက်ကို အရေးပေါ် ဆေးရုံသို့ တင်ခေါ်သွားကြတော့သည်။

♥ ♥ ♥



## အခန်း (၁၉)

ကျော်ဇင်သန်းထိုက်တစ်ယောက် လောကကြီးကို မှတ်မေ့ မှတ်မေ့ မေ့ချလိုက်လေပြီ။ အတိတ်အကြောင်းတွေ ဘာဆိုဘာမှ သိတော့၊ သူ့ကို ဘယ်သူက ဘာမေးမေး "ဘာ ဘာ ဘာမှ မသိဘူး"ဟုသာ ပြောနေသဖြင့် မိဘနှစ်ပါးရော သူနဲ့လက်ထပ်မယ့် သတို့သမီးလောင်း လေးပွင့်ဖြူပါ ယူကျုံးမရ ဖြစ်ကြရတော့သည်။

ဒေါက်တာရဲ့ အားပေးစကားကြောင့်လည်း ပိုပြီးတော့ စိတ်ဓာတ် ကျသွားသည်။

"ဘာမှ မစိုးရိမ်ပါနဲ့. . ခေါင်းက ဒဏ်ရာက သိပ်ပြင်းတော့ သွေးခဲ နေတာ ကံကောင်းတယ်၊ အခုလောလောဆယ် သူ့အတိတ် အကြောင်းတွေ ဘာမှမမှတ်မိဘူးဆိုတော့ မဟုတ်မှလွဲရော အတိတ်မေ့ သွားတာပဲ ဖြစ်ရမယ်"

တော်လိုက်တဲ့ ဆရာ။ ဘာကြောင့် ဒီလောက်မှန်အောင် မှန်း နိုင်ပါလိမ့်။

"ဆရာရယ်. . ဖြစ်နိုင်ရင် ကျွန်မတို့ သားလေးကို မြန်မြန်ကောင်း အောင် ကုပေးစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ. . ကျွန်တော်တို့မှာ ဒီသားလေး တစ်ယောက်ပဲ ရှိတာပါ။ အခု ကျွန်တော်တို့ကိုတောင် မမှတ်မိတော့ဘူး ဆိုတော့ ကျွန်တော်တို့ ဘယ်လို ဖြေသိမ့်ရမလဲ"

ကျော်ဇင်သန်းထိုက်ရဲ့ အဖေနဲ့အမေက ငိုမဲ့မဲ့နှင့် အသနားခံ သလို လေးပွင့်ဖြူကလည်း ဒေါက်တာ့ကို မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနှင့် ငိုပြသည်။

"ဆရာရယ်. . ကျွန်မက သူနဲ့လက်ထပ်မယ့် သတို့သမီးလောင်းပါ ခု သူ အတိတ်ကိုမေ့နေပြီဆိုတော့ ကျွန်မတို့ မင်္ဂလာပွဲ ထပ်ပြီး ရက်ရွှေ့ ဆိုင်းရဦးမယ်. . ဟင့် ဖြစ်နိုင်ရင် ကယ်ပါ ဆရာရယ်"

"ဒီလောက်လည်း စိတ်မပူကြပါနဲ့. . လူတစ်ယောက်ဟာ အတိတ် မေ့တာထက် ပစ္စုပ္ပန်နဲ့ အနာဂတ်မမေ့ဖို့ ပိုအရေးကြီးပါတယ်၊ ပစ္စုပ္ပန် လည်းမေ့၊ အနာဂတ်လည်းမေ့ပြီး အတိတ်မှာ တဝဲလည်လည် ဖြစ်နေတဲ့ လူထက်စာရင် အတိတ်မေ့ပြီး ပစ္စုပ္ပန်နဲ့အနာဂတ်ကို မမေ့မလျော့ မပေါ့ဆတဲ့ သတိတရားနဲ့ ဆက်ချီတက်မယ့်သူဟာ ပိုပြီး အညွန့် တလူလူနဲ့ ဘဝတက်လမ်း ရှိပါတယ်၊ သူ ပစ္စုပ္ပန်နဲ့အနာဂတ်တော့ မမေ့လောက် သေးပါဘူး"

"ဆရာရယ်. . ဒါတော့ဒါပေါ့၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုတောင် မသိတဲ့ သူ့ဘဝ ဘယ်လိုဆက်ပြီး ချီတက်မလဲ၊ ဆရာတို့မှာ နောက်ဆုံးပေါ် ကုထုံးရှိရင် ကုပေးပါလားဟင်"

ဦးသန်းထိုက်ရဲ့ တောင်းဆိုချက်ကြောင့် ဒေါက်တာက ခဏမျှ စဉ်းစားလိုက်ပြီး. .

"အင်း. . ရုပ်ရှင်ဗီဒီယိုတွေထဲမှာ ကြည့်ဖူးတာကတော့ ခေါင်းမှာ ဒဏ်ရာကြောင့် အတိတ်မေ့သွားတဲ့ လူနာကို နောက်တစ်ချက် ထပ်ရိုက်ရင်





သတိရလာတတ်တယ်"

"ဒါဆိုရင် ကျွန်မတို့ သားလေးကို နောက်တစ်ခါ ခေါင်းထပ်ရိုက် ခွဲရမယ်လို့ ဆရာက ဆိုလိုတာလား"

ဒေါ်အိန္ဒြာကျော်၏ ထင်မြင်ယူဆချက်ကို ဒေါက်တာက ခေါင်းယမ်းပြပြီး. .

"အဲဒီလို မဟုတ်ပါဘူး. . တော်ကြာ သတိပြန်မရဘဲ ရူးသွားမှ ဒေါက်တာငြိမ်းချမ်းကြောင့်ဆိုပြီး နာမည်ပျက်နေဦးမယ်၊ သူ့မှာ အတိတ်ကို ပြန်သတိရနိုင်ဖို့ နည်းလမ်းရှိမရှိ နောက်ဆုံးပေါ် ကုထုံးနဲ့ရှာဖို့ အန်တီ ကျွန်တော်နဲ့ အခန်းထဲ လိုက်ခဲ့ပါ"

"ရှင်"

"လူနာရဲ့အကြောင်းတွေ အန်တီ့ကို အသေးစိတ် မေးချင်လို့ပါ"

"ကျွန်တော်ကော လိုက်လို့ မရဘူးလား ဆရာ"

ဦးသန်းထိုက် သားအတွက် စိုးရိမ်တာလား၊ မယားအတွက် စိုးရိမ်တာလား မသိ။ ဒေါက်တာ့အခန်းထဲ လိုက်ဝင်ရန် ပြင်သည်။

"အန်ကယ်လည်း လိုက်ချင်လိုက်ခဲ့လို့ ရပါတယ်၊ ဒါပေမယ့် သားသမီးတွေအကြောင်းကို ဖခင်ထက် ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ မိခင်က ပိုသိတာမို့လို့ အန်တီနဲ့ ဆွေးနွေးရခေ ါင် အမိက ခေါ်တာပါ. . အန်ကယ် လိုက်ချင်လည်း လိုက်ခဲ့ပေါ့. . . ဒါပေမယ့် ဘာစကားမှ ဝင်မပြောဘဲ ဆောက နားထောင်နေမယ်ဆိုမှ လိုက်ခဲ့"

"ဟုတ်ကဲ့. . မပြောပါဘူး၊ လိုက်ခဲ့ပါ့မယ်"

ဒေါက်တာနှင့် ဦးသန်းထိုက်တို့လင်မယား ဆရာ၏ရုံးခန်းထဲ ဝင်သွားချိန်တွင် လေးပွင့်ဖြူက ကျော်ဇင်သန်းထိုက်သောမှာ [illegible]ခဲ့သည်။

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် တောင်ကြည့်မြောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေသော ကျော်ဇင်သန်းထိုက်ကို လေးပွင့်ဖြူက သတိများရလာမလားဟု စကားစကြည့်သည်။

"ကျော်ကျော်. . ငါ့ကို မှတ်မိလား"

ကျော်ဇင်သန်းထိုက်က ခေါင်းယမ်းပြသည်။

"ငါ လေးပွင့်ဖြူလေ. . နင့်သူငယ်ချင်းလေ"

"ဟုတ်လား. . တွေ့ရတာ ဝမ်းသာပါတယ်"

လေးပွင့်ဖြူ သေချင်စိတ် ပေါက်သွားသည်။

"စိတ်ညစ်ပါတယ်. . သူငယ်ချင်းပါဆိုမှ တွေ့ရတာ ဝမ်းသာပါတယ်တဲ့. . ဟင့်"

အဲဒီအချိန်မှာ ကျော်ဇင်သန်းထိုက်ရဲ့တစ်ဖက်သက် မင်းသမီးလေး ရွှေရုပ်လွှာ စားစရာတွေ တထွေ့တပိုက်နှင့် ရောက်လာသည်။

"သြော်. . ရွှေရုပ်တောင် ရောက်လာပြီ. . ထိုင်လေ"

ရွှေရုပ်က လေးပွင့်ဖြူ နေရာပေးသော ခုံမှာဝင်ထိုင်ရင်း စားစရာတွေတင်ကာ လူနာသတင်း မေးသည်။

"သူ မသေဘူးနော်. . တော်ပါသေးရဲ့. . သက်သာရဲ့လား"

ရွှေရုပ်ကို မြင်သောအခါ ကျော်ဇင်သန်းထိုက်က တစ်ခါမှ မမြင်ဖူးသူလို စူးစမ်းကြည့်သည်။

"လူကတော့ သက်သာသွားပါပြီ၊ ခြောက်ချက်ချုပ်လိုက်ရတယ်. . ဒါပေမယ့် အခု အတိတ်မေ့နေတယ်၊ ဘာကိုမှ သတိမရတော့ဘူး"

"ဟင်. . အဲဒါ တကယ်လား"

"မယုံရင် သူ့ကို မေးကြည့်လေ"

ရွှေရုပ်က ကျော်ဇင်သန်းထိုက်မျက်နှာကို သေချာကြည့်ပြီး





"ကိုကျော်ဇင်သန်းထိုက်. . ကျွန်မကို သိလား"

ကျော်ဇင်သန်းထိုက်က ရွှေရုပ်လွှာရဲ့ မျက်ဝန်းလှလှလေးတွေကို သေသေချာချာစိုက်ကြည့်ပြီး ပြုံးလာကာ

"တစ်နေရာရာမှာတော့ မြင်ဖူးသလိုပဲ"

ရွှေရုပ်လွှာမရော လေးပွင့်ဖြူပါ ကျော်ဇင်သန်းထိုက်စကားကြောင့် အားတက်သွားသည်။

"ဟုတ်ပြီ. . စဉ်းစား စဉ်းစား ကျော်ကျော်၊ သူက နင် အရမ်းချစ်တဲ့ ကောင်မလေးလေ"

လေးပွင့်ဖြူစကားကြောင့် ရွှေရုပ်လွှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသလို ကျော်ဇင်သန်းထိုက်ကလည်း ခေါင်းကို လက်နှင့်ဖိပြီး

"အား. . ဘယ်သူလဲ မသိတော့ဘူး. . မူးတယ်. . မူးတယ်"

"နေနေ. . မစဉ်းစားနဲ့တော့ ကျော်ကျော် နင် သက်သက်သာသာ ခြိမ်လှဲနေလိုက်တော့"

ကျော်ဇင်သန်းထိုက် ခေါင်းအုံးပေါ်မှာ အသာမှိန်းပြီး လှဲနေလိုက်စဉ် လေးပွင့်ဖြူက ရွှေရုပ်လွှာကို လက်တို့ပြီး အပြင်ခေါ်ထုတ်သွားလေသည်။

"တို့ ရွှေရုပ်ကို ပြောစရာရှိလို့ပါ"

"ပြောပါ မလေးပွင့်ဖြူ"

"ရင်းရင်းနှီးနှီး ပွင့်ဖြူလို့ပဲ ခေါ်ပါ. . တို့က ကျော်ဇင်သန်းထိုက်နဲ့ ပေါင်းလာတာ ကြာပါပြီ"

"သြော်. . ကျော်ဇင်သန်းထိုက်မှာ မိန်းမရှိတာကိုး"

"ဟုတ်ပါဘူး. . သူငယ်ချင်းပေါင်း ပေါင်းတာပြောတာ"

"သြော်. . ဆောရီးပဲ ပွင့်ဖြူ. . တို့ အမိပ္ပာယ်ကောက်လွဲသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောပါ"

"ဒီလိုပါ. . တို့သူငယ်ချင်းအကြောင်း တို့ ကောင်းကောင်းသိတယ်၊ သူက လိုချင်တာတစ်ခုကို မရရအောင် လုပ်တတ်တယ်၊ အဲဒါ ငယ်ငယ်တည်းက သူ့အကျင့်ပဲ၊ ကျောင်းသားဘဝတုန်းကများဆို စာမေးပွဲဖြေတော့ အဆင့်တွေကျရင် ဆရာမက ဆူတယ်လေ. . အဲဒီတော့ နောက်တစ်ခါ ရီပို့ကတ်ရရင် သား အဆင့်တစ်ဖြစ်စေရမယ် ဆရာမလို့ ဆရာမနဲ့ ချဲလင်းခေါ်ခဲ့တယ်"

"သူ အဆင့်တစ်ရအောင် တကယ်ကြိုးစားခဲ့တာပေါ့"

"ကြိုးစားတာပေါ့. . နောက်တစ်ခါ လပတ်စာမေးပွဲဖြေလို့ ရီပို့ကတ်လဲ ထွက်ရော သူ့အဆင့်က တစ်ဆယ်ဖြစ်နေတယ်၊ ဒါပေမယ့် သူက ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင်လုပ်တတ်တဲ့သူဆိုတော့ တစ်ဆယ်နောက်က သုညတစ်လုံးကို ဘရိတ်ဒါးနဲ့ ပါးပါးလေးခြစ်ပြီး ဖျက်ချလိုက်လို့ ဆရာမက ကြိမ်လုံးနဲ့ဆော်တဲ့အထိပါပဲ"

"သြော်. . ဖြစ်မှဖြစ်ရလေ. . ဟင်း. . ဟင်း. . ဟင်း"

လေးပွင့်ဖြူစကားကြောင့် ရွှေရုပ်လွှာက နှုတ်ခမ်းလေး အနည်းငယ်ဟပြီး မာယာမပါပဲ ချိုမြစွာ ရယ်သည်။

"ပြောချင်တာက. . သူ့ စိတ်ဓာတ်က ငယ်ငယ်လေးတည်းက ဇွတ်တရွတ် နိုင်ခဲ့တာပါ၊ ရွှေရုပ်နဲ့ကိစ္စမှာ ဖြစ်ပျက်ခဲ့တာတွေကလည်း သူ့ရဲ့ အဲဒီအကျင့်ကြောင့်ပါပဲ"

ရွှေရုပ်လွှာ ခေါင်းလေးစိုက်ပြီး နားထောင်နေသည်။

"ရွှေရုပ် သူ့ကို ပါးရိုက်လိုက်တာကို သူ့ရဲ့မာနကို စော်ကားတယ် ဆိုပြီး သူက ရွှေရုပ် ချစ်သူရှေ့မှာပဲ ပြန်ဝလဲ့စားချေဖို့ ကြိုးစားခဲ့တယ်





ရွှေရုပ်အမြင်မှာတော့ သူဟာ လူဆိုးဖြစ်ကောင်း ဖြစ်နေလိမ့်မယ်. . . ဒါပေမယ့် သူ့ရဲ့ဗီဇကြောင့်သာ အဲဒီလိုတွေ ဖြစ်ခဲ့တာပါ. . ကျော်ဇင်သန်းထိုက်ဟာ အပြင်ပန်းမှာ Gipsy ဆန်ပေမယ့် အတွင်းစိတ်ထားနူးညံ့ပါတယ်၊ ဆေးရုံမရောက်ခင်ရက်က သူ ရွှေရုပ်ကို တောင်းပန်မယ်ဆိုပြီး အသွား ခုလို အရိုက်ခံရတာပါ၊ ပြီးတော့ သူက ပြောသေးတယ်၊ ရွှေရုပ် သူ့ကို မုန်းနေတာ ကျေပါစေတော့တဲ့"

ရွှေရုပ်လွှာ စိတ်မကောင်းဖြစ်သွားသည်။

"အဲဒီကိစ္စလဲ ရွှေရုပ် နားလည်သွားပါပြီ၊ သူ ရွှေရုပ်ကို ပေးတဲ့ ညည်းစားစာမှာ အခွေမှားထည့်ပေးလိုက်လို့ နားလည်မှုတွေ လွဲမှားပြီး ပါးရိုက်တဲ့အထိ ဖြစ်သွားတာပါ. . သူ အခုလို အတိတ်မေ့သွားတာ ကိုတော့ ရွှေရုပ်လဲ စိတ်မကောင်းပါဘူး၊ အဲဒါကြောင့် ဒီကိစ္စမှာ ရွှေရုပ်လဲ တာဝန်ရှိတယ်ဆိုပြီး လာကြည့်တာပါ"

"ရွှေရုပ်ကမှ သိတတ်သေးတယ်၊ သူ့ကို ရိုက်သွားတဲ့ ကာယကံရှင်တွေတော့ တောင်းပန်ဖို့နေနေသာသာ ဘယ်ဆီရှောင်ပြေးနေမှန်း မသိဘူး ကျော်ကျော်ရဲ့မိဘတွေက ပြဿနာရှာပြီး အမှုမဖွင့်လို့သာ ဒီလူ ကံကောင်းသွားတယ်"

လေးပွင့်ဖြူက ရွှေရုပ်ချစ်သူ မင်းထင်ကျော်ကို ရည်ရွယ်ပြီး ပြောလိုက်ရာ ရွှေရုပ်လွှာက ထောက်ခံသည်။

"ဟုတ်တယ်. . ကိုယ့်ချစ်သူတစ်ယောက်လုံးကို ပြဿနာတွေနဲ့ ထားခဲ့ပြီး ရှောင်ပြေးသွားတဲ့လူ. . သူ့ကို အမှုပတ်မှာ ကြောက်တာနဲ့ ဆို အဆက်အသွယ် မလုပ်ဘူး. . အလကားလူ"

ရွှေရုပ် မေတ္တာတွေပွားနေစဉ် သူမဟန်းဖုန်းမှ အသံမြည်လာခြင်း ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. . ရွှေရုပ်လား"

"ဩော်. . အသက်ရှည်ဦးမယ်. . ခုပဲ ရှင့်အကြောင်းပြောနေတာ၊ ခု ဘယ်ရောက်နေလဲ"

"ကိုယ်. . ထိုင်းနိုင်ငံနယ်စပ်ထိ ရောက်သွားတာ ရွှေရုပ်ရဲ့. . ဟိုလူ ဟိုလူ ခု ဘယ်လိုနေလဲ"

ရွှေရုပ်က အမြင်ကတ်ကတ်နှင့်

"သေသွားပြီ"

မင်းထင်ကျော် အလန့်တကြားဖြင့်

"ဟင်. . ဟုတ်လား၊ အဲဒါဆို ကိုယ် လူသတ်မှုဖြစ်ပြီပေါ့၊ ဒါဆို ကိုယ် ပြန်မလာတော့ဘူး. . ရွှေရုပ်ရယ်၊ တစ်ခါတည်း ဘန်ကောက်ထိ လစ်ပြီ. . ကိုယ် ထောင်ကျမှာ ကြောက်တယ်. . ရဲတွေဘာတွေ စစ်ရင် ခေါင်းပေါ် အုန်းသီးကြွေကျလို့ သူဘာသာဖြစ်တာလို့ လိမ်လိုက်ပါနော်. . မင်း ကိုယ့်ကိုလည်း မေ့လိုက်ပါတော့. . ကိုယ် မြန်မာပြည်ကို လုံး ပြန်မလာတော့ဘူး"

ရွှေရုပ် မင်းထင်ကျော်ကို တော်တော်ပေါက်ကွဲသွားသည်။

"သွား. . သွား၊ အလကား သတ္တိမရှိတဲ့သူ. . ကိုယ့်ချစ်သူ တစ်ယောက်လုံးကို ပြဿနာနဲ့ထားခဲ့ပြီး ရှောင်ပြေးတဲ့အခြောက် ရှင့်စိတ်ဓာတ်ကို စောစောစီးစီး သိလိုက်ရတာ ကျွန်မ ကံကောင်းတယ် တစ်သက်လုံး ပြန်မလာနဲ့ ယိုးဒယားမှာပဲ ဘဝပြောင်းပြီး နေပေတော့"

ရွှေရုပ်လွှာ စိတ်ရှိလက်ရှိပြောပြီး ဖုန်းကို ပြန်ပိတ်လိုက်သည်။

လေးပွင့်ဖြူကတော့ စိတ်ဝင်တစားဖြင့်

"ဘာတဲ့လဲ ရွှေရုပ်"

"အလကားပါ. . ကြောက်ကြောက်လန့်လန့်နဲ့ ထွက်ပြေး



အခု ယိုးဒယားထိ ရောက်နေပြီ၊ ပြန်မလာတော့ဘူးတဲ့"

"ဒါဆိုရင် ရွှေရုပ်နဲ့ သူ ပြတ်သွားပြီပေါ့"

"အင်းပေါ့"

"ကျော်ကျော်သာ. . ဒီသတင်းကို သိမယ်ဆိုရင် ဝမ်းသာမှာပဲ ဒါပေမယ့် ခုတော့"

လေးပွင့်ဖြူက ပြောပြီး ဝမ်းနည်းလာသည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့ ပွင့်ဖြူရယ်. . သူ အတိတ်ကို ပြန်သတိရအောင် ဖြည်းဖြည်းချင်း လေ့ကျင့်ပေးရင် ရမှာပါ"

အဲဒီအချိန်တွင် ဒေါက်တာနှင့် ကျော်ဇင်သန်းထိုက်မိဘတွေ အခန်းထဲမှ ပြန်ထွက်လာကြသည်။

"ဟော. . ဆရာတို့ ပြန်ထွက်လာပြီ၊ ဘာပြောမလဲ မသိဘူး. . သွား နားထောင်ရအောင် ရွှေရုပ်"

"အင်း"

ရွှေရုပ်ကို မြင်သောအခါ ဒေါ်အိန္ဒြာကျော်နှင့်ဦးသန်းထိုက် ဝမ်းပန်းတသာ ကြိုဆိုကြသည်။

"သမီးလေးတောင် ရောက်နေတာကိုး. . ဘယ်တုန်းက ရောက်လဲ သမီး"

"ခုပဲ အန်တီ"

ဒေါက်တာက ရွှေရုပ်ကို မြင်သောအခါ စူးစမ်းလိုသည့်သဘောနှင့်

"သမီးနာမည် ဘယ်လိုခေါ်လဲ"

"ရွှေရုပ်လွှာပါ ဒေါက်တာ. . ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး. . လူနာရဲ့အခြေအနေကို ဖော်သတ်တဲ့ နေရာမှာ သမီးနာမည်ပါ ထည့်ရေးချင်လို့. . သမီးက သူ့ရဲ့ ရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရင်းနှီးပါတယ်"

ရွှေရုပ်လွှာက ဒေါက်တာရဲ့စကားကို နားမလည်သေးဘဲ ပြန်ဖြေသည်။ ဒေါက်တာက စာရွက်တစ်ခုမှာ ရွှေရုပ်လွှာဆိုတဲ့နာမည်ကို ထည့်ရေးပြီးနောက်

"ကဲ. . ညီလေး၊ ဆရာ မင်းကို မေးခွန်းဆယ်ခု မေးထားတယ်၊ အဖြေက သုံးခု ပေးထားတယ်၊ မင်းစိတ်ထဲမှာ ဖြည်းဖြည်းချင်း စဉ်းစားပြီး မှန်တယ်ထင်တာကို တစ်ခုရွေးဖြေ ကြားလား"

ဒေါက်တာက စာရွက်နဲ့ဘောပင်ကို ကျော်ဇင်သန်းထိုက်လက်ထဲ ထည့်ပေးလိုက်သည်။

ကျော်ဇင်သန်းထိုက် ထိုစာရွက်ဖတ်ပြီး မှန်မယ်ထင်တာတွေ ရွေးပြီး ဖြည့်သည်။

ဆယ်မိနစ်ခန့် စဉ်းစားပြီး အဖြေလွှာစာရွက် ဒေါက်တာလက်ထဲ ရောက်လာသည့်အခါ

| | အဖြေ |
|---|---|
| ၁။ ကျွန်ုပ်၏နာမည်သည် . . . . . ဖြစ်သည်။<br>(၁) မျောက်ကြီး (၂) ကျော်ဇင်သန်းထိုက်<br>(၃) မင်းမော်ကွန်း | မင်းမော်ကွန်း |
| ၂။ ကျွန်ုပ်၏မိဘနှစ်ပါးမှာ . . . . ဖြစ်သည်။<br>(၁) ဦးဘက်ခမ်းနှင့် ဒေါ်ပစ်တိုးရီးယား<br>(၂) ဦးဂွစာနှင့် ဒေါ်ရှုပ်ပြာ<br>(၃) ဦးသန်းထိုက်နှင့် ဒေါ်အိန္ဒြာကျော် | ဦးဂွစာနှင့် ဒေါ်ရှုပ်ပြာ |
| ၃။ ကျွန်ုပ်နှင့် လက်ထပ်မည့် မိန်းကလေးမှာ . . . . . ဖြစ်သည်။<br>(၁) လေးပွင့်ဖြူ (၂) ဝဲထူမ<br>(၃) ဝတ်မှုန်ရွှေရည် | ဝဲထူမ |
| ၄။ ကျွန်ုပ်၏အလုပ်မှာ . . . . . ဖြစ်သည်။<br>(၁) တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်<br>(၂) တရားသူကြီး<br>(၃) အမှိုက်ကောက် | တရားသူကြီး |
| ၅။ ကျွန်ုပ်၏ဝါသနာမှာ . . . . . ဖြစ်သည်။<br>(၁) အသုဘအိမ်မှာ ဖဲရိုက်ခြင်း<br>(၂) ကဗျာရေးခြင်း<br>(၃) လက်ဝှေ့ထိုးခြင်း | လက်ဝှေ့ထိုးခြင်း |
| ၆။ ကျွန်ုပ်၏ပညာအရည်အချင်းမှာ . . . . . ဖြစ်သည်။<br>(၁) ဘွဲ့ရ (၂) လေးတန်း (၃) မူကြိုနဲ့ထွက် | မူကြိုနဲ့ထွက် |
| ၇။ အားလပ်ချိန်တွင် ကျွန်ုပ်လုပ်လေ့ရှိသည်မှာ . . . . ဖြစ်သည်။<br>(၁)မြောင်းဆယ်ခြင်း<br>(၂) ထုပ်ဆီးတိုးခြင်း<br>(၃) ဖွန်ကြောင်ခြင်း | မြောင်းဆယ်ခြင်း |
| ၈။ ယခင်က ကျွန်ုပ်အလုပ်လုပ်ဖူးသည့် ကုမ္ပဏီမှာ . . . ဖြစ်သည်။<br>(၁) မြို့တော်စည်ပင် သန့်ရှင်းရေး<br>(၂) Unicef<br>(၃) ပန်းဥယျာဉ် | Unicef |







www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၉။ | ကျွန်ုပ်၏အနာဂတ် ရည်ရွယ်ချက်မှာ .....ဖြစ်သည်။<br>(၁) အောင်မြင်သည့် အနုပညာရှင်<br>(၂) ဖိနပ်ချုပ်သမား<br>(၃) ကလေးအဖေ | ကလေးအဖေ |
| ၁၀။ | ကျွန်ုပ်တစ်သက်လုံး မေ့လို့မရသည့် နာမည်မှာ. . . ဖြစ်သည်။<br>(၁) ဦးသန်းထိုက်နှင့် ဒေါ်အိန္ဒြာကျော်<br>(၂) လေးပွင့်ဖြူ<br>(၃) ရွှေရုပ်လွှာ | ရွှေရုပ်လွှာ |

ကျော်ဇင်သန်းထိုက်ရဲ့အဖြေကို ဖတ်ပြီးသောအခါ မိဘနှစ်ပါး စိတ်ဓာတ် အကြီးအကျယ်ကျသွားကြသည်။

"ကယ်ပါဦး ဆရာရယ်. . ကျွန်မတို့သားလေး အတိတ်ကို ဖြစ် သတိရနိုင်မယ့် နည်းလမ်း မရှိတော့ဘူးလား၊ ရွှေစရာ သုံးခုပေးထားတာ တစ်ခုမှလည်း မမှန်ဘူး၊ ဆရာ့ရဲ့မေးခွန်းတွေကို အကုန်အမှားတွေချည်း ဖြေထားတယ် ဆရာရယ်"

"ဟုတ်ပါတယ် ဆရာ. . အဆိုးဆုံးက သူ့ကိုယ်သူ မင်းမော်ကွန်းလို့ ထင်နေပြီး သူ့အဖေနဲ့အမေကို ဦးဂွစာနဲ့ဒေါ်ရုပ်ပြာလို့ ထင်နေတာ အဆိုးဆုံးပါပဲ"

"ဟုတ်ပါတယ် ဆရာရယ်. . ပြီးတော့ သူနဲ့လက်ထပ်မယ့် မိန်းကလေးကိုလည်း ဝဲထူမလို့ ဖြည့်ထားတယ်၊ ကျွန်မတို့လို အသိုင်း ကြိုက်တဲ့ မိဘနှစ်ပါးက ကိုယ့်သားကို ဝဲထူမနဲ့ ပေးစားပါ့မလား





တကယ်ပေးစားမှာက လေးပွင့်ဖြူပါ၊ မသကာ ဝတ်မှုန်ရွှေရည်လို့ ဖြည့်လိုက်ရင် တောင် တော်သေးတယ်"

ဆရာဝန်လည်း ပြောစရာစကား မရှိတော့ဘဲ ခေါင်းသာ တွင်တွင် ခါယမ်းနေတော့သည်။

ကျော်ဇင်သန်းထိုက်ကတော့ အရာအားလုံး သူနဲ့မဆိုင်သလို လေလေးချွန်နေသည်။

အဲဒီအချိန်မှာ လေးပွင့်ဖြူက သူတို့အားလုံးရဲ့ မျှော်လင့်ချက် တွေကို အသက်သွင်းပေးလိုက်သည်။

"ကျော်ကျော်ရဲ့အဖြေတစ်ခု မှန်ပါတယ် ဆရာ"

"ဟင်"

ဒေါက်တာအပါအဝင် အားလုံး လေးပွင့်ဖြူကို စိတ်ဝင်တစား ကြည့်လိုက်ကြသည်။

"ဘယ်ဟာ မှန်တာလဲ သမီးရဲ့၊ သူ့ရဲ့အနာဂတ်မှာ ကလေးအဖေ ဖြစ်ချင်တယ်လို့ ဖြည့်ထားတာလား၊ ဒါဆိုလည်း သမီးနဲ့ လက်ထပ်ပြီးရင် ဖြည့်ဆည်းပေးလိုက်လေ"

"မဟုတ်ပါဘူး အန်ကယ်. . နံပါတ်တစ်ဆယ် သူတစ်သက်လုံး မေ့လို့မရတဲ့နာမည် ရွှေရုပ်လွှာဆိုတာပါ"

လေးပွင့်ဖြူရဲ့စကားကြောင့် အားလုံးရဲ့အကြည့်တွေ ရွှေရုပ်လွှာထံ ရောက်သွားသည်။

ရွှေရုပ်လွှာကတော့ ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကို ငုံ့ထားသည်။

ဒေါ်အိန္ဒြာကျော်ကတော့ လက်မခံချင်သေး။

"ဟုတ်လို့လား သမီးရဲ့. . အဲဒါ မှားပြီး ဖြည့်ထားတာ မဟုတ် ဘူးလား၊ သူ တစ်သက်လုံး မေ့လို့မရမယ့် နာမည်ဟာ အန်တီတို့



www.burmeseclassic.com

www.burmeseclassic.com



မီဘာ နှစ်ပါးဖြစ်ရင်ဖြစ်၊ မဖြစ်ရင် သူနဲ့တစ်သက်လုံးပေါင်းသင်းမယ့် ငယ်သူငယ်ချင်း သမီးနာမည် ဖြစ်ရမှာလေ ၊ ဒီကလေးမလေးက ဘာဆိုင်လို့လဲ၊ သားကို ဆေးခန်းလိုက်ပို့ပေးမှ သားမြင်ဖူးတာကို"

လေးပွင့်ဖြူက အားလုံးရှေ့မှာ အဖြစ်မှန်ကို မရှက်မကြောက် ရှင်းပြလိုက်သည်။

"ကျွန်မနဲ့ကျော်ကျော် စကားတွေ အများကြီး ပြောဖြစ်ကြပါတယ်၊ သူပြောတဲ့စကားတိုင်းမှာ ရွှေရုပ်ဆိုတဲ့နာမည်က မပါမဖြစ်တဲ့ နာမ်စားတစ်ခုပါပဲ၊ တကယ်တော့ သူ့နှလုံးသားက ရွှေရုပ်ဆီမှာပါ၊ ကျွန်မနဲ့ လက်ထပ်ဖို့ လူကြီးတွေ သဘောတူထားပေမယ့် သူက ကျွန်မအပေါ်မှာ ငယ်သူငယ်ချင်းသံယောဇဉ်ပဲ ရှိပါတယ်၊ ကျွန် . . ကျွန်မ သူ့ကို ချစ်မိခဲ့ပါတယ် . . ဟင့်၊ ဒါပေမယ့် သူချစ်တာ ကျွန်မ မဟုတ်ပါဘူး . . ရွှေရုပ်ပါ။ အဲဒါကြောင့် အဲဒီအဖြေ မှန်ပါတယ်"

လေးပွင့်ဖြူက ပြောလဲပြော၊ ငိုလဲငို၊ ရှက်လဲရှက်နှင့် နောက်ဆုံး ဆေးရုံခန်းထဲမှ ပြေးထွက်သွားတော့သည်။

ဒေါက်တာက ရွှေရုပ်လွှာကို မျှော်လင့်ခြင်းကြီးစွာ ကြည့်ပြီး . .

"ဒါဆိုရင်တော့ သမီးကိုပဲ အားကိုးရတော့မယ်၊ အတိတ်က အဖြစ်အပျက်တွေထဲမှာ သူ မှတ်မိနေတာ သမီးနာမည်ပဲရှိတယ်ဆိုတော့ သမီး သူ့ကို အနီးကပ်ပြုစုပေးဖို့ လိုပြီ၊ ပြီးရင် သူနဲ့ဆုံခဲ့တဲ့နေရာလေးတွေ သွားခဲ့တဲ့နေရာလေးတွေကို ဖြည်းဖြည်းချင်း လိုက်ပြ၊ စကားတွေ အများကြီး ပြောပေး၊ ဒါဆို သူ့ရဲ့ရောဂါလက္ခဏာအခြေအနေ တိုးတက်လာဖို့ လမ်းစ ရှိတယ်၊ ကူညီပေးနိုင်မယ် မဟုတ်လား သမီး၊ ဒါဟာ သူ့အတွက် နောက်ဆုံး ဖြစ်တဲ့ နောက်ဆုံးပေါ် ကုသနည်းတစ်နည်းပါပဲ"

ရွှေရုပ်လွှာ . . အပြစ်ကင်းစွာဖြင့် နှပ်ချေးကလော်နေသော





ကျော်ဇင်သန်းထိုက်ကိုတစ်လှည့်၊ နူးညွတ်စွာ အကူအညီတောင်းခံ နေသော ဒေါက်တာကို တစ်လှည့်၊ ရေမြင်းကြီး အစာမျှော်နေသလို သူ့အရဲ့ အဖြေကို မျှော်လင့်တကြီး စောင့်စားနေသော ဦးသန်းထိုက်တို့ လင်မယားကို တစ်လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ . . ကျွန်မ ကူညီပါ့မယ်"

အားလုံး၏မျက်နှာမှာ အပြုံးပွင့်လေးတွေ ဖူးပွင့်သွားကြသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ချစ်သူက အိပ်မက်လေးတစ်ခုကို အသက်သွင်းပေးတယ်။

သူ့ကြောင့်ပဲ ကိုယ့်ကမ္ဘာကြီးတစ်ခုလုံး ခမ်းနားခဲ့တယ်။

သူသာ အနားမှာရှိရင် အတိတ်ကော၊ ပစ္စုပ္ပန်ကော၊ အနာဂတ်ပါ မေ့ပြီး သူ့မျက်ဝန်းတစ်စုံမှာပဲ အသိစိတ်တွေ ဖြစ်တည်တယ်။

သူ့နှုတ်ဖျားက ထွက်ကျတဲ့စကားမှန်သမျှ ကိုယ့်ရဲ့အသက် ဖြစ်တယ်။ ခေါင်းခါဖို့လည်း စိတ်ကူးမရှိဘူး၊ ငြင်းဆိုဖို့လည်း အားအင် မရှိဘူး၊ တွေဝေဖို့လည်း စိတ်ကူးမရှိဘူး၊ အလိုလိုဒူးထောက်ပြီး ခေါင်းညိတ် ရက်သား ဖြစ်ရတယ်၊ အဲဒါ ဘာလို့လဲ သိလား၊ သူ့ကို အရှုံးပေးချင်လို့ ပြီးတော့ ချစ်လို့။

"ကျော်ကျော်. . ပတ်တီးလည်း ဖြေပြီးပြီဆိုတော့ ခေါင်းရှင်း သွားအောင် ဆံပင်သွားညှပ်လိုက်ပါလား၊ ရွှေရုပ်လိုက်ပို့ပေးမယ်လေ"

တစ်သက်လုံး မြတ်နိုးစွာ ထိန်းသိမ်းထားခဲ့သော ဆံပင်ရှည်ကြီးကို ချစ်သူ၏စကားတစ်ခွန်းနှင့်ပင် အလဲအထပ် ပြုလိုက်ပုံက နောင်လာ နောက်သားများ အတုယူဖွယ်အထိ။





ကျော်ဇင်သန်းထိုက် ကိုယ့်ကိုယ်ကို မှန်ထဲပြန်ကြည့်ပြီး မှတ်မိ အောင် မနည်းကြိုးစားရသည်။

ရွှေရုပ်လွှာ လုပ်ချက်က ပြင်းပါပေ့။

အရင်က တစ်တောင်လောက်ရှိသော ဆံပင်ကို အရင်းမှ ဖြတ် ချလိုက်တာ လက်တစ်ဆစ်လောက်ပဲကျန်ပြီး လမ်းသရဲကေကာနေ ပုံစံကေ ဖြစ်သွားတော့သည်။

"ကျော်ကျော်က အခုမှ သန့်သွားတာ သိလား၊ မုတ်ဆိတ်မွေးပါ တစ်ခါတည်း ရိတ်လိုက်ရအောင်"

ရွှေရုပ်လွှာက ဆံပင်ညှပ်ဆရာကို ညွှန်ကြားပြီး ပိုက်ဆံထုတ် ပေးမည်ပြုရာ

"ဆံပင်ညှပ်ခ ပေးစရာမလိုတော့ဘူး သမီး"

"ရှင် ဘာဖြစ်လို့လဲ"

"သူ့ဆီက ဖြတ်ထားတဲ့ဆံပင်ကိုပဲ ယူလိုက်တော့မယ်၊ ဆံပင် တွေက ဈေးကောင်းတယ်"

"အင်း. . . ဒါလည်း အဆင်ပြေတာပဲ"

ရွှေရုပ်လွှာ ငါးကြင်းဆီနှင့် ငါးကြင်းပြန်ကျော်ပြီးနောက် ကျော်ဇင်သန်းထိုက်ရဲ့ သဘောထားကို တရားဝင် မေးမြန်းလေသည်။

"ကျွန်မ ရှင့်ကို ဆံပင်ညှပ်ပေးတာ ကျေနပ်ရဲ့လား"

ကျော်ဇင်သန်းထိုက်က ရွှေရုပ်လွှာကို ခေါင်းညိတ်ပြသည်။

"အရင်က ရှင့်ဆံပင်ကို ရှင် သိပ်တန်ဖိုးထားတာ၊ အတိတ် အကြောင်းတွေ ပြန်သတိရလာရင် ရှင့်ဆံပင်တို့ ဖြတ်ပစ်တဲ့အတွက် ရှင် ကျွန်မကို စိတ်ဆိုးမှာအမှန်ပဲ"

ကျော်ဇင်သန်းထိုက် ခေါင်းခါလိုက်ပြီး

www.burmeseclassic.com



"အဲဒါဆို ကိုယ် အတိတ်အကြောင်းတွေ ပြန်သတိမရချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မင်းကို စိတ်မဆိုးရက်လို့"

ရွှေရုပ်လွှာ ပြုံးလိုက်ပါသည်။ လူက အတိတ်မေ့နေတာတောင် နှာခေါင်းက. . အဲလေ နှလုံးသားက သတိရှိနေဆဲပါလား။

"ကဲ. . ကျွန်မတို့ ပန်းခြံ သွားရအောင်"

"ဟာ. . မလုပ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"အရင်က မင်းနဲ့ ပန်းခြံမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ ကိုယ် တကယ် မမှတ်မိတာပါ၊ ကိုယ်ပြန်မှတ်မိအောင် မင်းဘက်ကစပြီး နှိုးဆော် ပေးမယ်ဆိုရင် မင်းပဲ နစ်နာမှာပေါ့"

ရွှေရုပ်လွှာ မျက်နှာလေး နီမြန်းသွားသည်။

"ဘာတွေ ပြောနေတာလဲ. . ပန်းခြံသွားမယ်ဆိုတာ ချိန်းတွေ့ဖို့ မဟုတ်ဘူး. . ရှင်နဲ့အရင်က အလုပ်အတူလုပ်ခဲ့တဲ့ ပန်းဥယျာဉ်ကုမ္ပဏီကို သွားမှာ၊ အဲဒီက ဝန်ထမ်းတွေအားလုံး ကျွန်မတို့နဲ့ သိတယ်၊ သူတို့နဲ့ စကားသွားပြောမှာ"

"ဩော်. . ဒီလိုဆို သွားလေ"

ဒီလိုနှင့် ရွှေရုပ်လွှာ တက္ကစီတစ်စီးငှားပြီး ကျော်ဇင်သန်းထိုက်နှင့် အတူ ပန်းခြံသို့ ချီတက်သွားတော့သည်။

ဟိုရောက်တော့ ကျော်ဇင်သန်းထိုက်ကို စစချင်း ဘယ်သူမှ မမှတ်မိကြ။ ရွှေရုပ်လွှာရဲ့ဘဲသစ် ဟုသာ ထင်ကြသည်။ နောက်တော့ ရွှေရုပ်လွှာရဲ့ ဇာတ်စုံရှင်းပြမှုကြောင့် ကျော်ဇင်သန်းထိုက်မှန်းသိပြီး အံ့လည်းအံ့သြ၊ ဝမ်းလည်းဝမ်းသာ၊ ဝမ်းလည်းဝမ်းနည်းကြလေသည်။





တစ်ခုချင်း ရှင်းပြပါမည်။

အံ့သြခြင်းမှာ ကျော်ဇင်သန်းထိုက် ကေပြောင်းသွားသည့်အတွက်။ ဝမ်းသာခြင်းမှာ ကျော်ဇင်သန်းထိုက်နှင့်ရွှေရုပ်လွှာ အတူတွဲပြီး မလာတာကြာပြီဖြစ်သော သူတို့ဆီကို အလည်လာသည့်အတွက်။

ဝမ်းနည်းရခြင်းမှာ ကျော်ဇင်သန်းထိုက် အတိတ်မေ့နေသည့် အတွက်။ အဲဒီလို ခံစားမှုတွေ step by step တစ်ဆင့်ချင်း ဖြစ်သွားခြင်း ဖြစ်သည်။

ကျော်ဇင်သန်းထိုက်အား သူမတို့ကို ပြန်မှတ်မိစေရန် နည်း အမျိုးမျိုးကြိုးစားကြည့်ကြသည်။

သီဂီနဲ့ရွှေရည်က သူတို့နှစ်ယောက်နှင့် ကိုကြီးကျော် ထမင်း အတူစားခဲ့ပုံ၊ ဝက်သားလုကြပုံများကို ပါးစပ်အမြှုပ်ထွက်အောင် ပြန် ပြောပြသည်။

ကျော်ဇင်သန်းထိုက် မမှတ်မိ။

ဟန်နီဒွေး၊ ဝါဝါသင်း၊ သိမ့်သိမ့်ခင်တို့ဆိုလျှင် သူတို့သုံးယောက် နှင့်အတူ ကျော်ဇင်သန်းထိုက် နေ့တစ်ဝက်လောက် အရည်မရအဖတ်မရ စကားများပြောပြီး အချိန်ဖြုန်းခဲ့ကြောင်း ပြန်ရှင်းပြကြသည်။ ဒါလည်း မရ။

စန္ဒာနှင့်သန္တာတို့ကတော့ ကျော်ဇင်သန်းထိုက် သူတို့နှစ်ယောက် ရဲ့နောက်မှာပုန်းပြီး MD အဖေရဲ့ဒေါသကို ရှောင်ခဲ့ပုံတွေ ပြန်ပြောပြသည်။ ကျော်ဇင်သန်းထိုက် ဘာမှမသိ။

နောက်ဆုံး မန်နေဂျာ ရုံးခန်းထိ ရောက်သွားသည့်အခါ မန်နေဂျာ မကြီး မှုန့်သာက ကျော်ဇင်သန်းထိုက် ရေးခဲ့သော Report များနှင့် MD အဖေနှင့် ပြဿနာတက်ခဲ့ပုံများကို ပြော၊ အတိတ်အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တူးဆွလည်း ကျော်ဇင်သန်းထိုက်က ခေါင်းသာ တွင်တွင်ခါနေတော့သည်။

ဘယ်လိုမှ မရတော့တဲ့အဆုံး ကုမ္ပဏီတစ်ခုလုံးက ကျော်ဇင်-သန်းထိုက်ကို ဘုရားသခင် အလိုတော်အတိုင်းပေါ့ဟုသာ ဆုမွန်ကောင်းတောင်းပေးရုံမှတပါး မတတ်နိုင်ကြတော့။

ရွှေရုပ်လွှာလည်း စိတ်ပျက်ပြီး ကျော်ဇင်သန်းထိုက်ကို အိမ်ပြန်ပို့ပေးလိုက်သည်။

ဒါပေမယ့် ရွှေရုပ်လွှာ စန္ဒာနှင့်သန္တာတို့ဆီက Deta လေးတစ်ခုတော့ ရခဲ့ပါသည်။

အဲဒါက. . .

ရွှေရုပ်လွှာ ဒီကုမ္ပဏီမှာ အလုပ်ပြန်ဆင်းတဲ့နေ့ကတည်းက စမြင်ပြီး သူကြွေသွားတာတဲ့၊ အဲဒီတော့ သူ့ရင်ထဲက အချစ်တွေ တစ်ဖန်ပြန်နိုးထလာတဲ့အချိန်မှာ အတိတ်ကို ပြန်သတိရကောင်း ရလာနိုင်လိမ့်မယ်တဲ့လေ။

သူမ တစ်ချိန်လုံး နာနာကြည်းကြည်း ခါးခါးသီးသီးဖြစ်ခဲ့သော ကျော်ဇင်သန်းထိုက်ကို ရွှေရုပ်လွှာ နည်းနည်းတော့သနားမိလာသည်။

သူ့ရဲ့အချစ်ကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်တော့။

ဘာပဲဖြစ်ဖြစ် သူ့အပေါ်မှာ ထားတဲ့ အမုန်းတွေက မရှိသလောက်ဖြစ်နေပါပြီလေ။

♥ ♥ ♥



ရွှေရုပ်လွှာတစ်ယောက် ဒီရက်ပိုင်းအတွင်း အလုပ်တွေ အရမ်းရှုပ်နေသည်။

အမေ့ကို ပြုစုပေးရတာတစ်မျိုး၊ ကျော်ဇင်သန်းထိုက်ကို ခေါ်ပြီး ဟိုဟိုဒီဒီ လျှောက်သွားပေးရတာ တစ်မျိုး၊ အခွေဆိုင်မှာလည်း ပုံမှန်ညတိုင်း ထိုင်ပေးရသောကြောင့် နားချိန် သိပ်မရှိ။

ထို့ကြောင့် ကျော်ဇင်သန်းထိုက်နှင့်အတူ ကန်တော်ကြီး ရေချိုငါးဥယျာဉ်သွားတော့ ရွှေရုပ်လွှာ မျက်နှာလေး ပင်ပန်းပြီး ဖြူဖပ်ဖြူရော်ဖြစ်လို့နေသည်။

ကျော်ဇင်သန်းထိုက်ကို ငါးပြတိုက်က ငါးတွေလျှောက်ပြရင်းနှင့် သစ်သားတံတားလေးနားက ကော်ဖီဆိုင်လေးမှာ နှစ်ယောက်အတူ ထိုင်ဖြစ်ကြသည်။

စားပွဲထိုးလေးကို သံပုရာရည်တစ်ခွက်နှင့် ခေါက်ဆွဲကြော် နှစ်ပွဲမှာကာ ကျော်ဇင်သန်းထိုက်ရဲ့ ဦးနှောက်တွေကို သံပတ်ပေးရန် ရွှေရုပ်လွှာ ကြိုးစားကြည့်သည်။

"ကျော်ကျော်. . ငါးတွေ ကြည့်ရတာ ဘယ်လိုနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါတယ်၊ ငါးဟင်း စားချင်စိတ်တောင် ပေါက်လာတယ်”

“အဲလို မဟုတ်ဘူးလေ. . ဟို ငါးတွေကို ကြည့်ရင်းနဲ့ ကျော်ကျော် ကြည့်ဖူးတဲ့ ရေသူမကားတွေ ဘာတွေ ပြန်သတိမရလာဘူးလား”

“ရေသူမ”

“အင်း ရေသူမ”

ရွှေရုပ်လွှာက ကျော်ဇင်သန်းထိုက်ကို မျှော်လင့်တကြီး ကြည့်သည်။

“ရေသူမဆိုတာ ဘယ်လိုပုံစံလဲ”

ရွှေရုပ်လွှာ ခေါင်းကုတ်လိုက်သည်။

“ဒုက္ခပဲ. . သူ ပြန်သတိရလာအောင် အဲဒီကားကို ပြန်ပြရမလို ဖြစ်နေပြီ”

“ဘယ်ကားကို ပြောတာလဲ”

“ရှင် ကျွန်မကို အင်္ဂလိပ်ရေသူမနဲ့ မြန်မာရေသူမ အခွေမှားပေး လိုက်တာလေ. . . မှတ်မိလား”

“ဟင့်အင်း. . . မမှတ်မိဘူး”

ရွှေရုပ် စိတ်ညစ်သွားသည်။

“ကဲပါ. . ဒါဆိုလည်း နောက်မှ ဖြည်းဖြည်းချင်း စဉ်းစားပေါ့”

ကျော်ဇင်သန်းထိုက် ရွှေရုပ်လွှာရဲ့မျက်နှာလေးကို တစ်ချက် ကြည့်ရင်း. .

“မင်း ကိုယ့်ကိုချည်းပဲ ဂရုစိုက်မနေနဲ့. . မင်းကိုယ် မင်းလဲ ဂရု စိုက်ဦး”

“ရှင်. . ကျွန်မက ဘာဖြစ်လို့လဲ”

“မင်းကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ နှုတ်ခမ်းတွေလည်း ခြောက်





နေတယ်. . အားမရှိဘူး ထင်တယ်”

ရွှေရုပ်လွှာ ဝန်ခံလိုက်သည်။

“ဟုတ်တယ်. . ဒီရက်ပိုင်းအတွင်း ပင်ပန်းလို့ သိပ်အိပ်မပျော်ဘူး သွေးအားနည်းနေသလိုပဲ”

“အားဆေးတစ်လုံးလောက် သောက်လိုက်ပါလား”

“ရပါတယ်”

“နေရတာ သက်သာရဲ့လား”

“တစ်ချက် တစ်ချက် ခေါင်းထဲမှာ မူးနေတာကလွဲပြီး ပြဿနာ မရှိပါဘူး”

“မင်း အရမ်းပင်ပန်းနေရင် စားပြီးတာနဲ့ ပြန်လိုက်တော့လေ၊ အိမ်မှာ တစ်ရေးလောက် အိပ်လိုက်ပေါ့”

“အင်း”

ရွှေရုပ်လွှာ ပြုံး၍ ခေါင်းညိတ်လိုက်သည်။ သူမချစ်သူတုန်းကတောင် ဒီလောက် ဂရုမစိုက်ခဲ့။

အတိတ်မေ့နေတဲ့ ကျော်ဇင်သန်းထိုက်တောင် သူမကို ဒီလောက် ဂရုစိုက်လျှင် အရင်ကျော်ဇင်သန်းထိုက်သာဆို နေထိတောင် ခံမှာမဟုတ်ဟု မဆီမဆိုင် တွေးမိလိုက်သေးသည်။

ထို့နောက် ခေါက်ဆွဲကြော်စားရင်း ခေါင်းမူးပြေသွားအောင် သံပုရာရည်ပါ တွဲသောက်လိုက်သည်။

စားသောက်ပြီး ပါးစပ်မှ အဆီတွေကို တစ်ရှူးဖြင့် သုတ်ရန် ကျော်ဇင်သန်းထိုက်က ကိုယ်တိုင် ကမ်းပေးသည်။

ရွှေရုပ်လွှာ ကျော်ဇင်သန်းထိုက်ပေးသော တစ်ရှူးဖြင့် နှုတ်ခမ်းကို သုတ်နေစဉ် သူ့ဆီမှ သတိပေးစကား ထပ်ထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရောက်ရင် ဆေး ချက်ချင်း မသောက်နဲ့နော်"

"ဘာဖြစ်လို့လဲ"

"သံပုရာရည်နဲ့ အင်္ဂလိပ်ဆေးနဲ့ တွဲသောက်လို့ မရဘူး"

ရွှေရုပ်လွှာ အံ့သြသွားသည်။

"ရှင်! ရှင်က အတိတ်သာမေ့တာ ဒါကျတော့ သိတယ်"

"အဲ. . ဟို အဲဒါက အိမ်က လူတွေ မနက်ကပြောတာ သတိရလို့ပါ"

"သြော်"

ရွှေရုပ်လွှာ အတွေးထဲမှာ စန္ဒာနှင့်သန္တာတို့ ပြောခဲ့သော စကား တစ်ခုကို ပြန်အမှတ်ရမိသည်။

အဲဒါက သူမကို တွေ့စတည်းက ကျော်ဇင်သန်းထိုက်က ကြွေ သွားတာတဲ့။ အဲဒီတော့ သူ့ရင်ထဲက အချစ်တွေ တစ်ဖန် ပြန်နိုးထလာတဲ့ အချိန်မှာ အတိတ်ကို ပြန်သတိရကောင်း ရလာလိမ့်မယ်တဲ့။

ရွှေရုပ်လွှာ စမ်းသပ်ချက်တစ်ခုကို အရဲစွန့်ပြီး လုပ်ရန် စိတ်ကူးလိုက်သည်။

ကျော်ဇင်သန်းထိုက်မျက်နှာကို သေချာစိုက်ကြည့်ပြီး

"ကျော်ကျော်"

"ဘာပြောမလို့လဲ ရွှေရုပ်. . ပြန်တော့မလို့လား"

"မပြန်ခင် ရှင့်ကို မေးစရာတစ်ခုရှိလို့"

"ဘာမေးမှာလဲ"

ရွှေရုပ်လွှာ ကျော်ဇင်သန်းထိုက်ရဲ့ မျက်ဝန်းတွေကို သေချာ စိုက်ကြည့်ပြီး ရှက်ရှက်နှင့်ပင် မေးချလိုက်သည်။





"ရှင်. . ကျွန်မကို ချစ်လား"

မထင်မှတ်တဲ့မေးခွန်းကြောင့် ကျော်ဇင်သန်းထိုက် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဘယ်. . ဘယ်လို"

"ရှင် ကျွန်မကို ချစ်လားလို့"

ချစ်သူရဲ့အမေးပုစ္ဆာက နှလုံးသားတစ်ခုလုံးကို ဗိုင်းရပ်စ် တိုက်သွားစေသည်။

"ဘာ. . ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့ပေါ့. . . အတိတ်မမေ့ခင်က ရှင် ကျွန်မကို သိပ်ချစ်ခဲ့တယ်လို့ သူငယ်ချင်းတွေ ပြောကြတယ်. . အခု အတိတ်မေ့နေတော့ရော. . . ချစ်သေးလားလို့"

ဘုရား. . ဘုရား၊ တစ်သက်နဲ့တစ်ကိုယ် ဖြေလာသမျှ မေးခွန်းထဲမှာ ဒီမေးခွန်း အခက်ဆုံးပါလား။

ဘယ်လို ဖြေရမလဲ။

ကျော်ဇင်သန်းထိုက်ရဲ့ အဖြေလွှာမှာ ရေဒါတွေ အပြေးလာတော့။ ဦးနှောက်ကို နှလုံးသားနဲ့ ကွန်ပျူတာတစ်လုံးလို ချိတ်ဆက်ပြီး ဖြေချလိုက်ပုံက

"အား. . မူးလိုက်တာ၊ စဉ်းစားလို့ မရတော့ဘူး"

ရွှေရုပ်လွှာ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက်သည်။

"ကဲ. . ကဲ၊ စဉ်းစားလို့မရရင် မစဉ်းစားနဲ့တော့ ပြန်ကြမယ်"

"ကောင်းပြီလေ. . . သွားကြတာပေါ့၊ ကိုယ် ရှင်းလိုက်မယ်"

"မလုပ်ပါနဲ့ ကျွန်မ ရှင်းမယ်"

"ဘယ်ဟုတ်မလဲ. . မင်းက ကိုယ့်အတွက် အချိန်သေချာ ပျော့တ်



www.burmeseclassic.com

www.burmeseclassic.com



သွားပေးတာ ကိုယ် ရှင်းရမှာပေါ့"

"ဒါဆိုလည်း သဘောပဲ"

အပြန်လမ်းမှာ ရွှေရုပ်လွှာ ခေါင်းတွေ တရိပ်ရိပ်နှင့် ထိုးတက်နေသည်။

"အား. . ကျွတ် ကျွတ်"

"ရွှေရုပ်. . သက်သာရဲ့လား"

"ကျွန်မ. . ကျွန်မ ခေါင်းတွေ တအားမူးနေတယ်. . လမ်းတောင် ဆက်မလျှောက်ချင်တော့ဘူး"

ရွှေရုပ်လွှာ အားမရှိတော့။ နေကလည်းပူ သွေးပေါင်တွေလည်း ကျနေပုံရပြီး ဖြစ်နိုင်လျှင် လမ်းမပေါ်မှာ ပစ်လှဲလိုက်ချင်သည်။

ဒါပေမယ့် ဒီလိုလုပ်လို့ မဖြစ်။

ကျော်ဇင်သန့်ထိုက် ရွှေရုပ်လွှာကိုကြည့်ပြီး စိုးရိမ်လာသည်။

"မဖြစ်တော့ဘူး. . . ဒီပုံအတိုင်းဆို မင်း ဆေးခန်းသွားမှ ဖြစ်မှာပါ. . . ပေး ပေး ကိုယ့်ကို ထီးပေးထား. . ကိုယ့်လက်မောင်းကို တွဲပြီးလျှောက်"

ရွှေရုပ်မှာ ကျော်ဇင်သန့်ထိုက်လက်ထဲ ထီးထည့်ပေးပြီး သူ့ လက်မောင်းကို တွဲ၍ ဆက်လျှောက်သည်။

"မင်း. . ရရဲ့လား"

ရွှေရုပ်လွှာ ဟန်မဆောင်နိုင်တော့။ ခေါင်းတွေလေးပြီး မျက်လုံးတွေ ပြာဝေလာသည်။

"ကျွန်မ. . ကျွန်မ မရတော့ဘူး. . . ခေါင်း ရှင့်ပခုံးပေါ် ခဏမှီထားပါရစေ"

"မှီပါ ရွှေရုပ်ရယ်. . သက်သာသလိုနေ၊ ကိုယ် မင်းကို ဆေးခန်း





လိုက်ပို့ပေးမယ်. . . အားတင်းထား သိလား"

ရွှေရုပ်လွှာ ကျော်ဇင်သန့်ထိုက်ပခုံးပေါ် မှီပြီး လက်မောင်းကို တွဲကာ အားတင်းပြီး လျှောက်နေရသည်။ မသိတဲ့လူတွေဆို သူမတို့ နှစ်ယောက်ကို သမီးရည်းစားလားဟု ထင်ကြသည်။

သူမ ဂရုမစိုက်နိုင်။ ဒီအချိန်မှာ ကိုယ့်ဝေဒနာကိုယ်ပဲ သိသည်။

ကျော်ဇင်သန့်ထိုက် တက္ကစီတစ်စီးကို အမြန်ဆုံးငှားပြီး ရွှေရုပ်တို့ တွဲတင်ကာ အနီးဆုံးဆေးခန်းသို့ အမြန်ဆုံး လစ်တော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"သွေးပေါင်တွေ အရမ်းကျနေတယ်. . . အခု လောလောဆယ် ဂလူးကို့စ် သွင်းပေးထားတယ်၊ သက်သာသွားမှာပါ. . လောလောဆယ် သူ နားပါစေ"

ဆရာဝန်၏ စကားကြောင့် စိတ်အေးသွားရသော်လည်း ပက်လက်ကုလားထိုင်ပေါ်မှာ ဂလူးကို့စ်ပုလင်းချိတ်၍ အိပ်ပျော်နေသော ရွှေရုပ်လွှာကိုကြည့်ပြီး .စာနာမိသည်။

ကျော်ဇင်သန်းထိုက် ရွှေရုပ်လွှာရဲ့မျက်နှာလေးကို မက်မက်မောမော စိုက်ကြည့်ပြီး လက်လေးနှစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ ဆရာဝန်လစ်သောအခါ ကျော်ဇင်သန်းထိုက် ရွှေရုပ်ကို တိုးတိုးလေး ခေါ်ကြည့်သည်။

"ရွှေရုပ်. . . ရွှေရုပ်"

ရွှေရုပ်က မနိုး။

သူမ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာပဲ ဖြစ်မည်။ အိပ်ပါစေလေ။ သူ အိပ်ပျော်နေမှ ကိုယ့်ခံစားချက်တွေ ရင်ဖွင့်လို့ ရမှာကိုး။

"ရွှေရုပ်ရယ်. . . မင်းကတော့ အပြစ်ကင်းလိုက်တာနော်. . . မင်း ခုလို ပုလင်းချိတ်ရတာ ကိုယ့်ကြောင့်ပါ။ ကိုယ့်ကြောင့် မင်းရဲ့ အချိန်တွေ ဆုံးရှုံးတယ်၊ ခွန်အားတွေ ဆုံးရှုံးတယ်၊ ကိုယ်မှားပါတယ်။





နောက်တစ်ခါ မင်းကို ဒုက္ခမပေးတော့ပါဘူး"

ကျော်ဇင်သန်းထိုက် ရွှေရုပ်လွှာရဲ့ လက်ချောင်းလေးတွေကို နူးညံ့စွာ ဆုပ်ကိုင်ထားရင်း ပြုံးလိုက်သေးသည်။

"ကိုယ် မင်းရဲ့လက်ကလေးတွေကို ဒီလိုဆုပ်ကိုင်ခွင့်ရမယ်လို့ အိပ်မက်တောင် မမက်ခဲ့သူပါကွာ. . ခုတော့ ကိုင်ခွင့်ရပြီ၊ မင်းလက်ကလေးတွေက နူးညံ့နေတာပဲနော်၊ ဒါပေမယ့် ကိုယ်မပျော်နိုင်ပါဘူး ပိုင်ရှင်ခွင့်မပြုဘဲ ခိုးစားတဲ့အသီးလို မင်း အိပ်နေတုန်း ခိုးကိုင်ရလို့လေ၊ ခုချိန်မှာ ကိုယ် မင်းကို နမ်းလိုက်ရင်လည်း ရတယ်သိလား၊ ဒါပေမယ့် ကိုယ်မလုပ်ရက်ပါဘူးကွာ၊ ပါး နမ်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်း ကိုယ့်ကို အမုန်းကြီး မုန်းထားတာ ဘာမှ မကြာသေးဘူး၊ ဒီတစ်ခါ ထပ်မုန်းရင် ကိုယ် သေလိမ့်မယ်. . . ပြောမယ့်သာ ပြောရတာပါလေ မင်း ကိုယ့်ပါးကို နမ်းလိုက်တုန်းကများဆိုရင် ခန္ဓာကိုယ်မှာရှိတဲ့ သွေးကြောတွေ ပြောင်းပြန် ဖြတ်စီးသွားသလိုပဲ၊ ဂလဲ့စားချေချင်တဲ့ စိတ်ကြောင့်သာ မဟုတ်ဘူးဆိုရင် မင်းရဲ့အနမ်းတစ်ချက်နဲ့တင် ကိုယ်သေလို့ရတယ်သိလား၊ မင်း ကိုယ့်အနားမှာ နေပေးတဲ့ အချိန်တွေဟာလည်း ကိုယ့်အတွက် ပြန်မရနိုင်တဲ့ အိပ်မက်လှလှလေးတွေပါပဲ။ ဒါပေမယ့် ကိုယ် မင်းကို ဒုက္ခမပေးချင်တော့ပါဘူး ရွှေရုပ်ရယ်၊ နောက်နေ့ကျရင် ကိုယ် တကယ် အတိတ်မမေ့ဘူး ဆိုတာ မင်းရှေ့မှာပဲ ဝန်ခံလိုက်တော့မယ်၊ အဲဒီအတွက် ပါးထစ်ရိုက်မယ် ဆိုရင်လည်း ရိုက်လိုက်ပါတော့၊ ကိုယ် ကျေကျေနပ်နပ်ကြီး ခံယူမယ် အဲဒီလိုမှ ဟန်မဆောင်ခဲ့ရင် မင်းဆီက အခုလို ဂရုစိုက်မှုတွေ ပြုစုမှုတွေ ဘယ်ရနိုင်ပါ့မလဲနော်၊ အဲဒီလိုသာ အမြတ်တနိုးရှိမယ်ဆိုရင် ကိုယ်က တကယ် အတိတ်မေ့ချင်နေတဲ့သူပါ ရွှေရုပ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်သန်းထိုက်ရဲ့ စကားသံတွေကို ရွှေရုပ်လွှာကတော့ အိပ်စက်ခြင်းဖြင့် တုံ့ပြန်နေသည်။

ဒါပေမယ့် သူမရဲ့နှုတ်ခမ်းလေးတွေက နိုးထနေသလိုပါပဲ။ တစ်ခုခုကို ပြောချင်နေသလိုလို။

"ကိုယ့်သူငယ်ချင်း လေးပွင့်ဖြူကတော့ ပြောတယ်၊ ကိုယ့်ရဲ့ အချစ်က အချစ်စစ်မဟုတ်ဘူးတဲ့၊ မင်းကို ရယူပိုင်ဆိုင်လိုမှု အတ္တသက်သက်တဲ့၊ ဒါကသူ့အထင်ပါ ရွှေရုပ်ရယ်၊ အချစ်ဆိုတဲ့ အဓိပ္ပာယ်ကို သိပ္ပံပညာရှင်တွေတောင် တိကျတဲ့အဖြေ ထုတ်နိုင်တာမဟုတ်ပါဘူး။ အချစ်ဆိုတာ ရေလိုပါပဲ၊ ကိုယ်လိုရာဆွဲပြီး အဓိပ္ပာယ်ကောက်ကြတဲ့ အတိုင်း လိုချင်သလို ပုံစံခွက်ထဲထည့်လိုက်တာနဲ့ ပုံသဏ္ဌာန် ပြောင်းလဲသွားတတ်ကြတာမျိုးပါ။ ကိုယ့်ရဲ့အချစ်ကတော့ အတ္တကြီးတယ်ပဲပြောပြော ကိုယ်တကယ်ချစ်တဲ့ မင်းကို ရယူပိုင်ဆိုင်ချင်တယ်၊ အဲဒီအတွက် တုံးတိုက်တိုက် ကျားကိုက်လိုက် ကိုယ်ရအောင်ယူမယ်၊ အဲဒါ မှားလား ရွှေရုပ်၊ ကိုယ့်အတွက်ကတော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲ၊ ကိုယ်ချစ်တဲ့သူကိုမှ ရအောင်မယူနိုင်ရင် ဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

ကျော်ဇင်သန်းထိုက် စကားတွေပြောတာ များသွား၍ တံတွေးမျိုချပြီး ဆက်ပြောသည်။ ဒီလိုအခွင့်အရေးရဖို့ ရွှေရုပ်လွှာ အိပ်ပျော်နေမှ ဖြစ်တာလေ။ စိတ်ရှိတိုင်း ရင်ဖွင့်လို့ ရတာပေါ့"

"ကိုယ် အတိတ်မေ့ချင်ဟန်ဆောင်ရတဲ့အထဲမှာ မင်းမဟုတ်သဲ တခြားတစ်ယောက်ဖြစ်တဲ့ ကိုယ့်သူငယ်ချင်းလေး ပွင့်ဖြူနဲ့ လက်ထပ်ရမှာ ကြောင့်လည်းပါတယ်၊ မိဘတွေက အတင်းစီစဉ်ကြပေမယ့် ကိုယ် သူ့ကိုမချစ်ဘူး၊ အဲဒါကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုပြီး





ဟန်ဆောင်လိုက်တာပါ ရွှေရုပ်ရယ်. . . . မင်းကို တမင် လိမ်တာ မဟုတ်ပါဘူး၊ မင်း ကိုယ့်ကို ကော်ဖီဆိုင်မှာ မေးခဲ့တယ်နော်. . . ရှင်တွန်မကို အတိတ် မမေ့ခင်က သိပ်ချစ်ခဲ့တယ်လို့ သူငယ်ချင်းတွေက ပြောတယ်၊ အခု အတိတ်မေ့နေတော့ရော ချစ်သေးလားတဲ့၊ စိတ်ထဲမှာ ရှိတဲ့အတိုင်းသာ ပြောလိုက်ရရင် ဦးနှောက်ထဲက ဆဲလ်တွေ အားလုံး သေပြီး အခန်းတွေပျက်သွားရင်တောင် မင်းကို ချစ်တဲ့အချစ်က နှလုံးသားမှာ တည်နေတာပါ၊ အတိတ်ကလည်း ချစ်ခဲ့တယ်၊ ပစ္စုပ္ပန်လည်း ချစ်နေတယ်၊ အနာဂတ် မှာလည်း ချစ်ဦးမယ်၊ အဲဒါကို ပြောခွင့်မသာခဲ့လို့သာ မပြောလိုက်ရတာပါ၊ အခု ကိုယ်ပြောတဲ့ စကားတွေ မင်းကအိပ်နေလို့ မကြားနိုင်ပေမယ့် ကိုယ့်ရင်ထဲက စကားတွေ မင်းရှေ့မှာ ရင်ဖွင့်လိုက်ရလို့ ပေါ့သွားပါပြီ၊ မနက်ဖြန် ကျရင်တော့ မင်းကို အဖြစ်မှန်တွေအားလုံး ရှင်းပြပြီး ရိုးသားစွာနဲ့ ပြန်လည်ချဉ်းကပ်တော့မယ်၊ ပြတ်သွားတဲ့ မင်းချစ်သူနေရာမှာ မင်းတို့ ဆံပင်အဆုံးခံပြီး ချစ်တဲ့ကိုယ်နဲ့ အမြန်ဆုံး အစားထိုးနိုင်ပါစေ. . ရွှေရုပ်ရယ်. . . အိပ်မက်လှလှမက်ပါစေ"

ကျော်ဇင်သန်းထိုက် ရွှေရုပ်ကို ဆုမွန်ကောင်းတောင်းပေးပြီး လက်ကလေးကို အသာအယာလွှတ်၍ အနားမှ ထွက်သွားလိုက်တော့သည်။

သူမ အိပ်ရာက နိုးရင်တော့ အိမ်တိုင်ရာခေျာက် လိုက်ပို့ပေးပြီး အနားယူခိုင်းတော့မည်လေ။

မနက်ဖြန်ကျရင်တော့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ရွှေရုပ်လွှာ လန်းဆန်းတက်ကြွမှုအပြည့်ဖြင့် အခွေဆိုင်မှာ ထိုင်ပြီး တစ်ယောက်သောသူကို စောင့်မျှော်နေမိသည်။

အဲဒါ ဘယ်သူများပါလိမ့်။

နောက်တော့ သိရပါမည်။

ရွှေရုပ်လွှာလက်မှ နာရီကို ကြည့်လိုက်ရာ ရှစ်နာရီထိုးဖို့ သုံးဆယ့်ငါးမိနစ်။

မကြာမီတွင် ကိုရီးယားကားပြီး၍ အခွေငှားသူများ တဖွဲဖွဲလာ ကြတော့မည်။ မြန်မာစံတော်ချိန် ညရှစ်နာရီထိုးဖို့ မိနစ်သုံးဆယ်။

ပထမဆုံး စတင်ရောက်လာသူက

"သမီး. . မူးမူးရူးရူး ရင်ထဲကဦး ရှိလား"

"အန်ကယ်ကလည်း မူးမူးရူးရူးနဲ့မှား ဖတ်နေပါပြီ. . . ရူးရူးမူးမူး ရင်ထဲကဦးပါ"

"ဟေ. . ဟုတ်လား၊ အန်ကယ်က မူးမူးရူးရူးမှတ်လို့ ရူးရူးမူးမူး ဆိုရင်တော့ မငှားတော့ဘူး၊ အန်ကယ်က အချစ်ဇာတ်လမ်းကြည့်ချင် တာမဟုတ်ဘူး၊ မူးမူးရူးရူး ရင်ထဲကဦးထင်ပြီး မင်းသားက ဘယ်လောက်





တောင် သောက်လဲ အတုခိုးချင်လို့၊ ရူးရူးမူးမူးရင်ထဲကဦး ဆိုရင်တော့ ပြန်တော့မယ်. . အေ့"

အခွေငှားသူ အရက်သမားကြီးက ဂျိုထိုးပြီး ပြန်ထွက်သွားရာ ရွှေရုပ်လွှာ ခေါင်းကုတ်ပြီး ကျန်ခဲ့သည်။

"ဘယ်လိုကြီးလဲ. . . မူးမူးရူးရူးနဲ့ရူးရူးမူးမူးမှားတာနဲ့ မငှားတော့ဘူး မူးမူးရူးရူးနဲ့"

မြန်မာစံတော်ချိန် ညရှစ်နာရီထိုးဖို့ နှစ်ဆယ့်ငါးမိနစ်အရောက်၊

"နှလုံးသားဗီဒီယိုထုတ်လုပ်ရေးက ရိုက်တဲ့ မင်းရွှေမှာ ဒူးထောက် ရန် စက္ကန့် ၁၅၀၀ အလိုဆိုတဲ့ကား ရှိလား"

ရွှေရုပ်လွှာက ပြုံးလိုက်ရင်း

"အဲဒီကားက ဆင်ဆာခွင့်မပြုလို့ မထွက်ပါဘူးရှင်"

"ဒါဆို ရွှေရုပ်ကလေးကိုမှ လိုချင်တယ်ဆိုတဲ့ အခွေရော"

ရွှေရုပ် ခေါင်းယမ်းလိုက်ရင်း

"အဲဒီအခွေက မထွက်သေးပါဘူး"

"ဒါဆို ကိုယ် မင်းကို ကြင်နာခွင့်ပြုပါ"

ရွှေရုပ်က မျက်စလေးပစ်လိုက်ရင်း

"မရပါဘူး"

"ကိုယ့်ကို အရူးမလုပ်ပါနဲ့"

ရွှေရုပ်က နှုတ်ခမ်းလေး မဲ့လိုက်ရင်း. . .

"မရှိသေးပါဘူး"

"အသေခံမလား၊ ပြန်ချစ်မလား"

ရွှေရုပ် ရယ်ချင်သွားပြီး. .

"အသေခံမယ်. . အဲဟုတ်ပါဘူး အဲဒီခွေ လာအောင်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်သန်းထိုက် နည်းနည်း ကြောင်သွားသည်။

"ရွှေရုပ်. . ကိုယ် မင်းကို အခွေနာမည် ပေါက်ကရတွေ ပြောနေတာလေ. . . မင်းစိတ်ထဲမှာ ကိုယ် အတိတ်ကအကြောင်းအရာတွေ ပြန်သတိရလာလို့ တစ်ချိန်က မင်းကို ပိုးပန်းတဲ့အတိုင်း ပြန်ပြောနေတယ်လို့ မထင်မိဘူးလား"

"ဟင့်အင်း. . . မထင်မိပါဘူး"

"ဘယ်. . ဘယ်လို"

"ဟုတ်တယ်လေ. . . မနေ့က ဆေးခန်းမှာ ကျွန်မ အိပ်နေတယ်ထင်ပြီး ရှင် ဇာတ်စုံခင်းသွားတာ အကုန်ကြားသားပဲ၊ အိပ်ချင်ယောင်ဆောင်ပြီး မှိန်းနေတာ"

"ဟင်"

ကျော်ဇင်သန်းထိုက် ပါးစပ်အဟောင်းသားနှင့် ဘာပြောရမှန်းမသိဖြစ်သွားသည်။

ဘယ်သူမှ မသိဘူးထင်ပြီး ရင်ထဲက အချစ်တွေကို Folder ထဲထည့်သိမ်းလိုက်ကာမှ အဲဒီ Folder က ချစ်သူရဲ့ Folder ဖြစ်နေတာ ဘာမှ မတတ်နိုင်တော့။ ဘယ်သူမှတော့ မသိဘူး။ သူသိသွားပြီ။

"ရွှေရုပ်. . . ရွှေရုပ် ကိုယ့်ကို ခွင့်လွှတ်လားဟင်"

မရဲတရဲ မျှော်လင့်ချက်နှင့် မေးရာ ချစ်သူက မသဲမကွဲ ပြန်ဖြေသည်။

"ရှင်က ခွင့်လွှတ်စေချင်လို့လား"

"ခွင့်လွှတ်ပါဆိုတာထက် ကိုယ့်ကို မမုန်းပါနဲ့လို့ အမိက တောင်းဆို ပါရစေ၊ မင်းရဲ့အမုန်းကို ခံယူမယ့်အစား ဒူးရင်းသီးပဲ ဖင်ခုထိုင်လိုက် ချင်တယ်"

ဖင်စုတ်မှာ မကြောက်လေရော့သလား။





ကျော်ဇင်သန်းထိုက်ရဲ့ ဇီးရွက်လောက်ရှိသော မျက်နှာငယ် လေးကို ကြည့်ပြီး ရွှေရုပ်လွှာ တစ်ချက်ရယ်သည်။

ပြီးတော့ ကျော်ဇင်သန်းထိုက်နှင့်အတူ မတ်တတ်ထရပ်လိုက်ရင်း. . .

"ကျွန်မ ရှင့်ကို ခွင့်မလွှတ်စရာ ဘာအကြောင်းမှ မရှိပါဘူး ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်ချင်ရင် စာသားတွေကို ရိုးရိုးကြီး တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ပြီး ပရိယာယ်ဆင်ရေးရသလို အချစ်တစ်ခု မှတ်ကျောက်တင်ခံဖို့အတွက် ရိုးရိုးကြီးမချစ်ဘဲ လိမ်ညာမှု ဟန်ဆောင်မှု ပရိယာယ်တွေနဲ့မှ ပိုပြီး လှပသွားမှာပေါ့။ အဓိကကအချစ်စစ်ဖို့ပဲ မဟုတ်လား"

"ဒါ. . ဒါဆို ကိုယ့်ကို လူလိမ်၊ လူညာလို့ မြန်မာဗီဒီယိုတွေထဲကလို မစွပ်စွဲဘူးပေါ့"

"ဟင့်အင်း. . မစွပ်စွဲပါဘူး၊ ရှင်လိမ်တာ ဘာကြောင့်လဲ၊ ကျွန်မအချစ်ကို ရဖို့ပဲ မဟုတ်လား၊ ရှင်ညာတာ ဘာကြောင့်လဲ၊ ကျွန်မကြောင့် ရှင့်ရဲ့ ကြိုးစားမှုတွေ အားလုံးက ကျွန်မကို ချစ်လို့ပဲလေ၊ အဲဒီအတွက် ဘာကြိုးစားမှုမှမပါဘဲ ကျွန်မအချစ်ကို စတားလုံး သက်သက်နဲ့ ရယူခဲ့တဲ့ မင်းထင်ကျော်ထက်စာရင် ရှင်တာ ဝတ်ထူး ထွက်ပါတယ်၊ ကျွန်မ ရှင့်ကို နားလည်ပါတယ် ကျော်ကျော်"

ကြားရတဲ့စကားလုံးတွေက နားစည်အမြှေးပါးမှတစ်ဆင့် နှလုံးသားထဲကို ပျားရည်မြစ်လို စီးဆင်းသွားစေသည်။

အိပ်မက်တွေ ခမ်းနားခဲ့ပြီပေါ့။

"ဝမ်းသာလိုက်တာ ရွှေရုပ်ရယ်၊ ဒါဆို တို့လို့ချစ်တယ်နော်"

ကျော်ဇင်သန်းထိုက်ကပြောပြီး ရွှေရုပ်လွှာရဲ့ သပ်သေး နုစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်လွှာက ကျော်ဇင်သန်းထိုက်ကို ဘာမှ မပြောသေးဘဲ နှုတ်ခမ်းလေးကိုက်၍သာ ပြုံးပြီး ကြည့်နေသည်။

အဲဒီမြင်ကွင်းကို အခွေအပ်ရန် လာသောသူများက တွေ့သောအခါ ဆိုင်ထဲသို့ တန်းမဝင်သေးဘဲ ဗီဒီယိုကြော်ငြာပိုစတာပြားကြီးတွေနောက်မှာ ချောင်း၍ကြည့်နေကြသည်။

တစ်ယောက်စ နှစ်ယောက်စနှင့် များလာသောအခါ အခွေဆိုင်ဘေးပတ်ပတ်လည်မှာ အုပ်စုလိုက်ကြီး အတွဲချောင်းနေလိုက်ကြတာ မသိရင် အခွေဆိုင်ထဲမှာ ဆင်ဆာမဲ့ကား ရိုက်နေသလားမှတ်ရသည်။

"ရွှေရုပ် ဖြေလေ. . . ကိုယ့်ကို ချစ်လားလို့"

ရွှေရုပ်လွှာ မျက်စောင်းချိတ်၍ နှုတ်ခမ်းလေးစူပြီး

"အဲဒီအခွေ မထွက်သေးဘူး"

ရွှေရုပ်လွှာ မှုလိုက်ပုံက ကျော်ဇင်သန်းထိုက်ကို အသည်းယားပြီး ဆွဲစားချင်စိတ်ပေါက်သွားစေသည်။

"မထွက်သေးရင်လည်း ခု ရိုက်လိုက်တော့လေ၊ နှလုံးသားမြို့တော် ဗီဒီယိုထုတ်လုပ်ရေးက၊ မင်းသားက ကျော်ဇင်သန်းထိုက်၊ မင်းသမီးက ရွှေရုပ်လွှာတဲ့"

"ဒါဆို ဒါရိုက်တာကရော"

"ဒါရိုက်တာက. . . အဲ. ဒါရိုက်တာ"

ကျော်ဇင်သန်းထိုက် ဖြေရခက်နေစဉ်

"အေး. . . ဒါရိုက်တာက ငါပဲကွ၊ မင်းတို့ကို ရိုက်ဖို့ ငါလာပြီ"

အသံကြောင့် နှစ်ဦးသား ပြိုင်တူလှည့်ကြည့်မိတော့၊ ရွှေရုပ်လွှာ့အဖေကြီး။

"ဟာ. . သေပြီ"





နှစ်ယောက်စလုံး ခေါင်းဆင်နင်းခံလိုက်ရသလို ထူပူသွားသည်။

ရွှေရုပ်အဖေကြီးက ချောင်းကြည့်နေသူများကို ခွကျော်ပြီး တုတ်တစ်ချောင်းဆွဲ၍ ဆိုင်ထဲ ဝင်လာခြင်းဖြစ်သည်။

"လူတွေ အများကြီး ချောင်းကြည့်နေလို့ အထဲမှာ ဘာများဖြစ်နေလဲမှတ်ပြီး ငါပါဝင်ချောင်းတာ လက်စသတ်တော့ ငါ့သမီးကလပ်ဖ်ဆင်း ရိုက်နေတာကိုး၊ အဲဒီတော့ ငါကလဲ မိုက်တီးရဲ့ရိုက်ချက်နဲ့တွေ့ပေးရ တာပေါ့"

ရွှေရုပ်ရော ကျော်ဇင်သန်းထိုက်ပါ တိုင်ပင်မထားဘဲ ပြိုင်တူ

"ဝမ်း. . တူး. . . သရီး. . . ပြေး"

အခွေဆိုင်ရဲ့ ဘေးပေါက်မှ နှစ်ယောက်သား လက်ချင်းချိတ်ပြီး ခွေးပြေးဝက်ပြေး ပြေးကြတော့သည်။ ပြေးရင်းလွှားရင်းနဲ့မှလည်း မပြတ်သေးသော မေးခွန်းကို ဆက်သည်။

"ရွှေရုပ်. . ကိုယ့်ကို အဖြေပေးဦးလေ. . ချစ်လားလို့"

"ဟာ. . ရှင်ကလည်း အရေးထဲမှာ"

"ပြောပါကွာ. . . ဇာတ်က သိမ်းတော့မယ်၊ မင်း ကိုယ့်ကို ချစ်တယ်လို့ မပြောရသေးဘူး"

"ကဲ. . ချစ်တယ်ရှင့်၊ ချစ်တယ်. . ချစ်တယ်"

"ဝမ်းသာလိုက်တာ ရွှေရုပ်ရယ်"

ဒီလောက် အသည်းအသန် ပြေးနေရင်းနဲ့မှ ချစ်သူဆီက အဖြေကို ရအောင်တောင်းသော ကျော်ဇင်သန်းထိုက်ရဲ့ ဇွဲက တော့ လက်မထောင်လောက်ပါသည်။

မင်းသားနဲ့မင်းသမီး ချစ်သူဖြစ်သွားတဲ့အခန်းက အခုလိုအတွဲတွေလို အေးအေးဆေးဆေး ကြည်နူးနေရမယ့်အစား ပြေးပြေးလွှားလွှား



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရတာ ကဗျာမဆန်လှချေ။

ကဗျာဆန်သွားတာ တစ်ခုတော့ ရှိသည်။

အဲဒါ ဘာလဲဆိုတော့ ရွှေရုပ်အဖေကြီး တုတ်တစ်ချောင်းနှင့် သူတို့နောက်ကို ပြေးလိုက်နေရင်း ပုဆိုးကျွတ်ကျပြီး မှောက်ရက်လဲသွားခြင်းဖြစ်သည်။

♥ ♥ ♥

ပြီးပါပြီ။

မဟာဆန်စွာ ပြုံးနိုင်၍

ကဗျာဆန်စွာ ရယ်နိုင်ကြပါစေ

**မဟော့လှိုင်း**

